# မြဝတီ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday, 13 December 2021 ၁၀၅၈၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ကော့သောင်းမြို့ပင်လယ်ကျွန်းများသို့ အပန်းဖြေခရီးထွက်သူများ လာရောက်လည်ပတ်လျက်ရှိ

**ကော့သောင်း ဒီဇင်ဘာ ၁၂**

ကော့သောင်းမြို့ပင်လယ်ကျွန်းများသို့ အပန်းဖြေခရီးထွက်သူ ဒေသခံပြည်သူများအပြင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားမိသားစုများ တစ်စတစ်စပြန်လည်လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**စည်ကားလျက်ရှိ**

အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သည့် ဒီဇင်ဘာ ၁၂ ရက် တနင်္ဂနွေနေ့ နံနက်ပိုင်းက ပင်လယ်ကျွန်းအပန်းဖြေခရီး သွားရောက်သည့်သူများ မိသားစုအလိုက်၊ အစုအဖွဲ့များအလိုက် မိမိတို့ သွားရောက်လည်ပတ်ကြမည့် ပင်လယ်ကျွန်းများရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီ၏ ပို့ဆောင်ပေးမည့် Speed Boat များ၊ ခရီးသွားဧည့်သည်များဖြင့် ကော့သောင်းမြို့ ဘုရင့်နောင်ဆိပ်ကမ်းဇာတံတားတွင် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**ပြန်လည်အသက်ဝင်လာ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုကာလတစ်လျှောက် ကော့သောင်းမြို့၏ ပင်လယ်အပန်းဖြေခရီးသွားလုပ်ငန်းကဏ္ဍ ရပ်ဆိုင်းခဲ့ရပြီး ယခုအချိန်ကာလအတွင်း နိုင်ငံတော်မှ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုစည်းကမ်းချက်များနှင့်အညီ ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုပြီးချိန်တွင် ယခင်ကာလများက စည်ကားခဲ့သည့် ကော့သောင်းဒေသ၏ ပင်လယ်အပန်းဖြေခရီးသွားလုပ်ငန်း ပြန်လည်အသက်ဝင်လာကာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

**ယနေ့ ဖတ်စရာ**


**ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် စုပေါင်းဝန်ထမ်းအိမ်ရာ ၇၈ လုံးမှ အခန်းပေါင်း ၅၁၀ ကို တည်ဆောက်ပေး** စာမျက်နှာ » ၃

**စာပေကျေးဇူး** စာမျက်နှာ » ၆

**ဗြိတိန်၌ တစ်ရက်အတွင်း အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်ခံရသူ ၆၃၃ ဦးဖြင့် နေ့စဉ် ကူးစက်မှု စံချိန်တင်** စာမျက်နှာ » ၁၃

**လူမှုကွန်ရက်ကို ဘယ်လိုအသုံးပြုသွားကြမလဲ** စာမျက်နှာ » ၁၈



**ရသစုံလင် ပြုံးပျော်ရွှင်** စာမျက်နှာ » ၂၀၊ ၂၁





# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်း နှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ လေးခု၊ ယာဉ်စီးရေ ၁၀ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း တန် ၆၀ တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ် တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။



ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက် ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ် အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်) ၌ ကုမ္ပဏီ ငါးခုတို့မှ နှာခေါင်းစည်း ၁၀၂၀၂၅ ကီလိုဂရမ်၊ အောက်ဆီဂျင်(အရည်) ၁၅၃၃၁ ကုဗမီတာတို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ပန်းတနော်မြို့နယ် အင်းမချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**ပန်းတနော် ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ပန်းတနော် ငါးလုပ်ငန်းစခန်းမှ ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေး၊ ငါးသယံဇာတများ ရေရှည် တည်တံ့စေရေးတို့အတွက် ပန်းတနော်မြို့နယ် အင်းမကျေးရွာအုပ်စု အင်းမချောင်းအတွင်း ငါးမျိုးစိုက်သည့် အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်ဗိုလ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ ငါးမျိုးစိုက်ကြီးကြပ်စိစစ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရေလုပ်သားများ၊ ငါးမွေးတောင်သူများပါဝင်၍ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ နှစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ

# မတူကွဲပြားမှုများအလေးထား တိုင်းရင်းသားများချစ်ကြည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားမျိုးနွယ်စုတစ်ရာကျော် စုစည်းနေထိုင်သော ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ ပြည်ထောင်စုသားအားလုံးတို့သည် နှစ်ပေါင်းထောင်ချီ အေးအတူ ပူအမျှ မရှိအတူ ရှိအတူ ချစ်ခင်ရင်းနှီးစွာ အတူလက်တွဲနေထိုင်ခဲ့ကြသည်။ မျိုးနွယ်စုတစ်ခုချင်းစီအလိုက် ဖြစ်တည်နေသော အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများအား လေးစားတန်ဖိုးထား နားလည်ကြသည်။

ကောင်းမြတ်သောအစဉ်အလာများကို ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းတည်ရှိနေခြင်းဖြစ်သည်။ ဖြစ်ထွန်းနေသော ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းရင်းသားများ၏ စုစည်းညီညွတ်သောအားဖြင့် ဆက်လက်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ရာ တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁) ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

(၁) ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များမှာ တိုင်းရင်းသားအားလုံး၊ သက်ဆိုင်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါ။

(၂) နိုင်ငံတော်မှာ လိုအပ်လျက်ရှိတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာလာစေရေးနဲ့ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေဖို့အတွက် တိုင်းရင်းသားပြည်သူများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။

(၃) တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။

(၄) တိုင်းရင်းသားများရဲ့ မတူကွဲပြားမှုများကို အပြန်အလှန် အသိအမှတ်ပြု လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြပါ။

အထက်ပါအချက် (၄)ချက်သည် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာဝပြောရေးအတွက် စွဲမြဲစွာလက်ခံထားပြီး လုပ်ကိုင်ဆောင်ရွက်ရမည့် ပြည်ထောင်စုသားအားလုံးတို့၏တာဝန် ဖြစ်သည်။ အဆိုပါရည်မှန်းချက်တာဝန်များ မဖြစ်မနေအကောင်အထည်ပေါ်လာစေရန်အတွက် မဖြစ်မနေလုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုသည့် ပြင်းပြသောစိတ်ဆန္ဒများ ထားရှိကြရမည်ဖြစ်သည်။ ပြည်ထောင်စုသားအားလုံး၏ မျှော်လင့်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကို လိုချင်ပါလျှင် ငြိမ်းချမ်းရေးကို ရယူလိုသည့် စစ်မှန်သောစိတ်ဆန္ဒရှိရမည် ဖြစ်သည်။ ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်စေလိုလျှင် ဖွံ့ဖြိုးတိုးတက်သာယာဝပြောစေလိုသည့် စိတ်ဆန္ဒဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ ပြင်းပြသောစိတ်ဆန္ဒများဖြင့် တပေါင်းတစည်းတည်း စုပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ပြည်ထောင်စုလူမျိုးများ၏ ဖြစ်စေလိုသောဆန္ဒများမှာ လက်တွေ့အကောင်အထည်ပေါ်လာမည်ဖြစ်သည်။

အဓိကအခြေခံလိုအပ်ချက်မှာ ပြည်ထောင်စုသားအားလုံးတို့တွင် အစဉ်ကိန်းအောင်းနေရမည့် ရှိရင်းစွဲပြည်ထောင်စုစိတ်ဓာတ် ဆက်လက်ရှင်သန်ရေး ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ထက်မြက်စေရန်အတွက် တိုင်းရင်းသားပြည်သူများအားလုံး၏ မတူကွဲပြားသော အစဉ်အလာဓလေ့စရိုက်များနှင့်ယုံကြည်မှုများကို အပြန်အလှန်အသိအမှတ်ပြု လေးစားလိုက်နာကြရန် လိုအပ်သည်။ တိုင်းရင်းသားလူမျိုးစုအသီးသီးတို့၏ အစဉ်အဆက်ဖြစ်ထွန်းပြီးသားဖြစ်သည့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့လိုသည်။ တစ်ဦးနှင့်တစ်ဦး လေးစားချစ်ခင်စွာဖြင့် အပြန်အလှန်အသိအမှတ်ပြုဖို့ လိုအပ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ မတူကွဲပြားမှုများကို အပြန်အလှန်အသိအမှတ်ပြု လေးစားလိုက်နာပြီး ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်မာစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်စနစ်ကို တည်ဆောက်ရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်အိအိမွန် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ထုတ်ကုန်များ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

**နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများအတွက် စုပေါင်းဝန်ထမ်းအိမ်ရာ ၇၈ လုံးမှ အခန်းပေါင်း ၅၁၀ ကို တည်ဆောက်ပေး

**ဘားအံ ဒီဇင်ဘာ ၁၂**

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ နေထိုင်မှုဘဝ အဆင်ပြေစေရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စုပေါင်းဝန်ထမ်းအိမ်ရာ ၇၈ လုံး၊ အခန်းပေါင်း ၅၁၀ ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး မြေနေရာရရှိမှုနှင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း နေရာဒေသစုံတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာဖွင့်ပွဲအခမ်းအနားမှ သိရသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စုပေါင်းဝန်ထမ်းအိမ်ရာဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီးခင်ဇော်တို့က စုပေါင်းဝန်ထမ်းအိမ်ရာ အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က စုပေါင်းဝန်ထမ်းအိမ်ရာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



**လှည့်လည်ကြည့်ရှု**

ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အဆောက်အအုံအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် စုပေါင်းဝန်ထမ်းအိမ်ရာကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၃၃၁၃ သိန်းကျော်ဖြင့် (၆၁ ပေ ၆ လက်မ x ၅၁ ပေ x ၃၉ ပေ) အာရ်စီ အမျိုးအစား လေးခန်းတွဲ လေးထပ် အဆောက်အအုံကို အောင်မြင်ခိုင်ခန့် ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❐

❐ ရှေ့ဖုံးမှ

ဒေသခံခရီးသွားများအပြင် ပြည်တွင်းခရီးသွားဧည့်သည်များလည်း ပြန်လည်လာရောက် လည်ပတ်လျက်ရှိကြောင်း၊ အထူးသဖြင့် အများပြည်သူအားလပ်ရက်များဖြစ်သည့် စနေနှင့် တနင်္ဂနွေနေ့တို့တွင် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်လျက်ရှိကြောင်း ခရီးသွားလုပ်ငန်းကုမ္ပဏီများမှတစ်ဆင့် သိရသည်။

**လာရောက်လည်ပတ်**

ကော့သောင်းဒေသ၏ အပန်းဖြေပင်လယ်ခရီးထွက်လည်ပတ်ကြရာတွင် ခရီးသွားများ အထူးနှစ်ခြိုက်ကြသည့် သာယာလှပတင့်မောဖွယ် ကမ်းခြေသဲသောင်များ၊ အပန်းဖြေအနားယူရန်နေရာများရှိရာ အက်ဒမန်ပင်လယ်အတွင်းရှိ ညောင်ဦးဖီးကျွန်း၊ စေတန်ကျွန်း၊ မြင်းခွာကျွန်း၊ ကြက်မောက်ကျွန်း(အသည်းပုံကျွန်း)၊ ဇာဒက်ကြီးကျွန်း၊ ခရင်းခွကျွန်းနှင့် ပါရာဒိုက်များသို့ နေ့ချင်းပြန်ခရီးစဉ်အဖြစ် အများဆုံး လာရောက်လည်ပတ်ကြကြောင်း သိရသည်။

ဒေသခံ ခရီးသွားကုမ္ပဏီများ၏ ပြောပြချက်အရ ပင်လယ်အပန်းဖြေခရီးသွားမည့် ဧည့်သည်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များနှင့် အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးကြောင်း အထောက်အထားများ တင်ပြနိုင်ရမည်ဖြစ်ပြီး ခရီးစဉ်တစ်လျှောက် လက်အိတ်နှင့် ပါးစပ်နှာခေါင်းစည်းများ တပ်ဆင်ထားရန် လိုအပ်ကြောင်း၊ ပင်လယ်ခရီးစဉ်ဖြစ်သဖြင့် ခရီးသွားများ အသက်အန္တရာယ် မဖြစ်ပေါ်ရေး၊ ပင်လယ်ကြမ်းပြင် သဘာဝသယံဇာတများ၊ ဂေဟစနစ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ စည်းကမ်းချက်များ လိုက်နာရန် လိုအပ်ကြောင်း သိရသည်။



ခရီးသွားဧည့်သည် အများစုမှာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလတစ်လျှောက် မွန်းကျပ်ခဲ့သည့် မြို့ပြ၏ လူနေမှုစနစ်အတွင်းမှ လတ်ဆတ် သန့်ရှင်းသည့် ပင်လယ်လေကို အားပါးတရ ရှူရှိုက်လိုခြင်း၊ ထူးခြားဆန်းကြယ်လှသည့် ရေမြေတောတောင် ပင်လယ် သတ္တဝါများစွာ၏ သဘာဝအရှိတရားကို မျက်မြင်ကိုယ်တွေ့ခံစားလိုခြင်း စသည့် ရည်ရွယ်ချက်ဖြင့် လာရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# သာယာဝတီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**သာယာဝတီ ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများသို့ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းကို ဒီဇင်ဘာ ၁၀ ရက်နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကံရွာသစ်၊ တုံးစမ်းကျေးရွာ နှစ်ရွာတစ်ယူနစ်အတွက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် သရက်ဖြူကန်၊ ကိုးပင်ရိုး၊ အောက်ဂုံမင်းမြောင်၊ ကျီးချောင်း၊ ကွမ်းခြံကုန်း ကျေးရွာငါးရွာအတွက် တစ်ရွာလျှင်စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ရာ သက်ဆိုင်ရာကျေးရွာကော်မတီဝင်များက လက်ခံရယူကြသည်။

အခမ်းအနားသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုနှင့် အောက်ဆီဂျင်စက်ရုံတည်ဆောက်နိုင်ရေး ကြည့်ရှုစစ်ဆေး

**ဗန်းမော် ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဈေးများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေးတို့အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် မင်းမင်းကို၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ဗန်းမော်မြို့ သီရိရတနာ (အမှတ်-၁) နှင့် အမှတ် (၂) တို့တွင် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေခဲ့ကြပြီး နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရောင်းဝယ်မှုပြုကြရေး အသိပညာပေးကြကာ ဈေးများအဆင့်မြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေကို ကြည့်ရှုအားပေးခဲ့ကြပြီး ငွေကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ်ကာ နှာခေါင်းစည်းများကို ဖြန့်ဝေပေးအပ်ခဲ့ကြသည်။

**သံကူကွန်ကရစ်တံတား တည်ဆောက်**

ယင်းနောက် သာစည်ရပ်ကွက်အတွင်း ၁၃ ဧကကျော်ရှိသည့် ဂေါ်ရာကန်အား ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသာယာလှပစေပြီး အများပြည်သူအပန်းဖြေသည့် နေရာတစ်ခုဖြစ်လာရေး စီမံဆောင်ရွက်ရာတွင် ကန်၏အစိတ်အပိုင်းတစ်ခုချင်းစီအလိုက် အဆင့်မြှင့်တင်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ပင်စင်ကုန်းလမ်းပေါ်ရှိ ခိုင်ခံ့မှုမရှိတော့သည့် ပေ ၁၃၀ အရှည် သစ်သားတံတားအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လမ်းတိုးချဲ့၍ သံကူကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ရေး ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဗန်းမော်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း အောက်ဆီဂျင်စက်ရုံမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ဖိုးဒေဝကျေးရွာအတွင်း သုညသုခ ပရဟိတလူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ ထိုမှတစ်ဆင့် ဒေါ်မြစိန်မိသားစု ဥစားကြက်မွေးမြူရေးခြံ၌ ကြက်များမွေးမြူထားရှိမှုအခြေအနေကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီးရေး အလေးထားဆောင်ရွက်

**စစ်ကိုင်း ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄၀/၂၀၂၁) သို့ တက်ရောက်ကြသည်။

**ကြိုတင်ပြင်ဆင်**

တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ၅၀ ရာခိုင်နှုန်းပြီးစီးရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးရာတွင် စာရင်းများကျန်ရှိမှု မရှိအောင် တာဝန်ရှိသူများက အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါသည် ပြီးပြတ်ဦးမည်မဟုတ်သည့်အပြင် အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲအသစ်အတွက်လည်း ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်က မိမိတို့အနေဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ၊ လုံခြုံရေးလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောဂါပိုးစစ်ဆေးတွေ့ရှိမှုအခြေအနေများ၊ ဆေးရုံတက်ရောက်ကုသမှုနှင့် ဆေးရုံဆင်းမှုအခြေအနေများ၊ အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲမှု အခြေအနေများ၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုအခြေအနေများနှင့် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာကျောင်းများ အခြေပြု၍ ကာကွယ်ဆေးထိုးနှံရေး ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် သက်မှတ်လျာထားချက် ပြည့်မီရေးအတွက် ကာကွယ်ဆေးထိုးနှံမည့် အစီအမံများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**



## မကွေးတိုင်းဒေသကြီးတွင် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲ ကျင်းပ

**မကွေး ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီးအတွင်း တိုင်းလုံးကျွတ် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ညီလက်ညီ ဆောင်ရွက်**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တရားမျှတသော အထွေထွေရွေးကောက်ပွဲဖြစ်ရန် လိုအပ်သောကြောင့် မဲဆန္ဒရှင်တိုင်း ဥပဒေအရ ကိုင်ဆောင်နိုင်ရန်နှင့် နိုင်ငံသားတစ်ယောက်၏ လူမှုဘဝလုပ်ငန်းဆောင်ရွက်မှု အားလုံးတွင် အထောက်အကူပြုသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံတစ်ဝန်းလုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူများကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အား စစ်ဆင်ရေးသဖွယ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စီမံချက်အောင်မြင်ရေးအတွက် ဝန်ထမ်းအားလုံး အားကြိုးမာန်တက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်က ပန်းခင်းစီမံချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရေး ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ထမ်းများက ပန်းခင်းတေးရန့်ကြိုင်လှိုင်သည် တေးသီချင်းနှင့် လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့စသည့် တေးသီချင်းများဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကာ ပန်းခင်းမှသည် နှမ်းခင်းဆီသို့ ပညာပေးဇာတ်လမ်းတို အပိုင်း(၁) နှင့် အပိုင်း(၂) တို့ကို ပြသခဲ့သည်။

**မောင်ညီညာ**

## မွန်ပြည်နယ်တွင် ကိုယ်ကာယကြံ့ခိုင်မှုရှိစေရေး စုပေါင်းလေ့ကျင့်ခန်းဆောင်ရွက်

**မော်လမြိုင် ဒီဇင်ဘာ ၁၂**

မွန်ပြည်နယ်တွင် လူထုအားကစားလှုပ်ရှားမှုလအဖြစ် ဒီဇင်ဘာလ ဒုတိယပတ် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း စုပေါင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၆ နာရီက မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကမ်းနားလမ်း ရေပေါ်ညဈေးနေရာတွင် ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးတင်ချယ်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

စုပေါင်းကိုယ်လက်လှုပ်ရှားမှုကို အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)မှ သင်တန်းနည်းပြများက ကျန်းမာရေးအထောက်အကူပြုစေရန်နှင့် ကစားနည်းကို စိတ်ပါဝင်စားစွာ လိုက်ပါကစားနိုင်စေရန် သရုပ်ပြပေးရာတွင် ပါဝင်ကစားသူများသည် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ပါဝင်ဆင်နွှဲကြသည်။

မွန်ပြည်နယ်အနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်သူများ ကိုယ်ကာယကြံ့ခိုင်မှုရှိမှသာ ကျန်းမာပျော်ရွှင်သော ဘဝပိုင်ဆိုင်နိုင်မည်ဖြစ်သည်နှင့်အညီ မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက်တွင်လည်း အများပြည်သူ ကိုယ်လက်ကျန်းမာကြံ့ခိုင်မှုရှိစေရေး အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်နှင့် လေကောင်း၊ လေသန့်ရရှိပြီး စိတ်လက်အပန်းဖြေစရာနေရာ ဆောင်ရွက်ပေးထားသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**



# အင်္ဂပူမြို့နယ်၌ Yellow Mosaic Virus ကြိုတင်ကာကွယ်ရန် IPM နည်းဖြင့်ဆောင်ရွက်နေမှုနှင့် သရုပ်ပြဆေးဖျန်းမှု ကြည့်ရှုစစ်ဆေး



**အင်္ဂပူ ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် မကျီးကုန်းကျေးရွာရှိ တောင်သူ ဦးဝင်းမောင်၏ ဆောင်းသီးနှံမတ်ပဲစိုက်ပျိုးခင်းတွင် အင်္ဂပူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ Yellow Mosaic Virus ကြိုတင်ကာကွယ်ရန် IPM နည်းဖြင့် ဆောင်ရွက်နေမှုနှင့် သရုပ်ပြဆေးဖျန်းနေမှုအား ကြည့်ရှုစစ်ဆေးသည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်က မတ်ပဲပင်များအား IPM နည်းဖြင့်ကာကွယ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ဝန်ကြီးချုပ်က တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီးတင်ဇော်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ အင်္ဂပူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မန်းကျော်-အင်္ဂပူ(ပြန်/ဆက်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စိုက်ပျိုးမွေးမြူရေး အခြေခံသော ကုန်ထုတ်လုပ်မှုတိုးတက်ရေးကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့က လိန်းလီကျေးရွာအနီး အထက်ပေါင်းလောင်းဆည်၌ ရေပေါ်လှောင်အိမ်ဖြင့် တီလားပီးယားငါး မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ငါးမွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ ရေပေါ်လှောင်အိမ် စနစ်ဖြင့် ရေချိုငါး၊ ပုစွန် စီးပွားဖြစ် မွေးမြူနိုင်ရေးအတွက် တောင်သူနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



### ပံ့ပိုးကူညီပေးလျက်ရှိ

ငါးသယံဇာတ ဖွံ့ဖြိုးလာပြီး ဒေသတွင်း ငါးထုတ်လုပ်မှုတိုးတက်လာစေရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မိသားစုဝင်ငွေတိုးတက်ရေးအတွက် ဆည်၊ ကန်များနှင့် သဘာဝရေ အရင်းအမြစ်အမျိုးမျိုးတွင် ငါးမျိုးများနှစ်စဉ် စိုက်ထည့်ပေးလျက်ရှိသကဲ့သို့ အခြေအနေပေးသည့်ဒေသများတွင် ရေပေါ်လှောင်အိမ်စနစ် ငါးမွေးမြူရေး၊ အခြားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ လွှတ်ကျောင်းစနစ်မှ တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးသည့်စနစ် ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာပေးလုပ်ငန်းများအပါအဝင် လိုအပ်ချက်များ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ယာသီးနှံသုတေသနဌာနခွဲသို့ ရောက်ရှိကြပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းကောင်း အရည်အသွေးကောင်းမျိုးကောင်းမျိုးသန့်များ တောင်သူလက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေမှုများ၊ အဆင့်မြင့်လယ်ယာဖော်ထုတ်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ရေပေးဝေရေးလုပ်ငန်းများကို ဆွေးနွေးပြီး မြေပြန့်ဒေသနှင့် ကိုက်ညီသော အထွက်ကောင်း ပြောင်းဖူးမျိုးသုတေသနစိုက်ခင်းများနှင့်နေကြာစိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့သည်။

### ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရွှေမြို့မွေးမြူရေးဇုန်(၂)သို့ရောက်ရှိပြီး မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ နို့စားနွား၊ ဆိတ်၊ ဒေသနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ ဒေသ၏ သားငါးရိက္ခာ ဖူလုံစေရေးအတွက် တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ကျည်တောင်ရွာရှိ ပေါင်းလောင်းရေလှောင်တမံ၏ တမံကြွခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက နှစ်အလိုက် နွေစပါး၊ မိုးစပါး စိုက်ပျိုးရေပေးဝေနိုင်မှု၊ တမံအား ပုံမှန်ထိန်းသိမ်းစစ်ဆေးနေမှုကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သဘာဝအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းပြီး ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးထွက် ကျောက်အလှဆင်ပစ္စည်းများ မုံရွာပြန်လက်ဆောင်အဖြစ် ရောင်းချပေး

**မုံရွာ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွေ့ရှိရသည့် အင်ကြင်းကျောက်၊ ထန်းကျောက်စသည့် တွင်းထွက်များကို လက်ကောက်၊ ပုတီး အစရှိသဖြင့် အလှဆင်ပစ္စည်းများပြုလုပ်၍ အမှတ်တရ ဒေသထွက်ကုန်များအဖြစ် ပြုလုပ်ရောင်းချလျက်ရှိသည်။

### ပြုလုပ်ရောင်းချ

"အင်ကြင်းကျောက်၊ ထန်းကျောက်စတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းအနွယ်ဝင် ကျောက်တွေကို မုံရွာမြို့အနီး အရာတော်မြို့နယ်၊ မင်းကင်းမြို့နယ်တို့မှာတွေ့ရပြီး ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်နဲ့ ကလေးမြို့အနီးဝန်းကျင်တွေမှာ တွေ့ရပါတယ်။ မာဆင့် ၅ ဒသမ ၅ နဲ့ ၇ ကြားရှိ ကျောက်တွေထွက်ရှိပြီး လက်ရှိ မာဆင့် ၇ ရှိတဲ့ ကျောက်တွေကို မုံရွာပြန်လက်ဆောင် အချောထည်ပစ္စည်းတွေအဖြစ် ပြုလုပ်ရောင်းချနေပါတယ်။ ငွေကျပ် ၅၀၀ ကနေ ငွေကျပ် ၃၅၀၀၀၀ အတွင်းရှိတဲ့ ပစ္စည်းတွေကို ထုတ်လုပ်ရောင်းချပေးနေပါတယ်။ ရောင်းရတာက လိပ်လေးတွေ ရောင်းနေရတယ်။ မြန်မာ့ရိုးရာအယူအဆ လာဘ်ခေါ်တယ်ဆိုပြီး ရောင်းနေရပါတယ်"ဟု မုံရွာမြို့ KSM အင်ကြင်းကျောက်နှင့် ဒေသထွက်ကျောက်မျက်အမျိုးမျိုး လက်မှုပစ္စည်းနှင့် အလှဆင်ရတနာထုတ်လုပ်ရေးပိုင်ရှင် ကိုဆန်းမိုးအောင်က ပြောဆိုသည်။

မုံရွာဒေသထွက် အင်ကြင်းကျောက် ထွက်ကုန်များကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ညောင်ဦး စသည့်ဒေသများသို့ အဓိကတင်ပို့ရောင်းချကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းကည့္သွ့ခန်းအတွင်း အလှဆင်ခြင်း ရေတံခွန်ပြုလုပ်ခြင်းလောက်သာ ဝယ်ယူလေ့ရှိပြီး စင်ကာပူ၊ ထိုင်း၊ တရုတ်စသည့်အာရှနိုင်ငံအတော်များများက နှစ်သက်ကြကြောင်း သိရသည်။

လက်ရှိမြန်မာနိုင်ငံမှ ထွက်ရှိသည့်အထဲမှ နွားထိုးကြီးထွက်ကျောက်များသည် အကောင်းဆုံးဟုသတ်မှတ်ထားပြီး စစ်ကိုင်းတွင် ကျွန်းလှ၊ ကသာနှင့် ကမ္ဘာတွင် အလွန်ရှားပါးသည့် အနက်ရောင်ကို ယင်းမာပင်၌ တွေ့ရကြောင်း သိရသည်။

**လူလေး**



# ကျောက်ဆည်မြို့နယ် ဒေသတွင်းစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ၈၇၅၉၃ ပင် ပျိုးထောင်ထားရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ခုနှစ် ခြောက်လဘဏ္ဍာနှစ်တွင် အထူးစိမ်းလန်းစိုပြည်ရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့ဗဟိုပြုစိုက်ခင်းများတွင် စိုက်ပျိုးရန်အတွက် ပျိုးပင် ၁၁ မျိုး၊ ပျိုးပင်ပေါင်း ၈၇၅၉၃ ပင် ပျိုးထောင်ထားရှိကြောင်း သိရသည်။

ထိုသို့ပျိုးထောင်ထားရာတွင် သံတော်မြတ်တောင် ကြိုးပြင်ကာကွယ်တော ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၂၀ စိုက်ပျိုးရန်အတွက် ယူကလစ် ၃၃၇၅ ပင်၊ ရှား ၃၃၇၅ ပင်၊ မြန်မာကုက္ကို ၃၃၇၅ ပင်၊ မဲဇလီ ၃၃၇၅ ပင်၊ ရဒါန်းချောင်းဆုံ(မြောက်) ကြိုးဝိုင်းအကွက်အမှတ်(၁၆) တောင်တန်းစိုက်ခင်း ဧက ၄၀ စိုက်ပျိုးရန်အတွက် ယူကလစ် ၅၀၃၈ ပင်၊ ရှား ၂၅၁၈ ပင်၊ မြန်မာကုက္ကို ၅၀၃၇ ပင်၊ မဲဇလီ ၅၀၃၈ ပင်၊ ရဒါန်းချောင်းဆုံ(မြောက်) ကြိုးဝိုင်းအကွက်အမှတ်(၁၆) အခြားစိုက်ခင်း ၂၅ ဧကအတွက် ယူကလစ် ၇၅၆၃ ပင်၊ ရှား ၇၅၆၂ ပင်၊ မြန်မာကုက္ကို ၇၅၆၂ ပင်၊ မဲဇလီ ၇၅၆၃ ပင်၊ အထူးစိမ်းတစ်အုပ်တစ်မစိုက်ခင်းအတွက် တမာ အပင် ၁၅၀၀၊ မြန်မာကုက္ကို အပင် ၁၅၀၀၊ ဒဟတ် အပင် ၄၀၀၀၊ ဖျောက်ဆိပ် အပင် ၁၀၀၀၊ ယင်းမာ အပင် ၁၀၀၀၊ မာလကွတ် အပင် ၂၀၀၀၊ မုန့်ပေါင်း(မြောက်) ကျေးရွာတွင် တစ်ရွာတစ်ဧက စိုက်ခင်းစိုက်ပျိုးရန်အတွက် ယူကလစ် အပင် ၂၀၀၊ မယ်ဇလီ အပင် ၁၈၀၊ မြန်မာကုက္ကို အပင် ၃၀၀၊ မုန့်ပေါင်း(တောင်)ကျေးရွာတွင် ပြည်သူ့ဗဟိုပြုစိုက်ပျိုးရန်အတွက် ယူကလစ် အပင် ၅၀၀၊ မဲဇလီ အပင် ၃၀၀၊ လျှော်ဖြူ အပင် ၂၀၀၊ ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာဖြစ်သည့် အနောက်ရေပြားတောကျေးရွာတွင် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် သစ်မာနှစ်ပင် စိုက်ပျိုးရန်အတွက် ကျွန်း အပင် ၄၅၀၊ ယူကလစ် အပင် ၃၀၀၀ စုစုပေါင်း ပျိုးပင် ၈၇၅၉၃ ပင် ပျိုးထောင်ထားရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# စာပေကျေးဇူး

## စာချစ်သူ

အချိန်က ၁၉၉၀ ပြည့်နှစ်ဝန်းကျင်။ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ ဘုရားဖူးယာဉ်တစ်စီး ဆိုက်ရောက်လာသည်။ ဘုရားဖူးယာဉ်အတွင်း၌ အသက် ၂၀ ကျော်လူငယ်လေးတစ်ဦးနှင့် မိဘမောင်ဖား မိသားစုများ လိုက်ပါလာသည်။

သူတို့သည် ရန်ကုန်မှ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်ရှိ ဒေးစွန်ပါဆံတော်ရှင် စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ရန် ဘုရားဖူးထွက်လာကြခြင်း ဖြစ်သော်လည်း ထိုစဉ်က ဘုန်းကြီးကျောင်းတစ်ဝင်းလုံး၌ ရောင်ခြည်တော်များ တလက်လက်တောက်ပနေသည်ဟု ကျော်ကြားနေသော စမ်းကလေးကျောင်းသို့ ဦးစွာဝင်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

ကျောင်းဝင်းကြီးက ကျယ်ပြောလှသည်။ သစ်ပင်သစ်ရိပ်များနှင့် အေးမြလှပေသည်။ ဟိုးအဝေးလယ်ကွင်းစပ်က သစ်ပင်ကြီးပေါ်တွင် ဗျိုင်းအုပ်ကြီးများက ဖွေးဖွေးလှုပ်မျှ ခိုနားနေကြသည်။ ကျောင်းဝင်းအတွင်းရှိ သစ်ပင်တွေကို မော့ကြည့်လိုက်တော့ တလက်လက်ထနေသော ရောင်စုံလှိုင်းများ။

ဘုရားဖူးကားများကလည်း တစ်စီးပြီးတစ်စီး ထိုးဆိုက်လာသည်။ ဝင်လာမစဲ တသဲသဲ။ ကျောင်းဝင်းအတွင်းမှာလည်း စမ်းကလေးဆရာတော်ကို လာရောက်ဖူးမြော်ကြသည့် ပရိသတ်ကလည်း မနည်းလှ။ ခုနက အသက် ၂၀ ကျော် လူငယ်လေးနှင့် မိသားစုတို့သည်လည်း ပရိသတ်နှင့်အတူ ဆရာတော် အဖူးမြော်ခံကြွလာမည့်အချိန်ကို စောင့်မျှော်နေသည်။

နာရီဝက်ကျော်သည်အထိ စမ်းကလေးဆရာတော်ကား ကြွမလာသေး။ သို့ရာတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်တစ်ဦးက ပရိသတ်ကို ကနဦးတရားဓမ္မတွေ ဟောပြောပေးလျက်ရှိသည်။ လူငယ်လေးသည် သေချာနားစိုက်၍နာယူနေသည်။

“တကယ့် ရဟန္တာကြီးပါဗျာ။ ပရိသတ်တွေအတွက် အတော့်ကို ကျေးဇူးများမှာပါ”

### လေ့လာဖတ်ရှုခဲ့သူ

လူငယ်လေး၏စိတ်အစဉ်သည် ရုတ်တရက် လှုပ်ရှားသွားသည်။ သူသည် ငယ်စဉ်ကတည်းက သူ့အဖေ၏ ဓမ္မစာပေများကို ဖတ်ရှုခဲ့သူပီပီ မြတ်ဗုဒ္ဓ၏ တရားဓမ္မနှင့်ပတ်သက်လျှင် အစိမ်းသက်သက် မဟုတ်။ အတော်အသင့် နားရည်ဝနေသူဖြစ်သည်။ ငါးရာ့ငါးဆယ်နိပါတ်တော်၊ ဇာတ်တော်ကြီး ဆယ်ဘွဲ့မှအစ ဆယ်ကျော်သက်အရွယ်တွင် ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်များအဆုံး လေ့လာဖတ်ရှုခဲ့သူဖြစ်ပေသည်။

“အရိယာပုဂ္ဂိုလ် ရဟန္တာအရှင်သူမြတ်တစ်ပါးကို သာမန်လူတွေမသိနိုင်ပါဘူး။ ဉာဏ်မမီပါဘူး။ အရိယာသူမြတ်တွေ ကိုယ်တိုင်ကလည်း အရိယာဉာဏ်အမြင်နဲ့ပတ်သက်ရင် အမြဲသိုသိပ်လျှို့ဝှက်တော်မူကြတယ်။ အကျိုးထူးတစ်စုံတစ်ရာဖြစ်ဖွယ်မမြင်ရင် လူဒါယကာတို့ကို မဆိုထားဘိ၊ တရားကျင့်ဖက်သီတင်းသုံးဖော် ရဟန်းတော်အချင်းချင်းကိုပင် အသိမပေးလိုကြဘူး”

လူငယ်လေးသည် အကျိုးတော်ဆောင်၏ ဟောပြောချက်ကို သူဖတ်ရှုခဲ့သော ဓမ္မစာပေများနှင့် ချိန်ထိုး၍ ဓမ္မဒါသတရား ကြေးမုံပြင်ထက်ဝယ် မှတ်ကျောက်တင် စစ်ဆေးနေသည်။ အကျိုးတော်ဆောင်၏တရားကား အမျှင်မပြတ်သေးပါ။

- ★ **စာပေ၏ဂုဏ်ကျေးဇူးနှင့်ပတ်သက်၍ကား ပြော၍မကုန်နိုင်ပါပေ။ ကမ္ဘာပေါ်တွင် ထိပ်တန်းရောက်သူတိုင်း စာဖတ်နာခဲ့ကြသည်။ စာဖတ်နာခဲ့၍လည်း ထိပ်တန်းသို့ ရောက်ခဲ့ကြ**
- ★ **လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝကတည်းက စာဖတ်နာသူတစ်ဦးဖြစ်ခဲ့၍ တိုင်းပြည်၏လွတ်လပ်ရေးကို ငယ်ငယ်ရွယ်ရွယ်နှင့် ဆောင်ကြဉ်းရယူပေးနိုင်ခဲ့**
- ★ **ဝန်ကြီးချုပ် ဦးနု၊ ဒုတိယဝန်ကြီးချုပ် ဦးကျော်ငြိမ်းတို့သည်လည်း စာဖတ်နာသူများဖြစ်ကြသည်။ ဦးကျော်ငြိမ်းဆိုပါလျှင် စာအုပ်များကို ဂိုဒေါင်တစ်လုံးစာမျှ စုဆောင်းထားရှိ၍ စာဖတ်ခဲ့သူဖြစ်သည်။ စာဖတ်နာခဲ့၍လည်း သူတို့သည် ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သလို ရာဇဝင်ကို သိရုံတင်မဟုတ်၊ ရာဇဝင်ကို ဖန်တီးနိုင်ခဲ့သူများ ဖြစ်ခဲ့ကြ**

“ကျောင်းဝင်းထဲက အလင်းရောင်တွေကို သေသေချာချာကြည့်ရှုကြ။ အလင်းရောင်တွေမြင်ရင် သောတာပန်ဖြစ်ပြီ” လူငယ်လေးသည် ရုတ်တရက်ပရိသတ်အတွင်းမှ ထရပ်လိုက်သည်။ ပြီးတော့ ကျောင်းဝင်းအပြင်ဘက်သို့ တစ်လှမ်းချင်းလှမ်းရင်း ထွက်ခွာသွားသည်။

“ဟော့ကောင်လေး၊ မင်းဘယ်သွားမလို့လဲ”

အဖေဖြစ်သူက သားငယ်ကိုစိတ်မချ၍ နောက်ကလိုက်လာရင်းမေးမြန်းလိုက်သည်။

“ကျွန်တော် ကားပေါ်ကပဲ အဖေတို့ကို စောင့်နေတော့မယ်ဗျာ”

“ဟေ့ - ဘာဖြစ်လို့လဲကွ”

“အဖေပဲစဉ်းစားကြည့်လေ၊ အရောင်တွေမြင်တာနဲ့၊ ဖူးရတာနဲ့ သောတာပန်ဖြစ်မလားဗျ၊ အလွန်ဆုံး ပီတိအဆင့်ပဲဖြစ်မှာပေါ့။ လက္ခဏာရေးသုံးပါး မရှုဘဲ သောတာပန်ဖြစ်မလား”

“အေး၊ အေး။ ဒါဆိုလည်း ကားပေါ်ကပဲစောင့်တော့။ ငါတို့က လူကြီးတွေကွ၊ ထွက်လာလို့ မကောင်းဘူး”

ဖခင်ဖြစ်သူသည် သူ့သားငယ်၏ သဘောသဘာဝအကြောင်းကို နောကျေအောင်သိနေသူပီပီ အသာတကြည် ခွင့်ပြုပေးလိုက်သည်။

တစ်ခါကလည်း ဘုရားဖူးခရီးစဉ်တစ်ခုတွင် “ဆယ့်တစ်မီးငြိမ်းချင်ရင် မောင်းဆယ့်တစ်ချက်လာတီးကြ”ဟု ယောဂီဝတ်ပုဂ္ဂိုလ်တစ်ဦး၏ ဆော်ဩမှုကို သူ့သားငယ်သည် မောင်းတီးရန် တန်းစီစောင့်ဆိုင်းနေသူ ပရိသတ်များရှေ့တွင် “မောင်း ၁၁ ချက်တီးလို့သာ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး စတဲ့ မီး ၁၁ မီးငြိမ်းမယ်ဆိုရင် မြတ်စွာဘုရားရှင်က လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဘယ်ဖြည့်တော့မလဲဗျ။ မောင်း ၁၁ ချက်ပဲတီးတော့မှာပေါ့”ဟု ဟောင်ဖွာဟောင်ဖွာပြောနေ၍ မနည်းထိန်းခဲ့ရသည်ကို သူမှတ်မိနေလေသည်။ ထို့ကြောင့် ယခုတစ်ကြိမ်တွင် သူ့သားငယ်ကို အတင်းအကျပ်မတားဆီးတော့။ သားငယ်၏ဆန္ဒအတိုင်း ခွင့်ပေးလိုက်၏။

၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁ ရက်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၀)ဖွဲ့စည်းခြင်း အမိန့်ထွက်ပေါ်လာသည်။ စမ်းကလေး အယူဝါဒအပေါ် ဓမ္မ၊ အဓမ္မ အငြင်းပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို ဝိနည်းတရားတော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးရန် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ပါဝင်သော နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၁)ကို ဖွဲ့စည်းလိုက်သည်။

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့က ကြားနာစစ်ဆေးမှုအပြီးတွင် အမှတ်(၉) ဆုံးဖြတ်ချက်၌ ဤဆိုအပ်ခဲ့ပြီးသော သုံးသပ်ချက်များအရ စမ်းကလေးဆရာတော်၏ တပည့်များသည် အင်္ဂါ(၄)ချက် သောတာပန်ဖြစ်ခြင်း၏ အကြောင်းအင်္ဂါများနှင့် မပြည့်စုံရကား တကယ့်သောတာပန်အစစ်မဖြစ်နိုင်ကြပေ။ စမ်းကလေးဆရာတော်က သမုတ်ပေးလိုက်သော သောတာပန်အတုများသာ ဖြစ်ကြပေသည်။ ကိုယ်တိုင်တရားမကျင့်ဘဲ အခြားပုဂ္ဂိုလ်တစ်ဦးဦးက သမုတ်ပေးရုံဖြင့် သောတာပန်အစစ် ဖြစ်မလာနိုင်ဟု ဆုံးဖြတ်တော်မူကြသည်။

အမှတ်(၁၀) ဆုံးဖြတ်ချက်တွင် ဤသုံးသပ်ချက်များနှင့်အညီ စမ်းကလေးဆရာတော်၏ သဒ္ဓိနုသာရီ သောတာပန်သည် စာလော၊ ပေလော သောတာပန်အစစ်မဟုတ်၊ အတုသာဖြစ်သည်။ သစ္စာလေးပါး တရားသည်လည်း လောကီသစ္စာသာဖြစ်သည်။ ထို့ကြောင့် ၎င်းသစ္စာဒေသနာစကားအားလုံးသည် လောကုတ္တရာပါဟု ဟောရကား မဟုတ်မမှန်သောကြောင့် အဓမ္မဝါဒ၊ မိစ္ဆာဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

### အတုသောတာပန်များသာ

အမှတ်စဉ်(၁၁) ဆုံးဖြတ်ချက်တွင် ဤသုံးသပ်ချက်များနှင့်အညီ စမ်းကလေးဆရာတော်သည် သဒ္ဓါ၊ ပီတိ၊ ဩဘာသ၊ ပဿဒ္ဓိ စသည်ကိုပင် အရိယမဂ်ဟု အထင်မှားနေသူဖြစ်သည်။ သူပေးသော သောတာပန်ပုဂ္ဂိုလ် (၃)မျိုးသည် တကယ့်အရိယာပုဂ္ဂိုလ်များ မဟုတ်၊ ပါးစပ်ပေး အတုသောတာပန်များသာ ဖြစ်ကြသည်။ သူ၏ဟောပြောချက်များသည်လည်း ဘုရားဟောမဟုတ်၊ အဋ္ဌကထာဖွင့်နှင့်လည်း မကိုက်ညီသော အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၁)သည် စမ်းကလေးဆရာတော်၏ အယူဝါဒများသည် ဗုဒ္ဓဝါဒ ဗုဒ္ဓတရားတော်များမဟုတ်ကြသောကြောင့် အဓမ္မဝါဒ၊ မိစ္ဆာဝါဒများသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။ ထို့ပြင် စမ်းကလေးဝါဒတရားနှင့် စမ်းကလေးဝါဒနှင့်ဆက်နွှယ်နေသော တရားအားလုံးတို့သည်လည်း ထေရဝါဒ ပိဋကတ်တော်လာ ဓမ္မဝိနယများနှင့် ဆန့်ကျင်ဘက်ဖြစ်ရကား အဓမ္မဝါဒကို ဖော်ပြရာဖြစ်သောကြောင့် အဓမ္မဝါဒပင်မည်ကုန်၏ဟူ၍ ဆုံးဖြတ်ကြသည်။

အချိန်ကာလတို့သည် ရွေ့လျားပြောင်းလဲနေသည်။ ဆရာမြသန်းစံ ရေးသားပူဇော်သည့် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ ဘဝခရီးနှင့် ဓမ္မဆီမီး ထေရုပ္ပတ္တိစာအုပ်ကို သက်လတ်ပိုင်းအရွယ်ရောက် လူတစ်ဦးသည် စိတ်ပါဝင်စားစွာ ဖတ်ရှုနေသည်။ ဆရာတော်ကြီး ကိုယ်တိုင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၁)၏ စမ်းကလေးဝါဒနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်အခန်းသို့ ရောက်သောအခါ တစ်ချိန်တစ်ခါ သူလူငယ်ဘဝက အဖြစ်အပျက် ပုံရိပ်အချို့ကို သို့ကလို တရေးရေး ပြန်လည် မြင်ယောင်လာလေသည်။

ထိုစဉ်က သူ၏သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်မှန်ကန်ခဲ့မှုအပေါ်ကိုလည်း ကျေနပ်ပီတိဖြစ်လျက်ရှိသည်။ တစ်ဆက်တည်းမှာပင် စာပေ၏ဂုဏ်ကျေးဇူးတရားများကို အောက်မေ့ဆင်ခြင်မိလေသည်။ စာပေ၏ဂုဏ်ကျေးဇူးနှင့်ပတ်သက်၍ကား ပြော၍မကုန်နိုင်ပါပေ။ ကမ္ဘာပေါ်တွင် ထိပ်တန်းရောက်သူတိုင်း စာဖတ်နာခဲ့ကြသည်။ စာဖတ်နာခဲ့၍လည်း ထိပ်တန်းသို့ရောက်ခဲ့ကြသည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝကတည်းက စာဖတ်နာသူတစ်ဦးဖြစ်ခဲ့၍ တိုင်းပြည်၏လွတ်လပ်ရေးကို ငယ်ငယ်ရွယ်ရွယ်နှင့် ဆောင်ကြဉ်းရယူပေးနိုင်ခဲ့သည်။ ဝန်ကြီးချုပ် ဦးနု၊ ဒုတိယဝန်ကြီးချုပ် ဦးကျော်ငြိမ်းတို့သည်လည်း စာဖတ်နာသူများဖြစ်ကြသည်။ ဦးကျော်ငြိမ်းဆိုပါလျှင် စာအုပ်များကို ဂိုဒေါင်တစ်လုံးစာမျှ စုဆောင်းထားရှိ၍ စာဖတ်ခဲ့သူဖြစ်သည်။ စာဖတ်နာခဲ့၍လည်း သူတို့သည် ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သလို ရာဇဝင်ကို သိရုံတင်မဟုတ်၊ ရာဇဝင်ကို ဖန်တီးနိုင်ခဲ့သူများ ဖြစ်ခဲ့ကြလေသည်။

### စာအုပ်များ၏ကျေးဇူး

စကားပြောကောင်းသော နိုင်ငံရေးသမားဟု ထင်ရှားကျော်ကြားခဲ့သူ အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည်လည်း စာအလွန်ဖတ်သူတစ်ဦးဖြစ်ခဲ့သည်။ သူစာဖတ်သည့်ရည်ရွယ်ချက်က လူတွေရဲ့အတွင်းစိတ်ကိုသိဖို့၊ လူ့စရိုက်တွေကိုသိဖို့ဟုဆိုသည်။ လူပျိုပေါက် အရွယ်လောက်မှာကတည်းက အတွေးအခေါ်စာပေများအပါအဝင် စာကောင်းပေမွန်များကို ရွေးဖတ်သူဖြစ်သည်ဟု နာမည်ရသည်။ သမ္မတတက်ဖြစ်သည်အထိ သူအောင်မြင်ခဲ့ခြင်းသည် စာအုပ်များ၏ကျေးဇူး အများကြီးပါသည်ဟု ဆိုကြသည်။

သမ္မတ အိုဘားမားသည် စာအုပ်များမှ အတွေးအခေါ်အချို့ကို လက်တွေ့ဘဝတွင် ထုတ်ယူအသုံးချတတ်သည်။ အိုဘားမားသမ္မတအဖြစ် အစိုးရကိုဦးဆောင်ဖွဲ့စည်းသည့်အခါ သူဖတ်ခဲ့သည့် စာအုပ်တွေထဲက နမူနာယူခဲ့သည်ဟု ထောက်ပြခဲ့သည်များလည်း ရှိခဲ့သည်။ အိုဘားမားသည် သမ္မတဖြစ်လာသည့်တိုင် စာပေနှင့်မလွတ်ကင်းခဲ့။ လေယာဉ်ပေါ်က ဆင်းလာလျှင် သူ့လက်ထဲတွင် စာအုပ်တစ်အုပ်ပါလေ့ရှိသည်။ ဖရန်ကလင် ဒီရုစဗဲ့၏ သမ္မတဘဝ ပထမရက် ၁၀၀ အတွေ့အကြုံ စာအုပ်ကို သူလက်စွဲအဖြစ် ထားရှိသည်။

စာမျက်နှာ ၇ သို့ ❍

# ရှာငံမြို့၌ စက်ကိရိယာ ကိုင်တွယ်ထိန်းသိမ်းနည်းနှင့် ကော်ဖီအခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်းဖွင့်



**ရှာငံ ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့၌ စက်ကိရိယာ ကိုင်တွယ် ထိန်းသိမ်းနည်းနှင့် ကော်ဖီ အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို ရှာငံမြို့ ဗထူးခန်းမ၌ ယနေ့နံနက် ၁၁ နာရီက ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း တက်ရောက်သည်။

**ပြောကြား**

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဖွင့်လှစ်သည့် ကော်ဖီအခြေခံလူသုံးကုန်နှင့် အလှကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းနှင့် ကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်ကိရိယာ ကိုင်တွယ်မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ရှာငံဒေသတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များအတွက် အဓိကထား ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ကော်ဖီထုတ်ကုန်များကို ခေတ်မီ စက်ကိရိယာများနှင့် တိုးတက်ထုတ်လုပ်ပြီး ရှာငံဒေသ ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ရှာငံဒေသတွင် ကော်ဖီစိုက်ဧက ၇၁၆၅ ဧက စိုက်ပျိုးပြီး နှစ်စဉ် ၈၉၈ ဒသမ ၁၃ တန်ခန့် ထွက်သဖြင့် ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အခြေအနေရောက်ရှိစေရန်၊ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ထပ်မံကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ရရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေရရှိသော မြင်းကျဒိုးကျေးရွာအတွက် ငွေကျပ်သိန်း ၃၀၀၊ ရေချမ်းကျေးရွာအတွက် ငွေကျပ်သိန်း ၃၀၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရှာငံမြို့နယ် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို သွားရောက်ကြည့်ရှုရာ ပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းဇော်ဦးက ရှင်းလင်းပြသပြီး ကောင်းထက်ဟိန်း ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ကော်ဖီကြိတ်ခွဲစက်ရုံနှင့် ရွှေသိင်္ဂီစက်ရုံမြိုင် ကော်ဖီစက်ရုံ၌ ကော်ဖီ ကြိတ်ခွဲထုတ်လုပ်နေမှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါ ကော်ဖီအခြေခံ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် ကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်ကိရိယာကိုင်တွယ်မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၃ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ညောင်ရွှေမြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးများမှ ဈေးသည် ၁၀၅၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး



**ညောင်ရွှေ ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ် ညောင်ရွှေမြို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ စည်ပင်သာယာရေးဌာနပိုင်ဈေးများအတွင်း ရောင်းချလျက်ရှိကြသည့် ဈေးသည်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဌာန၏ကြီးကြပ်မှုဖြင့် မြို့နယ်အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသစ်လွင်သိမ်းနှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ကာကွယ်ဆေး ထိုးနှံပြီးသည့် ဈေးသည်များကိုသာ ဌာနပိုင်ဈေးများအတွင်း ဈေးရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် ယနေ့အထိ မြို့နယ်အတွင်းရှိ ဌာနပိုင်ဈေးပေါင်း ၁၁ ဈေးအတွင်း၌ ဈေးရောင်းချသူ ဈေးသည်ပေါင်း ၁၀၅၀ အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# နောင်သားချင်းသို့ စကားလက်ဆောင်

❖ ဒို့ညီနောင်ထု၊ တည်ထောင်ပြုသည့်
ပြည်ထောင်စုသည်၊ မြန်မာပြည်တည့်။

❖ မြန်မာဒို့ပြည်၊ သာမောစည်လျက်
ရေရှည်တည်တံ့၊ ခိုင်မြဲခံ့ရန်
နိုင်ငံ့သားချင်း၊ နောင်ညီရင်းတို့
ရင်းနှီးချစ်ကြည်၊ တွဲလက်ညီလော့။

❖ အသီးတစ်ရာ၊ အညှာတစ်ခု
ပြည်ထောင်စုစိတ်၊ ပြည့်လျှံဖိတ်လျက်
ပုံရိပ်မြန်မာ၊ ဂုဏ်ထည်ဝါအောင်
ခိုင်မာသွေးစည်း၊ အားသန်ဖီးလော့။

❖ ဆိုးညစ်မခံ၊ မျိုးချစ်မာန်ဖြင့်
နိုင်ငံလူမျိုး၊ ဘုံအကျိုးတွက်
ဘိုးဘွားအမွေ၊ ဂုဏ်သရေကို
**“တက်နေ”**ပမာ၊ ခက်ဝေဖြာအောင်
ညီညာကြိုးကုတ်၊ စွမ်းအားထုတ်လော့။

❖ သို့မှသာလျှင်
အမျိုးလည်း မှန်၊ အဖိုးလည်း တန်
ဒို့နိုင်ငံနှင့်၊ နိုင်ငံမှီတင်း
ဒို့သားချင်း၏၊ ဂုဏ်ဇာတိသည်
လူသိရှင်ကြား၊ ကမ္ဘာတစ်လွှားဝယ်
ထင်ရှားမွှေးပျံ့ နေမည်တကား။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

**(တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ(၂၀၂၁)ကို ဂုဏ်ပြုလျက်)**

❍ စာမျက်နှာ ၆ မှ

သမ္မတနစ်ဆင်က ကျောင်းသားဘဝကတည်းက အမေရိကန်သမိုင်း ၁၀ တွဲလုံးကို ကျေညက်အောင် ဖတ်ခဲ့သည်။ သမ္မတက လင်ကွန်းအကြောင်းကို အလွတ်နီးပါး ကျက်မှတ်ခဲ့သည်။ ဝှစ်တီးယား ကောလိပ်ကျောင်းသားဘဝကတည်းက စကားရည်လုပွဲပေါင်းများစွာတွင် ပါဝင်ပြောဆိုခဲ့သူဖြစ်၍ စာဖတ်အားကို အမြဲအရှိန်မြှင့် ဖတ်ရှုခဲ့သူဖြစ်သည်။

သမ္မတကနေဒီမူ လူငယ်ဘဝကတည်းက အုပ်ချုပ်ရေးပညာနှင့် သမိုင်းစာအုပ်များကို ဖတ်လေ့ရှိသည်။ အသက် ၂၄ နှစ်အရွယ် ဟားဗတ်တက္ကသိုလ်ကျောင်းသားဘဝတွင် ဖခင်ကြီး၏ သံတမန်လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသောအားဖြင့် စစ်တလင်းဖြစ်တော့မည့် ဥရောပနိုင်ငံများသို့ လှည့်ပတ်လေ့လာခဲ့သည်။ နိုင်ငံရေးပညာရပ်တွင် ဂုဏ်ထူးရရှိရေးအတွက် ကနေဒီသည် လေ့လာသုံးသပ်ချက်များအပေါ်အခြေခံ၍ ဘွဲ့ယူစာတမ်း ရေးသားခဲ့သည်။ ထိုစာတမ်းကို “အင်္ဂလန်ဘာကြောင့် အိပ်မောကျနေသလဲ”ဟူ၍ အမည်ပေးကာ စာအုပ်ထုတ်ဝေခဲ့လေရာ အရောင်းရအကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။

ကနေဒီသည် ဒုတိယကမ္ဘာစစ်အတွင်း၌ အမေရိကန် ရေတပ်တွင် ထူးချွန်စွာအမှုထမ်းခဲ့ပြီး စစ်ကြီးပြီးသောအခါ နယူးယောက်မြို့ရှိနိုင်ငံတကာသတင်းဌာနတွင် သတင်းထောက်အဖြစ် ခေတ္တဝင်ရောက်လုပ်ကိုင်ခဲ့သည်။ စစ်ပြီးခေတ်ဥရောပ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်ပတ်သက်၍ သတင်းဆောင်းပါးများစွာ ရေးသားခဲ့လေသည်။

အထက်လွှတ်တော်အမတ်ဘဝတွင် သမိုင်းအဆက်ဆက် အမေရိကန်ခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုများကို သရုပ်ဖော်ထားသော profiles in courage အမည်ရှိ စာအုပ်ကိုရေးသားခဲ့ရာ ပူလစ်ဇာဆုပင် ဆွတ်ခူးရရှိခဲ့သည်။ သမ္မတဖြစ်လာသောအခါ ဂျွန်အက်ဖ်ကနေဒီသည် အလုပ်များသည့်ကြားထဲက နေ့စဉ်သတင်းစာ ၁၀ စောင်နှင့် လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်များကိုဖတ်ရှုလေ့ရှိသည်။

သို့ဆိုလျှင် ထိပ်တန်းသို့တက်လှမ်းလိုသည့် မြန်မာလူငယ်မောင်မယ်များသည် အနာဂတ်တွင် တိုင်းချစ်ပြည်ချစ်စိတ် ပြည့်ဝသောခေါင်းဆောင်ကောင်းများဖြစ်လာစေရန် စာကောင်းပေမွန်များကို ငယ်စဉ်ကတည်းက လေ့လာဖတ်ရှုကြဖို့ လိုအပ်သည်။

ဘဝခရီးကို လျှောက်လှမ်းရာတွင် အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားနှင့်အမှန်ကို ဝေဖန်သုံးသပ်ဆင်ခြင်နိုင်ဖို့ စာပေဗဟုသုတကြွယ်ဝရန် လိုအပ်ပေသည်။ စာပေမဖတ်ရှုဘဲ မည်သည့်အကြံကောင်းဉာဏ်ကောင်း အတွေးအခေါ်ကောင်းမျှ ထွက်ပေါ်လာလိမ့်မည်မဟုတ်။ ဟိုလူပြောဟုတ်နိုးသည်လူပြောဟုတ်နိုးနှင့် သူများပါးစပ်ဖျားလမ်းဆုံးကာ သူများနောက်လိုက်မျှသာ ဖြစ်ပေလိမ့်မည်။ သို့ကြောင့်မို့ မိုးဂျာနယ်ထုတ်ဝေသူ သတင်းစာဆရာကြီး သခင်အောင်ဖေက “သင်အလိမ်မခံချင်ရင် စာဖတ်ပါ” ဟုဆိုခဲ့သည် မဟုတ်လော။ ။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ ဓာတ်စွမ်ယောင်းစေတီတော်၊ မြို့ဦးကျောင်းတိုက်၊ မြို့မကျောင်းတိုက်၊ မဟာမြတ်မုနိ ကျောင်းတိုက်၊ ဘုန်းတော်ကြီးသင် ပညာရေး သဗ္ဗညုကျောင်း၊ ဓာတ်စွမ်းဟုန်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရွှေကျောင်းတိုက်၊ လေးကျွန်းသစ္စာရှင် နဂါးမောက်ကျောင်း၊ ကရင်ပြည်နယ် မြဝတီမြို့ရှိ ငွေဟသ်ာကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိရန်အောင်မြင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာရှိ ရှမ်းချောင်းဇေတဝန်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဓမ္မသုခကျောင်းတိုက်၊ မအူပင်မြို့ပေါ်ရှိ ကျောင်းတိုက်များနှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရွှေရေးဆောင်ကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ မြို့ဦးကျောင်းတိုက်၊ မြို့မကျောင်းတိုက်၊ မဟာမြတ်မုနိကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေး သဗ္ဗညုကျောင်းနှင့် ဓာတ်စွမ်းဟုန်ကျောင်းတိုက်တို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့နယ် သမဝါယမအသင်းစုပိုင် ပဲခွဲစက် ဒေသတွင်း ကုလားပဲလိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အလယ်ရပ်ကွက်ရှိ မြို့နယ်သမဝါယမအသင်းစုပိုင် ပဲခွဲစက်က တစ်နှစ်လျှင် ကုလားပဲခြမ်းပိဿာချိန် ၂၁၇၅၀၀၊ ကုလားပဲခွံပိဿာချိန် ၃၀၀၀၀ နှင့် ကုလားပဲနှစ် ပိဿာချိန် ၁၅၀၀၀ တို့ကို ထုတ်လုပ်ပေးလျက်ရှိသည်။

မြို့နယ်သမဝါယမအသင်းစုသည် ဒေသခံ ကုလားပဲစိုက်တောင်သူများထံမှ ကုလားပဲကုန်ကြမ်းများကို ဒေသပေါက်ဈေးဖြင့် ဝယ်ယူ၍ အဆိုပါ ပဲခွဲစက်တွင် ကြိတ်ခွဲသည့်အတွက် ဒေသခံတောင်သူများ၏ ကုလားပဲရောင်းလိုအားအပေါ် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိသည်။ ကြိတ်ခွဲပြီးသော ကုလားပဲခွံ၊ ကုလားပဲခြမ်းနှင့် ကုလားပဲအနှစ်များကို မြို့နယ်သမဝါယမအသင်းစုမှ သက်သာသောဈေးနှုန်းဖြင့် ပြန်လည်ရောင်းချသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အရည်အသွေးပြည့်မီသော ကုလားပဲများကို ဝယ်ယူစားသုံးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**






## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ ပြင်ပအလင်းရောင်ကို အသုံးချပါ။ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ။








➢ အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။







# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ် သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာ အပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေ သူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက် ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာ သင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင် တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့် ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံ သူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေး ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း များအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ် စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံး များဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက် ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံး ထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ ထက်ပိုမိုသိရှိစေင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံ တို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုး မာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန် ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာ တော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာ ရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာ မရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်း ပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် လေး မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၃၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် နှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၅၀၊ မွန်ပြည်နယ်နှင့် ကရင် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၂၃၇၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလော မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၂၅၂ ဦး၊ ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ဒေသခံပြည်သူ ၁၃၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၄၇၀၄ ဦး၊ ရခိုင် ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံ ပြည်သူ ၆၀၇၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၉၀၀၊ ပဲခူးတိုင်းဒေသ ကြီး၊ တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ သံဃာ တော် ရှစ်ပါးနှင့် ဒေသခံပြည်သူ ၂၈၃၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက် ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၁၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၂-၁၂-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 2 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 3 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 4 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti–inflammatory** | | | | |
| 5 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 6 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 7 | Injection– Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 8 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 9 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 10 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page http://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



# ခေတ်မီလာသောလောင်းကစားခြင်းကို ဘယ်လိုထိန်းချုပ်ကြမလဲ

မေယု-မျိုးအောင် (MANA)

ကမ္ဘာပေါ်၌ လောင်းကစားမရှိသော နိုင်ငံ၊ နေရာ၊ ဒေသဟူ၍ ရှားလိမ့်မည်ဖြစ်သည်။ ကစားပုံကစားနည်းများ ကွဲပြားကောင်း ကွဲပြားနိုင်သော်လည်း ကစားခြင်းမှာမူ အားလုံးအတူတူပင်ဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း လောင်းကစားနည်းအစုံကို ကစားနေကြသည်။ မြန်မာနိုင်ငံ၌ အများစုလောင်းကစားနေကြသည်ကို "တစ်လုံး၊ နှစ်လုံး၊ သုံးလုံး" ဟုခေါ်ဆိုကြသည်။ တစ်လုံးမှာ ဘောလုံးပွဲလောင်းကစားနည်းကို ရည်ညွှန်းပြောဆိုသည့်စကားဖြစ်သည်။ နှစ်လုံးမှာ ထိုင်းနိုင်ငံစတော့အိတ်ချိန်းဈေးကွက်အပိတ်ဂဏန်း နှစ်လုံးထိုးခြင်းကို ခေါ်ဆိုသည်။ သုံးလုံးမှာလည်း ထိုင်းနိုင်ငံကဖွင့်လှစ်သော ထီဂဏန်းခြောက်လုံးမှ နောက်ဆုံးသုံးလုံးတိုက်ထိုးခြင်းကို ပြောဆိုခြင်းဖြစ်သည်။

## လောင်းကစားဥပဒေများ

လောင်းကစားဥပဒေများသည် မြန်မာနိုင်ငံတွင် ကွန်ပျူတာနှင့်အင်တာနက်မပေါ်မီဖြစ်သော ၁၈၉၉ ခုနှစ်နှင့် ၁၉၈၆ ခုနှစ်တို့က ပြဋ္ဌာန်းခဲ့သောဥပဒေများဖြစ်ရာ လက်ရှိလောင်းကစားမှုများနှင့် ကိုက်ညီခြင်း မရှိတော့ပေ။ လောင်းကစားအတွက် သုံးစွဲသည့်ပစ္စည်းများမှာ ဂျင်၊ ဖဲ၊ အန်စာ၊ မာကျောက်၊ တိုကင်၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံ၊ ကစားခွက်၊ ဇယားကားချပ်၊ သေတ္တာ၊ ပုံစံ၊ လက်မှတ်တို့သာရှိခဲ့သည်။ ယခုမူ ဆက်သွယ်ရေးကိရိယာများဖြစ်သည့် ဖုန်းများသုံး၍လည်းကောင်း၊ ကွန်ပျူတာ၊ အင်တာနက်သုံး၍လည်းကောင်း လောင်းကစားပြုမှုများ တိုးပွားလျက်ရှိသည်။ ယခင်ကမူ နှစ်လုံးထီနှင့် သုံးလုံးထီတို့ကို ပြေစာစာအုပ်ဖြင့် ရောင်းချခဲ့သည်။ ဘောလုံးပွဲလောင်းရာတွင်လည်း ထိုနည်းတူ ဖြတ်ပိုင်းစာရွက်များကို သုံးစွဲခဲ့သည်။ ယခုအခါ ဘောလုံးပွဲလောင်းရာတွင်လည်း ဖုန်းမှစာတိုပို့၍လောင်းနိုင်ပြီဖြစ်သည်။ ဘောလုံးပွဲဒိုင်များသည်လည်း ပေါက်ကြေးများကို လောင်းမည့်သူများထံသို့ စာတိုပေးပို့ကြပြီး လောင်းကစားမည့်သူများက စာတိုပြန်ပို့ကာ အလောင်းအစားလုပ်ကြခြင်းဖြစ်သည်။

လောင်းကစားဥပဒေပါ ပြဋ္ဌာန်းချက်များအရဆိုပါက စားသောက်ဆိုင်များ၊ ဈေးဝယ်စင်တာများ၊ ဘုရားဈေးများ၊ အပန်းဖြေနေရာများရှိ အရုပ်ကောက်စက်များ၊ Spinball များ အစရှိသည့် လောင်းကစားဆန်သော ကံစမ်းမဲအစီအစဉ်များသည်လည်း လောင်းကစားဥပဒေနှင့် ငြိစွန်းဖွယ်ရှိသည့်သဘော သက်ရောက်လျက်ရှိသည်။ ဘောလုံးလောင်းကစားဒိုင်များသည် နာမည်ကြီးလိဂ်များဖြစ်သည့် အင်္ဂလန်ပရီးမီးယားလိဂ်၊ အီတလီစီးရီးအေ၊ စပိန်လာလီဂါ၊ ဥရောပချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်တို့သာ လောင်းကြေးဖွင့်သော်လည်း အွန်လိုင်းတွင်မူ တစ်ကမ္ဘာလုံး၌ ယှဉ်ပြိုင်နေသည့် ဘောလုံးပွဲအားလုံးနီးပါးကို လောင်းကြေးဖွင့်ထားသည်။ ယခင်က နှစ်ဖက်ဘောလုံးအသင်း၏ မိနစ် ၉၀ ရလဒ်နှင့် နှစ်သင်းပေါင်း သွင်းဂိုးအနည်း၊ အများကိုသာ ခန့်မှန်းအလောင်းအစားပြုရသည်။ ယခုတွင်မူ ပထမပိုင်း ၄၅ မိနစ်၊ ဒုတိယပိုင်း ၄၅ မိနစ်ရလဒ်များကို အချိန်နှင့်အမျှ လောင်းခွင့်ရှိသကဲ့သို့ အချိန်ပို၊ ပယ်နယ်တီနှင့် ထောင့်ကန်ဘောအကြိမ်အရေအတွက်၊ လက်ပစ်ဘောအကြိမ်အရေအတွက် စသည့်အသေးစိတ်အချက်အလက်ကအစ အလောင်းအစားပြုလုပ်နိုင်လာသည်။

ယင်းတစ်လုံး၊ နှစ်လုံး၊ သုံးလုံးနှင့်မပတ်သက်သော ကြက်တိုက်ခြင်း၊ ဖဲဝိုင်းထောင်ခြင်း၊ ဒိုးဇက်ကစားခြင်း စသည့်အခြားလောင်းကစားနည်းများလည်း ရှိသေးသည်။ သာမန်အားဖြင့် လောင်းကစားပြုလုပ်ပုံကို အပျော်ကစားခြင်းနှင့် စီးပွားဖြစ်ကစားခြင်းဟုနှစ်မျိုးခွဲခြားနိုင်သည်။ စီးပွားဖြစ်ကစားခြင်းက အများစုဖြစ်သည်။ မြန်မာနိုင်ငံ၌ လောင်းကစားမှုနှင့်ပတ်သက်သော ဥပဒေသုံးမျိုးရှိခဲ့သည်။ ယင်းတို့အနက် ၂၀၁၈ ခုနှစ် လောင်းကစားဥပဒေသစ်ကို မေလ ၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ဥပဒေသစ်၌ အခန်းပေါင်း (၆)ခန်း၊ ပုဒ်မပေါင်း(၂၃)ခု ပါဝင်သည်။ အခန်း (၅) ၌ ပြစ်ဒဏ်များကို ပြဋ္ဌာန်းဖော်ပြထားသည်။ ယင်းပြဋ္ဌာန်းချက်များအရ ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းများနှင့်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခံရမည်ဖြစ်သည်။ ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်မျိုးစလုံး ချမှတ်နိုင်သည်။ အနိမ့်ဆုံးငွေဒဏ် ကျပ်ငါးသောင်းမှ အမြင့်ဆုံးငွေဒဏ် ကျပ် ၁၀ သိန်းအထိ ချမှတ်နိုင်သည်။ ကျူးလွန်သည့်ပြစ်မှုအလျောက် ချမှတ်နိုင်သော ငွေဒဏ်အမျိုးအစား အသီးသီးပါဝင်သည်။

## အနိမ့်ဆုံးထောင်ဒဏ်အဖြစ် ခြောက်လ

ထောင်ဒဏ်တွင်လည်း အလားတူပင်ဖြစ်သည်။ အနိမ့်ဆုံးထောင်ဒဏ်အဖြစ် ခြောက်လချမှတ်နိုင်ပြီး အမြင့်ဆုံးထောင်ဒဏ်မှာ ငါးနှစ်ဖြစ်သည်။ ပြစ်မှုအလိုက် အနိမ့်ဆုံးထောင်ဒဏ် တစ်နှစ် သို့မဟုတ် သုံးနှစ်အထိ ချမှတ်နိုင်သော ပုဒ်မများလည်း ပါဝင်သည်ကို တွေ့ရသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ သက်ဆိုင်ရာ ရဲစခန်းမှူး၊ ကျေးရွာ သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့သည် လောင်းကစားမှုများကို ဖမ်းဆီးနိုင်ခွင့်ရှိသူများဖြစ်သည်။ ထို့ပြင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကျေးရွာ သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ သုံးဦးသည် လောင်းကစားမှုများအတွက် ဖမ်းဝရမ်းထုတ်ပေးနိုင်သူများဖြစ်သည်ကိုလည်း တွေ့ရသည်။

အများပြည်သူနှင့်ဆိုင်သောနေရာများတွင်မူ လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးကောက်ခံစုဆောင်းသူ၊ လောင်းကစားသူ၊ လောင်းကစားရန်အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူ၊ မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲတစ်ခုခု၌မဆို လောင်းကစားသူ သို့မဟုတ် လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူတို့ကို မြို့အုပ်ချုပ်ရေးမှူး သို့မဟုတ် ကျေးရွာ သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဦးတို့က ဖမ်းဝရမ်းမပါဘဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖမ်းဆီးနိုင်ကြောင်း သိရသည်။

"လောင်းကစားခြင်းဆိုသည့်စကားလုံးကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌လည်း ဘောင်ကျယ်ဝန်းသည်။ "ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင် ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွဲပြောင်းသတ်မှတ်နိုင်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်သော်လည်းကောင်း၊ အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ လောင်းကစားခြင်းကို ဆိုလိုသည်"ဟု ဖွင့်ဆိုထားသည်။ အများပိုင်နေရာများတွင် လောင်းကစားခြင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးသည်ပင် ဝရမ်းမပါဘဲ ဖမ်းနိုင်ကြောင်း လောင်းကစားဥပဒေတွင် ဖွင့်ဆိုထားသည်။ ထို့ကြောင့် လောင်းကစားလုပ်ရန်အတွက် နယ်ကျဉ်းသွားသည့်သဘောလည်းရှိပေသည်။

၁၈၉၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံလောင်းကစားမှုဥပဒေတွင်မူ အကောက်အစားမယူသည့် လောင်းကစားမှုများကို ခွင့်ပြုထားခဲ့သည်။ သို့သော်လည်း ၁၉၈၆ ခုနှစ်တွင် အသစ်ပြင်ဆင်ရေးဆွဲခဲ့သည့်ဥပဒေအရမူ အကောက်ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ လောင်းကစားမှုအဖြစ် သတ်မှတ်ခဲ့သည်။ ရွှေဆိုင်များနှင့် အခြားသောစီးပွားရေးလုပ်ငန်းများတွင် ကံစမ်းမဲများပေးခြင်း၊ ဂိမ်းကစား၍ ကံစမ်းမဲဖောက်ပေးခြင်းတို့သည် လောင်းကစားဥပဒေနှင့် ငြိစွန်းပါ၏လော။ အကြောင်းမှာ လောင်းကစားဥပဒေသစ် ပုဒ်မ ၂(က) လောင်းကစားအဓိပ္ပာယ်ဖွင့်ဆိုရာ၌ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှု ကစားခြင်းတစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေး၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသည့်လွဲပြောင်းပစ္စည်းအတွက် လောင်းကစားပြုခြင်းကို ဆိုလိုသည်ဟု ဖော်ပြထားခြင်းကြောင့်ဖြစ်သည်။

## ပုဂ္ဂလိကငွေလွှဲဝန်ဆောင်မှုများ

၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် ဘောလုံးပွဲလောင်းကစားသူများက ဖုန်းမက်ဆေ့ချ်များဖြင့် လောင်းကြေးဖွင့်ကစားခြင်းကို တွင်ကျယ်စွာဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင်မူ နည်းပညာသုံးစွဲမှု အဆင့်မြင့်မားလာပြီးနောက် အွန်လိုင်းမှတစ်ဆင့် လောင်းကြေးဖွင့်ပြီး လောင်းကစားခြင်း ခေတ်စားလာပြီး Viber၊ Facebook၊ Messenger တို့အပြင် လောင်းကစားဝက်ဘ်ဆိုက်၌ ကိုယ်ပိုင်အကောင့်ဖွင့်ကာ လောင်းကစားပြုလုပ်နိုင်သည်အထိ အဆင့်မြင့်လာသည်။ မိမိ၏ ဘဏ်အကောင့်မှတစ်ဆင့် ထိုသို့လောင်းကစားပြုလုပ်၍ရသလို အလွယ်တကူငွေလွှဲနိုင်သည့် ပုဂ္ဂလိကငွေလွှဲဝန်ဆောင်မှုများကိုလည်း အသုံးပြုလာသည်။

လောင်းကစားကြောင့် ငွေကြေးအကျိုးအမြတ်ရသည့် လောင်းကစားဒိုင်များသာ မြင်တွေ့ဖူးပြီး ထိုးသားဟုခေါ်သည့် လောင်းကစားသမားများ အမြတ်အစွန်းရသည့်ဖြစ်စဉ်များက ရှားပါးသည်။ လောင်းကစားကြောင့် ဘဝပျက်သွားသည့် သူများလည်း ဒုနှင့်ဒေးပင် ဖြစ်သည်။ ကွန်ပျူတာ၊ အင်တာနက်၊ ဖုန်းစသည်တို့ဖြင့် မက်ဆေ့ချ်ပို့လောင်းကစားခြင်းများလည်း ပါဝင်သည်။ လောင်းကစားအတွက် ငွေကြေးချေးသူ၊ လောင်းကစားရာနေရာ၌ ရောက်ရှိနေသူတို့လည်း ဥပဒေမှ ပြေးမလွတ်ပေ။ ဥပဒေသည် လုပ်ပိုင်ခွင့်များ၊ စကားလုံးအသုံးအနှုန်းများအရ အလွန်ဘောင်ကျယ်သောဥပဒေဖြစ်ရာ မည်သူ့ကိုမျှ အကျိုးမပြုသော လောင်းကစားမှုများကို ရှောင်ကြဉ်ပါမှ ဥပဒေမှလွတ်ကင်းမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**လောင်းကစားကြောင့် ငွေကြေးအကျိုးအမြတ်ရသည့် လောင်းကစားဒိုင်များသာ မြင်တွေ့ဖူးပြီး ထိုးသားဟုခေါ်သည့် လောင်းကစားသမားများ အမြတ်အစွန်းရသည့် ဖြစ်စဉ်များက ရှားပါးသည်။ လောင်းကစားကြောင့် ဘဝပျက်သွားသည့်သူများလည်း ဒုနှင့်ဒေးပင်ဖြစ်သည်။ ကွန်ပျူတာ၊ အင်တာနက်၊ ဖုန်းစသည်တို့ဖြင့် မက်ဆေ့ချ်ပို့လောင်းကစားခြင်းများလည်း ပါဝင်သည်။ လောင်းကစားအတွက် ငွေကြေးချေးသူ၊ လောင်းကစားရာနေရာ၌ ရောက်ရှိနေသူတို့လည်း ဥပဒေမှ ပြေးမလွတ်ပေ။ ဥပဒေသည် လုပ်ပိုင်ခွင့်များ၊ စကားလုံးအသုံးအနှုန်းများအရ အလွန် ဘောင်ကျယ်သောဥပဒေဖြစ်ရာ မည်သူ့ကိုမျှအကျိုးမပြုသော လောင်းကစားမှုများကို ရှောင်ကြဉ် ပါမှ ဥပဒေမှလွတ်ကင်းမည်**

# အစ္စရေးနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၀ ထပ်မံတွေ့ရှိ



**ဂျေရုဆလင် ဒီဇင်ဘာ ၁၂**

အစ္စရေးနိုင်ငံ၌ ဒီဇင်ဘာ ၁၁ ရက်တွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀ ထပ်မံတွေ့ရှိခြင်းကြောင့် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၅၅ ဦးအထိရှိလာကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းသို့ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၃၆ ဦးသည် တောင်အာဖရိက၊ ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘီလာရုစ်၊ ဟန်ဂေရီ၊ အီတလီနှင့် နမီးဘီးယားနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အခြားသော အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၁ ဦးသည် တောင်အာဖရိကနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသော ခရီးသည်များနှင့် နီးကပ်စွာထိတွေ့မှုရှိခဲ့ပြီးနောက် ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ရှစ်ဦးသည် အစ္စရေးနိုင်ငံမှ အခြားနိုင်ငံများသို့ သွားရောက်ခြင်းမရှိသည့်အပြင် နိုင်ငံအတွင်းသို့ပြန်လည်ရောက်ရှိလာသည့် မည်သည့်ခရီးသည်နှင့်မျှ အနီးကပ်ထိတွေ့မှုမရှိခဲ့ကြဘဲ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသူများဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၅၅ ဦးအနက် ၁၃ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူထားခြင်း မရှိသေးသူများဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ သွားရောက်

**ဂျေရုဆလင် ဒီဇင်ဘာ ၁၂**

အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်သည် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)သို့ ဒီဇင်ဘာ ၁၂ ရက်တွင် ပထမဆုံးအကြိမ် တရားဝင်အလည်အပတ်ခရီး သွားရောက်ခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်၏ ခရီးစဉ်သည် ပြီးခဲ့သည့်နှစ်က အစ္စရေးနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့အကြား ဆက်ဆံရေးပုံမှန်ပြန်လည်ရရှိခဲ့ပြီးနောက် ထွက်ပေါ်လာသည့်ခရီးစဉ်လည်း ဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်သည် အဘူဒါဘီ အိမ်ရှေ့မင်းသား၏ ဖိတ်ကြားချက်အရ သွားရောက်ခြင်းဖြစ်ပြီး အစ္စရေးနိုင်ငံနှင့် ယူအေအီးနိုင်ငံတို့အကြား နက်ရှိုင်းသည့် ဆက်ဆံရေးများထားရှိရန်အပါအဝင် စီးပွားရေး၊ ဒေသတွင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း အလေးထားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အမေရိကန်၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ၈၃ ဦးထက်မနည်း သေဆုံးပြီး အများအပြား ပျောက်ဆုံး

**မေဖီးလ်ဒ်(အမေရိကန်ပြည်ထောင်စု) ဒီဇင်ဘာ ၁၂**

အမေရိကန်ပြည်ထောင်စု၌ ပြည်နယ်ခြောက်ခုတွင် ယမန်နေ့က လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ၈၃ ဦးထက်မနည်းသေဆုံးပြီး လူအများအပြားပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

သမ္မတဂျိုးဘိုင်ဒင်သည် အဆိုပါလေဆင်နှာမောင်းအား အမေရိကန်သမိုင်းတစ်လျှောက် ဖြစ်ပွားသမျှမုန်တိုင်းများအနက် အကြီးမားဆုံးသဘာဝဘေးတစ်ခုအဖြစ် သတ်မှတ်ထားပြီး လေဘေးသင့်ပြည်နယ်များကို အကူအညီပံ့ပိုးပေးမည်”ဟု ကတိကဝတ်ပြုလိုက်သည်။

လေဆင်နှာမောင်းကြောင့် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုပမာဏကို တိတိကျကျမသိရသေးကြောင်း ၎င်းက ထပ်မံပြောကြားသည်။ ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် လေဆင်နှာမောင်းဒဏ်သင့် ပြည်နယ်တစ်ဝန်းရှိ နေအိမ်နှင့် စက်ရုံ၊ အလုပ်ရုံအပျက်အစီးများကြားတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တစ်ညလုံးလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကန်တက်ကီပြည်နယ်တစ်ခုတည်းတွင် လေဆင်နှာမောင်းဒဏ်ကြောင့် လူ ၇၀ ကျော်သေဆုံးမည်ဟု ခန့်မှန်းထားပြီး သေဆုံးသူအများစုမှာ ဖယောင်းတိုင်စက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများဖြစ်သည်။ ထို့အပြင် လူခြောက်ဦးသည် အီလီနွိုက်စ်ပြည်နယ်ရှိ အမေဇုန်ကုမ္ပဏီ၏ ကုန်လှောင်ရုံတစ်ခုတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ယခုဖြစ်ပွားသည့်သဘာဝဘေးသည် ကန်တက်ကီပြည်နယ်၏ သမိုင်းတစ်လျှောက် အဆိုးဆုံးနှင့် သေဆုံးမှု အများဆုံး ဘေးဒဏ်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ လူအများအပြား ပျောက်ဆုံးနေဆဲဖြစ်သည့်အတွက် သေဆုံးသူဦးရေ ၁၀၀ ကျော်သွားမည်ကို စိုးရိမ်မိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒီဘီရှီယာက ပြောကြားသည်။

အဆိုပါလေဆင်နှာမောင်းသည် ကန်တက်ကီပြည်နယ်အတွင်း ဝင်ရောက်တိုက်ခတ်စဉ် မြေပြင်တစ်လျှောက် မိုင် ၂၀၀ ကျော်အထိ ရွေ့လျားခဲ့ရာ မြေပြင်တစ်လျှောက်ရွေ့လျားမှုအရှည်လျားဆုံး လေဆင်နှာမောင်းတစ်ခုအဖြစ် စံချိန်တင်ခဲ့သည်။

ထို့အပြင် ၁၉၂၅ ခုနှစ်က အမေရိကန်ပြည်ထောင်စု မစ်ဆူရီပြည်နယ်တွင် အလားတူလေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ၆၉၅ ဦး အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၃၈ ဦးရှိ

**ဟနွိုင်း ဒီဇင်ဘာ ၁၂**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၃၈ ဦး ထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၄၆၂၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၇ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါအစုလိုက် အပြုံလိုက် ကူးစက်ခံရမှုအများစုမှာ ဗီယက်နမ်နိုင်ငံ တောင်ပိုင်းမှဖြစ်ကြောင်းနှင့် ဟိုချီမင်းစီးတီး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၁၆ ဦး၊ တေနင်ပြည်နယ်၌ ၉၂၀ နှင့် ဒေါင်သက်ပြည်နယ်၌ ၇၄၅ ဦးရှိကြောင်း သိရသည်။



လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၄၁၃၀၅၁ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၇၈၃၉ ဦးရှိကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၂၉၅ ဦး ရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၅၄၇၂၀ ရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကာကွယ်ဆေး အလုံးရေ ၁၃၂ ဒသမ ၃ သန်းနီးပါး အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# နိုင်ငံအေးချမ်းလုံခြုံရေးအတွက် ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်နိုင်ကြောင်း အီရတ်ဝန်ကြီးချုပ် ပြောကြား

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၂**

အီရတ်နိုင်ငံအတွင်းမှ အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ ရုပ်သိမ်းမည့်အရေး အီရတ်နိုင်ငံက မိမိနိုင်ငံ အေးချမ်းလုံခြုံစေရန် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်သည်ဆိုသည့် အချက်ကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် မူစတာဖာ အယ်လ်ခါဟီမီက ယမန်နေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံနှင့် ရရှိခဲ့သော သဘောတူညီချက်အရ မဟာမိတ်တပ်ဖွဲ့ဝင်များသည် လာမည့်ရက်အနည်းငယ်အတွင်း အီရတ်နိုင်ငံမှ ရုပ်သိမ်းမည်ဖြစ်ကြောင်း ၁၉၂၁ ခုနှစ် ခေတ်မီအီရတ်နိုင်ငံ စတင်တည်ထောင်ခြင်းဆိုင်ရာ နှစ်ပတ်လည်အခမ်းအနား မိန့်ခွန်းတွင် ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

အီရတ်နိုင်ငံသားတိုင်း၏ လုံခြုံရေးအတွက် မိမိတို့တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူစတာဖာက ပြောကြားသည်။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် အခက်အခဲများ ကြုံတွေ့လာရနိုင်သော်လည်း ၎င်းကြုံတွေ့လာရမည့် အခက်အခဲများအား မိမိတို့၏ သားစဉ်မြေးဆက် ပခုံးပြောင်းတာဝန်များ ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အီရတ်နိုင်ငံရှိ မဟာမိတ်တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ရေးတာဝန်များပြီးစီးကြောင်းနှင့် အီရတ်နိုင်ငံမှ ရုပ်သိမ်းရမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၉ ရက်၌ အီရတ်နိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေး ကွာစင်အယ်လ်အရာဂျီက ကြေညာခဲ့သည်။ ပြည်ပမှ တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင် တပ်စွဲထားခြင်းမှ ရုပ်သိမ်းရေးဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ကြောင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၅ ရက်တွင် အီရတ်ပါလီမန်က ကြေညာခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ရုပ်သိမ်းရေးနှင့် ပတ်သက်၍ ယခုနှစ် ဇူလိုင်လက အီရတ်နှင့် အမေရိကန်အကြား ဆွေးနွေးခဲ့ကြသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းချိုးဖောက်ကြောင်း စွပ်စွဲမှုများနှင့် ရင်ဆိုင်နေရ



**လန်ဒန် ဒီဇင်ဘာ ၁၂**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် နိုင်ငံအတွင်းချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား ချိုးဖောက်ခဲ့ကြောင်း စွပ်စွဲမှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ယမန်နှစ် ဒီဇင်ဘာ ၁၈ ရက်က ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်၏နေအိမ်တွင် ပါတီပွဲတစ်ခုအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာခြင်းမရှိဘဲ တရားမဝင်ကျင်းပခဲ့မှုနှင့်ပတ်သက်၍ ၎င်းအား လက်ရှိအချိန်၌ အဆက်မပြတ် ဝေဖန်မှုများရှိနေပြီး ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုမှုများရှိနေကြောင်း သိရသည်။

သို့ရာတွင် မိမိသည် အဆိုပါ ပါတီပွဲအား လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းအပါအဝင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဂျွန်ဆင်က ပြောကြားခဲ့သည်။

သို့ရာတွင် ဝန်ကြီးချုပ်ဂျွန်ဆင်သည် အဆိုပါ ပါတီပွဲမကျင်းပမီ ၎င်း၏ဝန်ထမ်းများအတွက် လူခြောက်ဦး ပါဝင်သောအဖွဲ့လေးဖွဲ့ဖြင့် ညဏ်စမ်းပဟေဠိပြိုင်ပွဲတစ်ခု ကျင်းပခဲ့ကြောင်း ဆန်းဒေးမိုင်ရာသတင်းစာက ဓာတ်ပုံနှင့်တကွ ဖော်ပြခဲ့သည်။

ယမန်နှစ် အဆိုပါအချိန်က ဗြိတိန်နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေမှုကြောင့် ပါတီပွဲများနှင့် အခမ်းအနားများအား ကျင်းပခွင့်ပိတ်ပင်ထားကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - စိုးသူရ**



# ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ မြောက်ကိုရီးယားအရေးဆွေးနွေး

**ဗြိုက်တန် ဒီဇင်ဘာ ၁၂**

စက်မှုထိပ်သီးခုနစ်နိုင်ငံ(ဂျီ-၇)မှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက်က ဗြိတိန်နိုင်ငံ လီဗာပူးမြို့၌ စတင်ကျင်းပခဲ့ရာ မြောက်ကိုရီးယားအရေးကိစ္စသည် အဆိုပါအစည်းအဝေး၏ အဓိကဆွေးနွေးသည့်ခေါင်းစဉ်ဖြစ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ စက်မှုထိပ်သီးခုနစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် မြောက်ကိုရီးယားအရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် စက်မှုထိပ်သီးခုနစ်နိုင်ငံအနေဖြင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှိယိုရှီမာဆာက တောင်းဆိုခဲ့ကြောင်း သိရသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲခေါ်ဆောင်သွားသည့် ဂျပန်နိုင်ငံသားများ၏ ပြဿနာကို ဖြေရှင်းပေးရန် ဂျီ-၇ နိုင်ငံများအနေဖြင့် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အပြည့်အဝပေးရန်လည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှိယိုရှီမာဆာက တောင်းဆိုခဲ့သည်။ ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများကလည်း ဂျပန်နိုင်ငံ၏ အဆိုပါတောင်းဆိုမှုအပေါ် ထောက်ခံခဲ့ကြောင်း သိရသည်။

**သဘောတူညီခဲ့**

ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အီရန်နျူကလီးယားစာချုပ် ကိစ္စသည်လည်း ဦးစားပေးခေါင်းစဉ်တစ်ရပ်ဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီချက်ကို ပြန်လည်အသက်သွင်းရန် အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် တိုက်ရိုက်ဆွေးနွေးမှုများ အရှိန်မြှင့်လုပ်ဆောင်သင့်ကြောင်းလည်း ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆၂၆ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၂**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆၂၆ ဦး ထပ်မံတွေ့ရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၁ ဦး ထပ်မံတွေ့ရှိကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆၂၆ ဦးအနက် ၄၆၀၆ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၀ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၆၈၀၁၄၉ ဦးရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၈၆၂ ဦးရှိကြောင်း သိရသည်။ ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၆၉၀ ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၅၉၆၅၀၉ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၆၀၇၇၈ ဦးရှိကြောင်း၊ ယင်းတို့အနက် ၃၉၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၂၁၁ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၉ ဒသမ ၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၇၈ ဒသမ ၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၇၇၄ ဦးရှိ



**နယူးဒေလီ ဒီဇင်ဘာ ၁၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၇၇၄ ဦး ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၄၆၉၀၅၁၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၀၆ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၇၅၄၃၄ ဦး ရှိလာကြောင်း သိရသည်။

**ရောဂါပိုးတွေ့ရှိဆဲလူနာ ၉၂၈၁ ဦးရှိ**

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၉၂၂၈၁ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှဆင်းခွင့်ရရှိသူ ၈၄၆၄ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၄၁၂၂၇၉၅ ဦး ရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဗြိတိန်၌ တစ်ရက်အတွင်း အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်ခံရသူ ၆၃၃ ဦးဖြင့် နေ့စဉ်ကူးစက်မှုစံချိန်တင်

**လန်ဒန် ဒီဇင်ဘာ ၁၂**
ဗြိတိန်နိုင်ငံတွင် အိုမီခရွန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း အဆိုပါ ဗီဇပြောင်းပိုင်းရပ်စ် စတင်တွေ့ရှိခဲ့ချိန်မှစ၍ နေ့စဉ် ရောဂါကူးစက်မှုနှုန်း အများဆုံးဖြစ်လာကြောင်း ဗြိတိန် ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ဗြိတိန်တွင် တစ်ရက်အတွင်း အိုမီခရွန် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၃၃ ဦးတွေ့ရှိခဲ့ပြီးနောက် အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၁၈၉၈ ဦး ရှိလာသည်။ ကျန်းမာရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များက ရောဂါထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကို မလုပ်ဆောင်ခဲ့ပါက လာမည့်နှစ်ဧပြီလကုန်တွင် ဗြိတိန်နိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူ ၂၅၀၀၀ နှင့် ၇၅၀၀၀ အကြား သေဆုံးမှုဖြစ်ပွားနိုင်ကြောင်း သတိပေးနေစဉ် နေ့စဉ်ရောဂါကူးစက်မှု နောက်ဆုံးအချက်အလက် ထွက်ပေါ်လာရခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံတွင် လက်ရှိ အိုမီခရွန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်းအတိုင်း ဆက်လက်ကူးစက်ပါက ယခုနှစ်ဒီဇင်ဘာလတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်သည် အိုမီခရွန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဖြစ်လာမည်ဖြစ်ကြောင်း ဗြိတိန်ကျန်းမာရေး အေဂျင်စီက ခန့်မှန်းထားသည်။

ထို့အပြင် လက်ရှိရောဂါကူးစက်မှုနှုန်း မပြောင်းလဲခဲ့ပါက ယခုဒီဇင်ဘာလကုန်တွင် ဗြိတိန်နိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်သန်းကျော်ရှိလာမည်ဖြစ်ကြောင်း ဗြိတိန်ကျန်းမာရေးအေဂျင်စီက ထပ်မံခန့်မှန်းထားသည်။

ယမန်နေ့ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ ဗြိတိန်နိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၄၀၇၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီးနောက် အဆိုပါ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၇၇၁၄၄၄ ဦးရှိလာကြောင်း သိရသည်။

အလားတူ ဗြိတိန်တွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၃၂ ဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၄၆၃၈၇ ဦးရှိလာသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**




# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၂၅၅ ဦးရှိ

**အန်ကာရာ ဒီဇင်ဘာ ၁၂**
တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၂၅၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၀၂၂၂၃ ဦးရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၉၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၇၈၉၆၉ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၃၈၀ ရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီ ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။



လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၅၆ ဒသမ ၅ သန်းကျော်ရှိကြောင်း၊ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၀ ဒသမ ၈၉ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေပေါင်း ၁၂၁ ဒသမ ၆ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀ သန်းကျော်ရှိလာ

**မော်စကို ဒီဇင်ဘာ ၁၂**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၉၂၉ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၀၁၆၈၉၆ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၃၂ ဦးထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၉၄၈၃ ဦးရှိလာကြောင်း သိရသည်။




ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၁၃၉၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၈၇၄၁၃၅၅ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၆၂ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၈၄၃၇၈ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ နိုင်ငံသား ၇၄ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီး ဖြစ်ကြောင်းနှင့် ၆၇ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီး ဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်ခံရမှု ရှိ၊ မရှိ ၂ နာရီအတွင်း သိရှိနိုင်မည့် ရောဂါစမ်းသပ်ရေးကိရိယာ အိန္ဒိယနိုင်ငံထုတ်လုပ်

**နယူးဒေလီ ဒီဇင်ဘာ ၁၂**
အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်ကူးစက်ခံရမှု ရှိ၊ မရှိ အချိန် ၂ နာရီအတွင်း သိရှိနိုင်မည့် ရောဂါစမ်းသပ်ရေးကိရိယာအား အိန္ဒိယနိုင်ငံရှိ ဆေးသိပ္ပံပညာရှင်များက ထုတ်လုပ်လိုက်ကြောင်း အိန္ဒိယဆေးပညာသုတေသနကောင်စီ၏ပြောကြားချက်ကို ကိုးကား၍ မီဒီယာများက ယနေ့ ထုတ်ပြန်သည်။

အဆိုပါ ကိရိယာအား အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဆေးသုတေသနစင်တာမှ ဆေးသိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ရှိ၊ မရှိ စမ်းသပ်စစ်ဆေးသည့် ကိရိယာအား ယခုကဲ့သို့ပညာရှင်များက တီထွင်ထုတ်လုပ်နိုင်ခြင်းသည် အရေးပါသော အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း၊ သာမန်အားဖြင့် အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်ကူးစက်ခံရခြင်း ရှိ၊ မရှိ ရောဂါပိုး၏ မျိုးရိုးဗီဇစစ်ဆေးခြင်းနည်းဖြင့် ရောဂါရှာဖွေစစ်ဆေးမည်ဆိုပါက ငါးရက်ခန့် အချိန်ကြာမြင့်မည်ဖြစ်ကြောင်း ဆေးသိပ္ပံပညာရှင်အကြီးအကဲ ဒေါက်တာ ဘက်စဝါရိုတီ ဘော်ကာကိုတီက ပြောကြားသည်။

ထို့ပြင် အဆိုပါရောဂါစမ်းသပ်စစ်ဆေးသည့်ကိရိယာ၏ စစ်ဆေးချက်ရလဒ်သည် ရာခိုင်နှုန်းပြည့် မှန်ကန်မှုရှိကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံ၏ ပြည်နယ်အများအပြား၌ အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်မှုများတွေ့ရှိနေရသည့် လက်ရှိအချိန်၌ ၎င်းကိရိယာအား တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ချန်ဒါဂတ်ပြည်နယ်၊ အန်ဒရာပရာဒေ့ရှ်ပြည်နယ်နှင့် ကာနာတာကာပြည်နယ်များ၌ ယနေ့တွင် အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦးကို တွေ့ရှိရသောကြောင့် နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်း ကူးစက်ခံရသူ ၃၆ ဦးရှိလာကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၇၀၁၀၂၂၇၅ | ဦး |
| သေဆုံးသူ | ၅၃၂၀၃၀၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၄၂၈၉၀၁၂၅ | ဦး |

# အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း သူနာပြုဆရာမ တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူအချို့ သေဆုံး/ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ကိုယ်ကျိုးအတွက် ကိုအခြေခံ၍ အပြစ်မဲ့ပြည်သူများအား နည်းမျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် နေသူ ကိုအာကာဖြိုး(၃၀)နှစ်နှင့် ဇနီးဖြစ်သူ သူနာပြုဆရာမ ဒေါ်ချမ်းမြငြိမ်း(၂၉) တို့နှစ်ဦးသည် နေအိမ်မှ City Hospital ဆေးရုံသို့ သွားရောက်စဉ် ၆၂လမ်း၊ ၁၀၄x ၁၀၅ လမ်းကြားသို့အရောက်၌ ဆိုင်ကယ်မောင်းနှင် လိုက်ပါလာသည့် လက်နက်ကိုင်အကြမ်းဖက်သမားနှစ်ဦးက ပစ္စတို သေနတ်ဖြင့် သုံးချက်ပစ်ခတ်ကာ ထွက်ပြေးသွားခဲ့သည်။ လက်နက်ကိုင် အကြမ်းဖက်သမား၏ပစ်ခတ်မှုကြောင့် သူနာပြုဆရာမ ဒေါ်ချမ်းမြငြိမ်း နှင့် ခင်ပွန်းဖြစ်သူတို့သည် သေနတ်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ၎င်းနေရာမှ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် USA 9 mm LUGER ကျည်ခွံနှစ်ခုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သူနာပြုဆရာမ ဒေါ်ချမ်းမြငြိမ်းသည် CDM တွင် ပါဝင်ခြင်း မရှိသည့်အတွက် မေ ၂၉ ရက်တွင် ပြုလုပ်ခဲ့သည့် ၎င်းတို့၏ မင်္ဂလာဆောင်အခမ်းအနားသို့ အကြမ်းဖက်သမားများက လက်ဖွဲ့ဘူးအတွင်း လက်လုပ်မိုင်းတစ်လုံး ထည့်သွင်းပေးပို့၍ အကြမ်းဖက်သတ်ဖြတ်ရန် လုပ်ဆောင်ခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုဖြစ်စဉ်တွင် ဒေါ်ချမ်းမြငြိမ်းမှာ သေဆုံး/ဒဏ်ရာရခြင်းမရှိခဲ့သည့်အတွက် ယခုကဲ့သို့ ထပ်မံ၍ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ချမ်းမြသာစည်မြို့နယ်၌ ကိုအာကာဖြိုးနှင့် သူနာပြုဆရာမ ဒေါ်ချမ်းမြငြိမ်း သေဆုံးမှု မှတ်တမ်းဓာတ်ပုံ။



ပြည်ကြီးတံခွန်မြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးငြိမ်းဟန် သေနတ်ပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



ချမ်းမြသာစည်မြို့နယ်၌ ကပ္ပိယအဖြစ် လိုက်ပါသူ ဦးဇော်စိုင်းဝင်း သေနတ်ပစ်ခတ်ခံရသဖြင့် ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများအနေဖြင့် ကျန်းမာရေးဝန်ထမ်းများကိုသာ ပစ်မှတ်ထားတိုက်ခိုက်ခြင်းမဟုတ်ဘဲ အခြားအုပ်ချုပ်ရေးအဖွဲ့အစည်းဝင်ဖြစ်သည့် ရပ်ကွက်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များကိုပါ ပစ်မှတ်ထားသတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိရာ ပြည်ကြီးတံခွန်မြို့နယ် (ဓ)ရပ်ကွက်နေ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစိုးငြိမ်းဟန် (၄၁) နှစ်သည် ယနေ့နံနက် ၇ နာရီခွဲခန့်တွင် ၁၃၃ လမ်း၊ ၅၆(A) x ၅၆ (ဘီ)လမ်းရှိ ရှမ်းခေါက်ဆွဲဆိုင်တွင် ခေါက်ဆွဲစားသောက်နေစဉ် ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမား နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့သဖြင့် ဦးစိုးငြိမ်းဟန်တွင် သေနတ်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး သေဆုံးခဲ့သည်။ ထို့ပြင် ဆိုင်အတွင်းရှိ တစ်ရပ်ကွက်တည်းနေသူ မောင်ဖုန်းနေခန့် အသက် (၁၈)နှစ်တွင်လည်း လက်ဝဲဘက်ခါးစောင်း ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက် ရရှိခဲ့သည့်အတွက် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှုခံယူရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပို့ဆောင်ခဲ့ကြောင်းနှင့် ဖြစ်စဉ်နေရာမှ NRC 9 mm LUGER ကျည်ခွံနှစ်ခုအား တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်သတ်ဖြတ်မှုများကျူးလွန်ရာတွင် ဘာသာရေးအရ ကိုးကွယ်ရာဖြစ်သည့် ရဟန်းသံဃာများ ဆွမ်းခံကြွရောက်မှုကိုပင် ရည်ရွယ်ချက်ရှိစွာဖြင့် ပစ်ခတ်သတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ လုပ်ဆောင်လျက်ရှိရာ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ ဦးဇော်စိုင်းဝင်း (၄၀) နှစ်သည် သာသနာ့သုခီဝါဆိုဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ ဆွမ်းခံကြွရာ၌ ကပ္ပိယကျောင်းသားအဖြစ် လိုက်ပါဆောင်ရွက်ပေးစဉ် ယနေ့နံနက် ၇ နာရီခွဲခန့်၌ ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သမားနှစ်ဦးက ဦးဇော်စိုင်းဝင်းအား သံဃာတော်များ အကြား၌ပင် ပစ္စတိုသေနတ်ဖြင့် တစ်ချက်ပစ်ခတ်ခဲ့သဖြင့် ဝဲဘက်နားအနောက် ကျည်ဖောက်ဝင်ဒဏ်ရာရရှိခဲ့သည့်အတွက် ဦးဇော်စိုင်းဝင်းအား မန္တလေးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်လက်နက်ကိုင် PDF အဖွဲ့များမှ ယခုကဲ့သို့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုများကို Khit Thit Media အပါအဝင် တိုင်းပြည်အား ပျက်စီးစေလိုသည့် ပြည်တွင်းပြည်ပမှ အချို့မီဒီယာများနှင့် လူပုဂ္ဂိုလ်များက သတင်းမှားများ ရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။ ဖြစ်စဉ်များတွင် သိမ်းဆည်းရမိသည့် ပစ္စတိုကျည်ခွံများသည် အကြမ်းဖက်သမားများ အများဆုံးအသုံးပြုနေသည့် ပစ္စတိုကျည်ခွံများဖြစ်သည့်အပြင် ရုပ်သံအထောက်အထားများ၊ လူပုဂ္ဂိုလ်အထောက်အထားများအရ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ထင်ရှားစွာ သိရှိနိုင်မည်ဖြစ်သည်။ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ကို ထောက်ခံအားပေးခြင်းမပြုသောသူများ၊ တာဝန်သိ နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများအား နည်းမျိုးစုံဖြင့် တိုက်ခိုက်သတ်ဖြတ်လျက်ရှိပြီး ရဟန်းသံဃာများကိုပင် ပစ်မှတ်ထားတိုက်ခိုက်လာမှုကြောင့် ရဟန်းသံဃာ ၁၄ ပါး ပျံလွန်တော်မူခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသားပြည်သူလူထုများအနေဖြင့် အမြင်မတူသူမှန်သမျှကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်လျက်ရှိသည့် PDF အကြမ်းဖက်အဖွဲ့များ ရပ်တည်နိုင်မှုမရှိစေရေးနှင့် ၎င်းတို့အား နည်းမျိုးစုံဖြင့် ထောက်ပံ့လျက်ရှိသူများအား ထပ်မံထောက်ပံ့နိုင်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည့်ဝစွာပူးပေါင်း၍ လက်တွဲဆောင်ရွက်သွားကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

# ပေါက်မြို့နယ်ရှိ ကလေးသူငယ်များ ပညာသင်ကြားလျက်ရှိသော စာသင်ကျောင်းတစ်ကျောင်းအား အဖျက်အမှောင့်ဆောင်ရွက်ရန်အတွက် အကြမ်းဖက်သူအမျိုးသားနှစ်ဦးက မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် ဆေးရုံ၊ စာသင်ကျောင်းများ၊ နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများအား ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးခြင်း၊ ရက်စက်ယုတ်မာစွာ အကြမ်းဖက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ အရွယ်မရောက်သေးသည့် ကလေးသူငယ်များကိုပါ အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်လာစေရန် သွေးထိုးမြှောက်ပင့်၍ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ရန် စေခိုင်းလျက်ရှိသည်။

ထိုသို့ စေခိုင်းလျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက် ည ၇ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဆင်ဇာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကလေးသူငယ်များ ပညာသင်ကြားလျက်ရှိစဉ် အဖျက်အမှောင့်ဆောင်ရွက်ရန်အတွက် ကျောင်းရှေ့ခြံစည်းရိုးအုတ်တံတိုင်းအနီး၌ ခင်တန်းရှည်ကျေးရွာနေ ဝေဖြိုးဦး (၁၇)နှစ် (ဘ) ဦးမျိုးသက်နှင့် ကူးကားကျေးရွာနေ အောင်ဆန်းငြိမ်း(၁၆)နှစ် (ဘ) ဦးရဲမြင့်တို့ နှစ်ဦးသည် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အနီးမှ လက်လုပ်မိုင်းအပိုင်းအစများ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။







ပေါက်မြို့နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းအား အကြမ်းဖက်သူအမျိုးသားနှစ်ဦးက မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ စာသင်ကျောင်းအား ဖောက်ခွဲတိုက်ခိုက်ရန်အတွက် မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဝေဖြိုးဦးနှင့် အောင်ဆန်းငြိမ်းတို့ နှစ်ဦးကို ဆေးဝါးကုသမှုခံယူနိုင်ရေး ပေါက်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းနှင့် ၎င်းတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မိုးကုတ်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော PDF အကြမ်းဖက်အဖွဲ့များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုအခြေပြဇယား








၂၀၂၁ ခုနှစ် မေ ၁၆ ရက်တွင် မိုးကုတ်မြို့နယ် မြို့မရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၁ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် မိုးကုတ်မြို့နယ် မြို့မရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





မိုးကုတ်မြို့ မြို့မအုပ်စု ထင်းရှူးခြံရပ်ကွက်၌ လုံခြုံရေးဆောင်ရွက်နေသည့်ယာဉ်အား လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၁၅-၁၁-၂၀၂၁ ရက်တွင် မိုးကုတ်မြို့နယ် လယ်ဦးရပ်တွင် တရားခံ အောင်ကိုဝင်းနှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

❍ **ကျောဖုံးမှ**

တရားခံ**အောင်ကိုဝင်း**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၂၁ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့ အောင်မြေသုခရပ်၌ **ဘိုဘိုအောင်(ခ)ဘိုတေ** (၃၇)နှစ်ကို KA-25 သေနတ် သုံးလက်၊ ပလတ်စတစ်မိုင်း လေးလုံး၊ လက်လုပ်မိုင်း တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံ **ဘိုဘိုအောင်(ခ)ဘိုတေ**၏ ထွက်ဆိုချက်အရ မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက် ပိတ်ဆွယ်နယ်မြေ(၃)အရှေ့ဘက်ရှိ တောင်ယာတဲမှ KA-25 သေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၎င်းကျည်ငါးတောင့်၊ M-79 ဗုံးပစ်လောင်ချာ နှစ်လက်၊ ၄၀ မမ ဗုံးသီး သုံးလုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

**ဖမ်းဆီးရမိ**

တရားခံများ၏ထွက်ဆိုချက်အရ ဒီဇင်ဘာ ၃ ရက်တွင် မိုးကုတ်မြို့ ပြောင်းပြင်ကျေးရွာ ရတနာရှင်ကုမ္ပဏီအနီး၌ **သန့်ဇော်(ခ)ပေါက်စ** (၂၆)နှစ်၊ **အောင်မြတ်သူ(ခ)မှဲ့ကြီး** (၂၀)နှစ်တို့ နှစ်ဦးကို KA-25 သေနတ် နှစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်တောင့် ၆၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံ **သန့်ဇော်(ခ)ပေါက်စ**၏ ထွက်ဆိုချက်အရ ရေပူအုပ်စု ကျောက်လုပ်ကွက်ဟောင်းနေရာအား သွားရောက်ရှင်းလင်းစဉ် အကြမ်းဖက်သမားများမှ စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ **ဇော်မျိုးထွန်း(ခ)အုပ်ကြီး**(၄၀)နှစ်၊ **ပေါ်လု(ခ)မုဆိုး**(၂၉)နှစ်၊ **ခွန်ထွန်း**(၆၆)နှစ်တို့ သုံးဦးကို KA-25 သေနတ် သုံးလက်၊ ကျည်အိမ် သုံးခု၊ ကျည်တောင့် ၁၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး **ဘိုစည်** (၂၅)နှစ်နှင့် **ချမ်းမြေ့ထွန်း**(၃၅)နှစ်တို့ နှစ်ဦးကို အသေဖမ်းဆီးရမိခဲ့သည်။

တရားခံ **ဇော်မျိုးထွန်း(ခ)အုပ်ကြီး**၏ ထွက်ဆိုချက်အရ ကျောက်လုပ်ကွက်ဟောင်းအနီး တောင်ယာတဲ၌ KA-25 သေနတ် သုံးလက်၊ ကျည်အိမ် သုံးခု၊ ကျည်တောင့် ၁၄၀၊ M-79 ဗုံးပစ်လောင်ချာ တစ်လက်၊ ၄၀ မမဗုံးသီး ရှစ်လုံးနှင့် လက်ပစ်ဗုံး နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး တရားခံ **ဇော်မျိုးထွန်း(ခ)အုပ်ကြီး**၏ ထွက်ဆိုချက်အရမိုးကုတ်မြို့ မင်းတံတားရပ် ဘော်မား-ကျောက်ဆင်သွားလမ်းဘေးရှိတောင်ယာတဲ၌ **ထင်ကျော်**(၄၆) နှစ်အား KA-25 သေနတ် တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ မင်းတံတားရပ်ကွက် လွယ်ဆစ်တောင်ကုန်းအနီး၌ KA-25 သေနတ်အလက် ၂၀၊ ကျည်အိမ် ရှစ်ခု၊ ကျည် ၇၃၅ တောင့်၊ စစ်ချပ်ဝတ် သုံးခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ **အမျိုးသား ရှစ်ဦးကို လက်နက်ငယ်မျိုးစုံ ၄၂ လက်**၊ ဗုံးသီးနှင့် မိုင်းမျိုးစုံ ၂၀၊ ကျည်မျိုးစုံ အတောင့် ၁၂၉၀၊ ကျည်အိမ် ၂၄ ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ **ဘိုဘိုအောင်(ခ)ဘိုတေသည်** ဧပြီလကုန်မှ ဇွန်လပထမပတ်အထိ NLD လူငယ်အဖွဲ့ဝင်ဖြစ်သူ ဖမ်းဆီးရန်ကျန်

**စာမျက်နှာ ၁၆ သို့** ❑













၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် မိုးကုတ်မြို့နယ် ရှောလီဝိုင်းရပ်ကွက် ကန်တော်ရပ် အရှေ့ဘုန်းကြီးကျောင်းအနီးရှိ Mytel တာဝါတိုင်အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် မိုးကုတ်မြို့နယ် မြို့မရပ်ကွက် ညောင်သုံးပင်ရပ်နေ အပြစ်မဲ့ပြည်သူ တစ်ဦးအား ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာအုပ်စု ပန်းမ(အောက်)ရပ်နေ အပြစ်မဲ့ပြည်သူ နှစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာ ကျောက်ဖားရပ်နေ အပြစ်မဲ့ပြည်သူ တစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် မိုးကုတ်မြို့နယ် ရှောလီဝိုင်းရပ်ကွက် ရွှေကူ(၁၉) ရပ်နေ အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် မိုးကုတ်မြို့နယ် ချောင်းကြီးကျေးရွာအုပ်စု အလယ်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ အဖိုးတန်ပစ္စည်းများ ယူဆောင်သွားသည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက် ပိတ်စွယ်နယ်မြေ(၃)နေ အပြစ်မဲ့ပြည်သူ လေးဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

❑ စာမျက်နှာ ၁၅ မှ

**ထက်ဇော်**နှင့် **ငြိမ်းချမ်း**တို့၏ ချိတ်ဆက်မှုဖြင့် မိုးမိတ်မြို့ ရွှေညောင်ကျေးရွာအနီး TNLA သောင်းကျန်းသူအဖွဲ့မှ ဖွင့်လှစ်သည့် အကြမ်းဖက်သင်တန်း အမှတ်စဉ်(၁/ခ)အား ဖမ်းဆီးရန်ကျန် **စောဌေး၊ ဗလကြီး(ခ) စိုင်းစံ၊ စိုင်းစိုင်း**တို့နှင့်အတူ တက်ရောက်ခဲ့ကြောင်း၊ တရားခံ **ဇော်မျိုးထွန်း(ခ) အုပ်ကြီး**သည် ဧပြီလဒုတိယပတ်တွင် ဖမ်းဆီးရန်ကျန် ရှောလီဝိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးဟောင်း **စိုးမြင့်**၏ချိတ်ဆက်မှုဖြင့် KIA သောင်းကျန်းသူရင်း(၃၆)နယ်မြေတွင် အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ပတ္တမြားမြေ PDF အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန် **နိုင်ငံကျော်(ခ)အောင်နိုင်** (NLDပါတီ မိုးကုတ်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)၏ ထောက်ပံ့ပေးမှုဖြင့် ဖမ်းဆီးရန်ကျန် **စိုးမြင့်**ဦးဆောင်၍ **ဘိုဘိုအောင်(ခ)ဘိုတေ၊ ဇော်မျိုးထွန်း(ခ)အုပ်ကြီး**နှင့် ဖမ်းဆီးရန်ကျန် **စောဌေး၊ ငြိမ်းချမ်း(ခ) ဘဂျမ်း၊ ထက်ရှိုင်း၊ မောင်ရှိုင်း၊ ဗလကြီး၊ မျောက်ညို၊ ကျွဲကြီး**တို့ဖြင့် လည်းကောင်း၊ မိုးကုတ်(အနောက်ပိုင်း) PDF အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန် **စိန်ထွန်းလင်း**(NLD ပါတီ မိုးကုတ်မြို့နယ်၊ တိုင်း-၂ လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၏ ထောက်ပံ့ပေးမှုဖြင့် ဖမ်းဆီးရန်ကျန် **ဖိုးနီ** ဦးဆောင်၍ **ပုချို၊ အေးမင်း၊ အယ်လ်ဖြူ**တို့ဖြင့် လည်းကောင်း၊ မုန်တိုင်း PDF အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန် **မုန်တိုင်း(ခ) သန်းမြတ်စိုး** ဦးဆောင်၍ လည်းကောင်း အသီးသီးဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရမိ လက်နက်/ခဲယမ်းများအား အောက်တိုဘာလ ဒုတိယပတ်တွင် ဖမ်းဆီးရန်ကျန် **စိုးမြင့်**၏ ချိတ်ဆက်မှုဖြင့် ပတ္တမြားမြေ PDF အကြမ်းဖက်အဖွဲ့မှ တရားခံ **ဇော်မျိုးထွန်း(ခ)အုပ်ကြီး** ဦးဆောင်၍ KIA သောင်းကျန်းသူရင်း(၃၄) လှုပ်ရှားရာ မိုးမိတ်မြို့နယ် တုံးကြီးကျေးရွာမှ မိုးကုတ်မြို့သို့ သယ်ဆောင်ခဲ့ရာ နိုဝင်ဘာလပထမပတ်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

မိုးကုတ်မြို့နယ်အတွင်း PDF အကြမ်းဖက်အဖွဲ့များမှ ဖောက်ခွဲရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများအနေဖြင့်-

- မေ ၁၆ ရက်တွင် မိုးကုတ်မြို့နယ် မြို့မရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူးရုံးအား **ဘိုဘိုအောင်(ခ)ဘိုတေ**နှင့် ဖမ်းဆီးရန်ကျန် **မီတာ**တို့က လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ဩဂုတ် ၂၂ ရက်တွင် မိုးကုတ်မြို့ မြို့မအုပ်စု ထင်းရှူးခြံရပ်ကွက်၌ လုံခြုံရေးဆောင်ရွက်နေသော မော်တော်ယာဉ်အား ဖမ်းဆီးရန်ကျန် **တက်တူး(ခ)သက်ဇော်ဟိန်း**တို့အဖွဲ့က လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- စက်တင်ဘာ ၃ ရက်တွင် မိုးကုတ်မြို့ မြို့မရပ်ကွက် မြို့နယ်စည်ပင်ရုံးအား **ဘိုဘိုအောင်(ခ)ဘိုတေ၊ ဇော်မျိုးထွန်း(ခ) အုပ်ကြီး**နှင့် ဖမ်းဆီးရန်ကျန် **ဘူချစ်(ခ)ထက်နေဝင်း**တို့က လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။

**စာမျက်နှာ ၁၇ သို့** ❑



၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် မိုးကုတ်မြို့ မင်းတံတားရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံး၌ နိုင်ငံ့ဝန်ထမ်း တစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက် ပိတ်စွယ်နယ်မြေ(၃)နေ အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် မိုးကုတ်မြို့နယ် မြို့မရပ်ကွက် ဈေးသစ်ရပ်ရှိ ကွမ်းနှင့် ကွမ်းယာပစ္စည်းဆိုင်၌ အပြစ်မဲ့ပြည်သူ နှစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဘိုစည်(၂၅)နှစ်(သေဆုံး)




ချမ်းမြေ့ထွန်း(၃၅)နှစ်(သေဆုံး)



၃-၁၂-၂၀၂၁ ရက်တွင် မိုးကုတ်မြို့နယ် ရေပူအုပ်စု ကျောက်လုပ်ကွက်ဟောင်းနေရာတွင် တရားခံ ဇော်မျိုးထွန်း(ခ)အုပ်ကြီးနှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၃-၁၂-၂၀၂၁ ရက်တွင် မိုးကုတ်မြို့နယ် မင်းတံတားရပ်ကွက် လွယ်ဆစ်တောင်ကုန်းအနီး သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၃-၁၂-၂၀၂၁ ရက်တွင် မိုးကုတ်မြို့နယ် ပြောင်းပြင်ကျေးရွာ ရတနာရှင်ကုမ္ပဏီအနီး တရားခံ သန့်ဇော်(ခ)ပေါက်စနှင့် အောင်မြတ်သူ(ခ)မှဲ့ကြီး တို့နှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

❑ စာမျက်နှာ ၁၆ မှ

- စက်တင်ဘာလ ၁၃ ရက်တွင် မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက် အရှေ့ရွာဘုန်းကြီးကျောင်းအနီးရှိ Mytel တာဝါတိုင်အား **ဘိုဘိုအောင်(ခ)ဘိုတေ**နှင့် ဖမ်းဆီးရန်ကျန် **ချိုငယ်၊ မီတာ၊ စိုင်းစိုင်း၊ ဗလကြီး**တို့မှ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


မိုးကုတ်မြို့နယ်အတွင်း PDF အကြမ်းဖက်အဖွဲ့များမှ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်ခဲ့မှုများအနေဖြင့်-

- မိုးကုတ်(အနောက်ပိုင်း) PDF အကြမ်းဖက်အဖွဲ့မှ ဇူလိုင်လ ၁၃ ရက်တွင် မိုးကုတ်မြို့ မြို့မရပ်ကွက် ညောင်သုံးပင်ရပ်နေ အပြစ်မဲ့ပြည်သူ တစ်ဦးအား လည်းကောင်း၊ နိုဝင်ဘာလ ၁၂ ရက်တွင် မိုးကုတ်မြို့ ကျပ်ပြင်ကျေးရွာ ကျောက်ဖားရပ်နေ အပြစ်မဲ့ပြည်သူ တစ်ဦးအားလည်းကောင်း၊ နိုဝင်ဘာလ ၃၀ ရက်တွင် မိုးကုတ်မြို့ ကျပ်ပြင်ကျေးရွာအုပ်စု ပန်းမ(အောက်)ရပ်နေ အပြစ်မဲ့ ပြည်သူ နှစ်ဦးအားလည်းကောင်း လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- ပတ္တမြားမြေ PDF အကြမ်းဖက်အဖွဲ့မှ ဇူလိုင်လ ၂၆ ရက်တွင် မိုးကုတ်မြို့ ချောင်းကြီးကျေးရွာအုပ်စု အလယ်ကျေးရွာနေအပြစ်မဲ့ ပြည်သူတစ်ဦးအား **ဇော်မျိုးထွန်း(ခ)အုပ်ကြီး၊** ဖမ်းဆီးရန်ကျန် **ဗလကြီး၊ မောင်ရှိုင်း၊ ထက်ရှိုင်း၊ ချိုငယ်၊ တက်တူး(ခ)သက်ဇော်ဟိန်း**နှင့် **မျိုးလင်းကို**တို့ ခုနစ်ဦးမှ သတ်ဖြတ်၍ နေအိမ်ရှိအဖိုးတန်ပစ္စည်းများအားယူဆောင်သွားခဲ့ကြောင်း။
- စက်တင်ဘာလ ၆ ရက်တွင် မိုးကုတ်မြို့ မြို့မရပ်ကွက် ဈေးသစ်ရပ်ရှိ ကွမ်းနှင့် ကွမ်းပစ္စည်းဆိုင်၌ အပြစ်မဲ့ပြည်သူ နှစ်ဦးအား **ဇော်မျိုးထွန်း(ခ)အုပ်ကြီး**မှ လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- စက်တင်ဘာလ ၁၆ ရက်တွင် မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက် ရွှေကူ(၁၉)ရပ်နေ အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးအား **ဇော်မျိုးထွန်း(ခ)အုပ်ကြီး**၏ စေခိုင်းမှုဖြင့် ဖမ်းဆီးရန်ကျန် **မီတာ၊ ချိုငယ်၊ မောင်ရှိုင်း**တို့ သုံးဦးမှ လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- စက်တင်ဘာလ ၂၂ ရက်တွင် မိုးကုတ်မြို့ မင်းတံတားရပ်ကွက် မြို့နယ်လျှပ်စစ်ရုံး၌ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်း တစ်ဦးအား **ဘိုဘိုအောင်(ခ)ဘိုတေ၊ ဇော်မျိုးထွန်း(ခ)အုပ်ကြီး၊** ဖမ်းဆီးရန်ကျန် **မီတာ၊ ဗလကြီး၊ မောင်ရှိုင်း**နှင့် **မျိုးလင်းကို**တို့မှ လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- နိုဝင်ဘာလ ၁၄ ရက်တွင် မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက် ပိတ်စွယ်နယ်မြေ (၃)နေ အပြစ်မဲ့ပြည်သူ လေးဦးအား **ဇော်မျိုးထွန်း(ခ)အုပ်ကြီး**၏ စေခိုင်းမှုဖြင့် **အောင်ကိုဝင်း(ခ)မိုးသီး၊** ဖမ်းဆီးရန်ကျန် **ထက်ရှိုင်း၊ မောင်ရှိုင်း၊ ကိုကို၊ ဗလကြီး**တို့မှ လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- ဒီဇင်ဘာလ ၃ ရက်တွင် မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက် ပိတ်စွယ်နယ်မြေ(၃)နေ အပြစ်မဲ့ပြည်သူတစ်ဦးအား ဇော်မျိုးထွန်း(ခ)အုပ်ကြီး၏ စေခိုင်းမှုဖြင့် ဖမ်းဆီးရန်ကျန် **ကျွဲကြီး**နှင့် **ဘိုစီ**တို့ နှစ်ဦးမှ လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

မိုးကုတ်မြို့နယ်အတွင်း PDF အကြမ်းဖက်အဖွဲ့များမှ **ဖောက်ခွဲရေးလုပ်ငန်းဆောင်ရွက်မှု ၄ ကြိမ်၊** အပြစ်မဲ့ပြည်သူများအား **လုပ်ကြံသတ်ဖြတ်မှု ၉ ကြိမ်** ကျူးလွန်ခဲ့ပြီး **နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူ ၁၄ ဦးအားသတ်ဖြတ်ခဲ့**ကြောင်း၊ ထိုသို့ အကြမ်းဖက်ဖောက်ခွဲမှုနှင့် လုပ်ကြံသတ်ဖြတ်မှုများအား ဖမ်းဆီးရန်ကျန် **နိုင်ငံကျော်(ခ)အောင်နိုင်** (NLD ပါတီမိုးကုတ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)နှင့် **စိန်ထွန်းလင်း**(NLD ပါတီမိုးကုတ်မြို့နယ်၊ တိုင်း-၂ လွှတ်တော်ကိုယ်စားလှယ်ဟောင်း)တို့မှ နောက်ကွယ်မှ ထောက်ပံ့၍ စေခိုင်းနေခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**





**ကျောက်မဲမြို့ ပညာရေးမှူးရုံးသို့ ကြိုးဆွဲလက်ပစ်ဗုံး လာရောက်ပစ်ခတ်သည့် တရားခံနှစ်ဦး ဖမ်းဆီးရမိ မှတ်တမ်းဓာတ်ပုံ**



တရားခံ
ဝိုင်ဝိုင်း(၁၈)နှစ်၊
(ဘ)ဦးဝင်းမော်



တရားခံ
ညဏ်ဝင်း(၃၄)နှစ်၊
(ဘ)ဦးလှငွေ

● **ကျောက်မဲမြို့မှ**

ကျောက်မဲမြို့ ပညာရေးမှူးရုံးသို့ ကြိုးဆွဲလက်ပစ်ဗုံး လာရောက်ပစ်ခတ်သည့် တရားခံနှစ်ဦး ဖမ်းဆီးရမိ မှတ်တမ်းဓာတ်ပုံ

ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် ရပ်ကွက်(၇)အနီး မသင်္ကာဖွယ်ရာ အမျိုးသား နှစ်ဦးသည် ဆိုင်ကယ် တစ်စီးဖြင့် အရှိန်ပြင်းစွာမောင်းနှင်လာသဖြင့် စစ်ဆေးရန် ရပ်တန့်စေခဲ့ရာ ရပ်တန့်ခြင်းမရှိဘဲ နောက်မှလိုက်ပါလာသည့် အမျိုးသား တစ်ဦးက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ရန် ချိန်ရွယ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ ဝိုင်ဝိုင်း(ဘ)ဦးဝင်းမော်(၁၈)နှစ်နှင့် ညဏ်ဝင်း(ဘ)ဦးလှငွေ(၃၄)နှစ်တို့ နှစ်ဦးကို လက်လုပ်မိုင်း တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် လိုအပ်သည့်စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့/ရွာ လုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုကွန်ရက်ကို ဘယ်လိုအသုံးပြုသွားကြမလဲ

မောင်သောင်းဝင်း (တမန်ဟောင်း)

**လူမှုကွန်ရက်၌ သတင်းတု၊ သတင်းအမှားများ၊ ပုံဖျက်သတင်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဖြူးလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရ အပါအဝင် ပြိုင်ဘက်များကို တိုက်ခိုက်ထိုးနှက်အသရေဖျက်မှုများ၊ ပုံမှားရိုက်သတင်းများကို ဝါဒဖြန့်ချိလျက်ရှိသည်။ ဓာတ်ပုံများနှင့် ရုပ်သံသတင်းများကို တည်းဖြတ်နိုင်သည့် Software များကို အသုံးပြုပြီး သတင်းမှားများ၊ သတင်းအတုအယောင်များ၊ ကောလာဟလသတင်းများ၊ အမုန်းစကားများ၊ ပဋိပက္ခအားပေးလှုံ့ဆော်သည့်သတင်းများနှင့် သတင်းစကားများကို ဖြန့်ဝေလျက်ရှိကြသည်။ ထို့ကြောင့် သတင်းတု၊ သတင်းအမှားများအပေါ် မယုံကြည်မိစေရန် ချင့်ချိန်ဆုံးဖြတ်သွားရန် လိုအပ်**

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ သတင်းအချက်အလက် စီးဆင်းမှုမြစ်ဖျားခံရာသည် အင်တာနက်နည်းပညာပင်ဖြစ်သည်။ အင်တာနက်နည်းပညာတွင် ဖေ့စ်ဘွတ်နှင့် တွစ်တာကဲ့သို့သော လူမှုကွန်ရက်များသည် သတင်းအချက်အလက်လျင်မြန်စွာဖြန့်ဝေနိုင်ခြင်း၊ လူတန်းစားမရွေး သုံးစွဲနိုင်ခြင်းတို့ကြောင့် အချိန်တိုအတွင်း အများစုအသုံးပြုနေသော နည်းပညာတစ်ရပ်ဖြစ်လာခဲ့သည်။ လူမှုကွန်ရက်များသည် လူမှုဆက်ဆံရေးနယ်ပယ်တွင်သာမက နိုင်ငံရေး၊ စီးပွားရေးကဏ္ဍစုံ အသုံးပြုနိုင်သဖြင့် များစွာအသုံးဝင်သောနည်းပညာတစ်ရပ်လည်းဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်ကဲ့သို့သော လူမှုကွန်ရက်များကို သုံးစွဲနေသူ ၃ ဒသမ ၆ ဘီလီယံကျော်ခန့်ရှိသည်။ ဆိုလိုသည်မှာ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးခန့်သည် လူမှုကွန်ရက်သုံးစွဲနေပြီး လူနှစ်ဦးလျှင် တစ်ဦးခန့်သည် လူမှုကွန်ရက်နှင့် အချိန်ကုန်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူမှုကွန်ရက်အသုံးပြုရာတွင် အလွန်အကျွံမဖြစ်စေရန် ထိန်းချုပ်ခြင်း၊ ဆော့ဖ်ဝဲနည်းပညာများဖြင့် အကူအညီပေးခြင်း၊ ပညာရှင်များနှင့် မူဝါဒရေးဆွဲသူများအနေဖြင့် ဆိုးကျိုးသက်ရောက်မှုများလျှော့ချနိုင်ရန်နည်းလမ်းများ ရှာဖွေခြင်းတို့ လုပ်ဆောင်သွားရန် လိုအပ်နေပြီဖြစ်သည်။

## ကောင်းကျိုးအထွေထွေ

လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ လူမှုကွန်ရက်သည် အံ့သြဖွယ်ကောင်းလောက်သည့် အတိုင်းအတာဖြင့် ကြီးမားကျယ်ပြန့်လာခဲ့ပြီး ဖေ့စ်ဘွတ်နှင့် တွစ်တာသုံးစွဲသူသည် သန်းပေါင်းများစွာအထိ ရှိလာသည်။ နည်းပညာတိုးတက်လာသည်နှင့်အမျှ လူမှုကွန်ရက်များ၏ အားသာချက်ပေါင်းများစွာကို ရရှိနိုင်ပြီး အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူမှုကွန်ရက်ကို လူမှုဘဝမြှင့်တင်ရန်နှင့် လူသားတို့၏ စိတ်ခံစားချက်များကို ဖော်ပြနိုင်ရန်အတွက် အသုံးပြုနိုင်ကြသည်။ မြန်မာနိုင်ငံတွင်လည်း လူမှုကွန်ရက် အသုံးပြုသူအရေအတွက်သည် တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။ တချို့သောသူများသည် လူမှုကွန်ရက်ကိုအသုံးချပြီး အောင်မြင်တိုးတက်မှုကို ဖော်ဆောင်နိုင်လျက်ရှိကြသည်။ သာဓကအနေဖြင့် အွန်လိုင်းစီးပွားရေး လုပ်ငန်းရှင်တချို့သည် အောင်မြင်မှုရရှိလျက်ရှိကြသည်။

လူမှုကွန်ရက်သည် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကိုကျော်လွန်၍ ကမ္ဘာတစ်ဝန်းရှိ မည်သူ့ကိုမဆို ဆက်သွယ်နိုင်သည်။ တစ်ကိုယ်ရေအသုံးပြုရန်အတွက်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအတွက်သော်လည်းကောင်း များစွာအကျိုးဖြစ်ထွန်းသည်။ ငွေကြေးကုန်ကျမှုသက်သာစွာဖြင့် ဗီဒီယိုခေါ်ဆိုမှုများ၊ ဖိုင်များ၊ ဓာတ်ပုံများအား တင်ပြနိုင်သည်။ အဆွေစာရှုသူ၏ ကျောင်းနေဖက်သူငယ်ချင်းများ၊ မိတ်ဆွေဟောင်းများ၊ ဆွေမျိုးများကို ဆက်သွယ်နိုင်သည်။ ကမ္ဘာ့နေရာပေါင်းစုံမှ မိတ်ဆွေသစ်များကို ရှာဖွေနိုင်သည်။ မိတ်ဆွေများနှင့် အပြန်အလှန်စကားပြောဆိုနိုင်သည်။ သတင်းစကားများ ပေးပို့နိုင်သည်။ ဝါသနာတူသူများနှင့် စုဖွဲ့နိုင်သည်။ အမြင်ချင်းဖလှယ်နိုင်သည်။ ကမ္ဘာတစ်ဝန်းမှ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ရိုးရာအစဉ်အလာများကို လေ့လာနိုင်သည်။ မရောက်ဖူးသည့်နေရာများကို လူမှုကွန်ရက်မှတစ်ဆင့် သွားရောက်လေ့လာလည်ပတ်နိုင်သည်။

ကျောင်းသားများသည် အုပ်စုဖွဲ့ဆွေးနွေးပွဲများ ပြုလုပ်နိုင်သည်။ လေ့လာမှတ်သားကိုးကားလိုသော စာအုပ်များကို ဒေါင်းလုတ်ရယူနိုင်သည်။ အလားတူ စာပေဝါသနာရှင်များအနေဖြင့်လည်း နာမည်ကြီးစာရေးဆရာများ၏ စာအုပ်များ၊ သုတရသစာပေများကို ဒေါင်းလုတ်ယူဖတ်နိုင်သည်။ တရားဓမ္မလေ့လာအားထုတ် ပွားများလိုသူများအနေဖြင့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၏ တရားတော်များ၊ ပရိတ်တော်များ၊ ပဋ္ဌာန်းတော်များကို ဒေါင်းလုတ်ရယူနိုင်သည်။ ရုပ်ရှင်၊ ဂီတ ဝါသနာပါသူများအနေဖြင့်လည်း ဇာတ်ကားများ၊ တေးသီချင်းများ ရယူနိုင်သည်။ ချက်ပြုတ်ရေးဝါသနာပါသူများအနေဖြင့်လည်း တိုက်ရိုက်ကြည့်ရှုလေ့လာနိုင်သည်။ လူမှုကွန်ရက်သည် သုံးစွဲသူ၏ချင့်ချိန်နိုင်စွမ်းအပေါ် မူတည်၍ အကျိုးတရားများပြားလျက်ရှိသည်။

အထူးသဖြင့် ယခုလို ကိုဗစ်-၁၉ ကာလတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် အစည်းအဝေးများ ပြုလုပ်နိုင်သည်။ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို အရောင်းမြှင့်တင်နိုင်သည်။ စီးပွားရေးလုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ တိုးချဲ့နိုင်သည်။ စီးပွားရေးလုပ်ငန်းများကို ကြော်ငြာနိုင်သည်။ နိုင်ငံရေးပါတီများသည်ပင်လျှင် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် လူမှုကွန်ရက်မှတစ်ဆင့် မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်နေကြသည်။ အထူးသဖြင့် ဖေ့စ်ဘွတ်သည် သတင်းအရင်းအမြစ်ဖြစ်သည်။ နောက်ဆုံးသတင်းများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ပါသည်။

## ဆိုးကျိုးများစွာ

သို့သော် အရာရာတိုင်းတွင် ကောင်းကျိုးနှင့် ဆိုးကျိုး ဒွန်တွဲနေသကဲ့သို့ပင် လူမှုကွန်ရက်အား အသုံးပြုရာတွင်လည်း သုံးစွဲသူအပေါ်မူတည်ပြီး ကောင်းကျိုးနှင့်ဆိုးကျိုး နှစ်မျိုးစလုံးအား ရရှိခံစားကြရမည်ဖြစ်သည်။ ထို့ကြောင့် ပညာရှင်များသည် လူမှုကွန်ရက်သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲဆိုးကျိုးများကို သုတေသနပြုနေကြရပြီဖြစ်သည်။ စင်စစ်အားဖြင့် လူမှုကွန်ရက်သုံးစွဲခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများစွာ ဖြစ်ပေါ်လေ့ရှိကြောင်း၊ ထိုဆိုးကျိုးများသည် စိတ်ကျန်းမာရေးနှင့် ဆက်စပ်နေသည်ထက်ပင် ပိုမိုပြင်းထန်ကြောင်းနှင့် ဖေ့စ်ဘွတ်၊ တွစ်တာနှင့် အင်စတာဂရမ်တို့ကဲ့သို့သော ဝက်ဘ်ဆိုက်များ အသုံးပြုခြင်းသည် ဆိုးကျိုး ၄၆ ခုအထိပင် ဖြစ်ပွားနိုင်ကြောင်းကို ဆစ်ဒနီနည်းပညာတက္ကသိုလ်မှ ပညာရှင်များက လေ့လာသုတေသနပြုတွေ့ရှိထားသည်ဟု ဆိုသည်။

ထိုသို့ဖြစ်ပွားလျက်ရှိသည့် ဆိုးကျိုးအများစုမှာ စိုးရိမ်ပူပန်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း၊ အနိုင်ကျင့်ခံနေရသည်ဟု ခံစားရခြင်း၊ သေကြောင်းကြံစည်စိတ်ဖြစ်ပေါ်ခြင်း၊ ဆိုက်ဘာအနိုင်ကျင့်မှုခံရခြင်း၊ ဆိုးသွမ်းခြင်း၊ မနာလိုစိတ်ဖြစ်ပေါ်ခြင်း၊ အချက်အလက်များကို ပိုမိုတင်ပြခြင်း၊ အွန်လိုင်းလုံခြုံမှုကင်းမဲ့ခြင်းတို့ပင်ဖြစ်သည်။ လူမှုကွန်ရက်အသုံးပြုခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများမှသည် လုပ်ငန်းခွင်နှင့် ပညာသင်ကြားရေးအထိ ဆိုးကျိုးများစွာ သက်ရောက်စေလျက်ရှိသည့်အပြင် တစ်ကိုယ်ရေလုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြဿနာများကိုလည်း ဖြစ်ပေါ်စေလျက်ရှိကြောင်း ပညာရှင်များက ထောက်ပြထားသည်။ လက်ရှိအချိန်အထိ လူမှုကွန်ရက်နှင့်စပ်လျဉ်း၍ သုတေသနပြုချက်များသည် လူမှုကွန်ရက်၏ အကျိုးကျေးဇူးများနှင့်အလားအလာများ၊ စွမ်းဆောင်ရည်များကိုသာ အလေးထားဖော်ပြလျက်ရှိသော်လည်း ဆိုးကျိုးများကိုမူ လျစ်လျူရှုထားကြသည်။

အထူးသဖြင့် လူမှုကွန်ရက်ကို တွင်ကျယ်စွာ အသုံးပြုပြီး နည်းပညာကို ခုတုံးလုပ်လာသောကြောင့် သုံးစွဲသူများအနေဖြင့် လူမှုကွန်ရက်၏ အားသာချက်နှင့် အားနည်းချက်များကို လေ့လာဆန်းစစ်နိုင်ရန်နှင့် မှန်ကန်စွာအသုံးချနိုင်ရန် လိုအပ်သည်။ လူမှုကွန်ရက်တွင် အားသာချက်များရှိသကဲ့သို့ နည်းပညာကို ခုတုံးလုပ်၍ ဆိုက်ဘာအနိုင်ကျင့်ခံရခြင်း၊ သတင်းအချက်အလက်ပေါက်ကြားခြင်း၊ အလွန်အမင်းစွဲလမ်းနှစ်သက်ခြင်း၊ လိမ်လည်လှည့်ဖြားခံရခြင်း၊ မိမိ၏ဂုဏ်သိက္ခာကို စော်ကားခံရခြင်း၊ လူမှုဆက်ဆံရေးပျက်ပြားခြင်း၊ ခြိမ်းခြောက်အနိုင်ကျင့်ခံရခြင်း၊ အိမ်ထောင်ရေးပြိုကွဲခြင်း၊ အချိန်နှင့်ငွေကြေးလေလွင့်ဆုံးရှုံးခြင်း၊ ကျန်းမာရေးထိခိုက်နိုင်ခြင်းအပြင် လူမှုကွန်ရက်ကြောင့် သေဆုံးမှုများ စသည့် အားနည်းချက်များလည်းရှိနေသည်။

ထို့အပြင် မကြာသေးမီကပင် ဟက်ကာများသည် အကောင့်သန်း ၁၂၀ ကျော်ကို ရောင်းချသွားရန်ရှိကြောင်း၊ အဟက်ခံရသည့်အကောင့်အများစုသည် အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ဘရာဇီးနှင့် ပြင်သစ်နိုင်ငံတို့မှဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ ထို့အပြင် စက်တင်ဘာလကုန်ပိုင်းလောက်ကလည်း ဖေ့စ်ဘွတ်မှ အကောင့်ပေါင်း သန်း ၅၀ ကျော် ပေါက်ကြားခဲ့ပြီး အကောင့် ၂၉ သန်းသည် ဟက်ကာများလက်ထဲသို့ ရောက်သွားသည်ဆိုသော သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ ထို့ကြောင့် ဖေ့စ်ဘွတ်အသုံးပြုသူများအနေဖြင့် အကောင့်ဟက်ခံရမည့်အန္တရာယ်နှင့်လည်း ကြုံတွေ့လာရပြီဖြစ်သည်။

## လူမှုကွန်ရက်ကို ဘယ်လိုအသုံးပြုသွားကြမလဲ

မည်သို့ပင်ဆိုစေ လူမှုကွန်ရက်သည် လူတစ်ဦးချင်းစီ၏ နေ့စဉ်လူနေမှုဘဝမှသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးကဏ္ဍတို့လည်း လွှမ်းမိုးလာလျက်ရှိသည်။ သာဓကအနေဖြင့် အာရပ်နွေဦးတော်လှန်ရေးတွင် မီဒီယာအချို့သည် ပြည်သူလူထုအား လူမှုကွန်ရက်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်ခဲ့သဖြင့် လူထုအုံကြွမှုကြီး ဖြစ်ပေါ်လာပြီး အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့တွင် နိုင်ငံရေးအပြောင်းအလဲ များစွာ ဖြစ်ပေါ်လာခဲ့သည်။ အလားတူ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင်လည်း လူမှုကွန်ရက်မှတစ်ဆင့် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သဖြင့် မဲရလဒ်များ ပြောင်းလဲခဲ့သည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ အာဏာရပါတီသည် လူမှုကွန်ရက်ကို အသုံးချပြီး ပြည်သူလူထုကို လှုံ့ဆော်စည်းရုံးခဲ့သလို အခြားသောပါတီများ၏ မဲဆွယ်သည့် Status များကို အကြောင်းအမျိုးမျိုးပြကာ ဖြုတ်ချခဲ့သည်။

မည်သို့ပင်ဆိုစေ လက်ရှိအချိန်တွင် လူသားတို့သည် လူမှုကွန်ရက်ကို ရည်မှန်းချက်တစ်ခုအတွက် အသုံးချသည့်ပလက်ဖောင်းတစ်ခုအဖြစ် တွင်ကျယ်စွာအသုံးပြုလာပြီဖြစ်သည်။ သို့သော် တစ်ကိုယ်ရေအချက်အလက်များ လုံခြုံရေးအတွက် သတိထားသွားသင့်သည်။ သာဓကအနေဖြင့် လူမှုကွန်ရက်တွင် မိတ်ဆွေဖွဲ့ရာ၌ လုံခြုံရေးသတိရှိရန် လိုအပ်သည်။ အကောင့်အတုများက Friend Request များ ပို့လာလျှင် သတိထားကြရန်လိုအပ်သည်။ နာမည်အရင်း၊ ကိုယ်ပိုင်ဓာတ်ပုံများနှင့် Status မတင်သူများသည် ရည်ရွယ်ချက် သို့မဟုတ် အားနည်းချက်တစ်ခုခု ရှိနေတတ်သည်။ လူတစ်ဦးကို သူငယ်ချင်းအဖြစ်လက်ခံမည်ဆိုလျှင် ထိုပုဂ္ဂိုလ်၏ Profile ကို ဦးစွာစစ်ဆေးကြည့်သင့်သည်။ မိမိနှင့်ရင်းနှီးသောမိတ်ဆွေများနှင့် သူငယ်ချင်းဖြစ်နေပြီလားဆိုသောအချက်များကို ဆန်းစစ်သင့်သည်။ အထူးသဖြင့် Account လုံခြုံမှုရှိအောင် ထိန်းသိမ်းသင့်သည်။

ထို့အပြင် လူမှုကွန်ရက်၌ သတင်းတု၊ သတင်းအမှားများ၊ ပုံဖျက်သတင်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဖြူးလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရအပါအဝင် ပြိုင်ဘက်များကို တိုက်ခိုက်ထိုးနှက်အသရေဖျက်မှုများ၊ ပုံမှားရိုက်သတင်းများကို ဝါဒဖြန့်ချိလျက်ရှိသည်။ ဓာတ်ပုံများနှင့် ရုပ်သံသတင်းများကို တည်းဖြတ်နိုင်သည့် Software များကို အသုံးပြုပြီး သတင်းမှားများ၊ သတင်းအတုအယောင်များ၊ ကောလာဟလသတင်းများ၊ အမုန်းစကားများ၊ ပဋိပက္ခအားပေးလှုံ့ဆော်သည့်သတင်းများနှင့် သတင်းစကားများကို ဖြန့်ဝေလျက်ရှိကြသည်။ ထို့ကြောင့် သတင်းတု၊ သတင်းအမှားများအပေါ် မယုံကြည်မိစေရန် ချင့်ချိန်ဆုံးဖြတ်သွားရန် လိုအပ်သည်။

စာမျက်နှာ ၁၉ သို့ ❍

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❍ စာမျက်နှာ ၁၈ မှ

မြန်မာနိုင်ငံအနေဖြင့် လူမှုကွန်ရက်ကဏ္ဍနှင့် သတင်းအချက်အလက် လုံခြုံမှုတို့အတွက် "သတင်းမီဒီယာ ဥပဒေ"ကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ "လျှို့ဝှက်အက်ဥပဒေ (၁၉၂၃)"ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် "အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ"ကို လည်းကောင်း အသီးသီးပြဋ္ဌာန်းထားရှိသည့်အပြင် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြိမ်းခြောက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းများကို ပြုလုပ်ပါက "ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ)"အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် လူမှုကွန်ရက်အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း သိထားသင့်ပေသည်။ လူမှုကွန်ရက်ပေါ်မှတစ်ဆင့် အခြားသူတစ်ဦးဦးအပေါ် မဟုတ်မမှန် အပုပ်ချဝေဖန်တိုက်ခိုက်မည်ဆိုလျှင်၊ အထူးသဖြင့် နိုင်ငံတော်လုံခြုံရေးထိခိုက်စေမည့် ရေးသားပြောဆိုမှုများ လုပ်ဆောင်မည်ဆိုလျှင် ဆက်သွယ်ရေးဥပဒေအရ အရေးယူခံရမည်ဖြစ်သည်။

စင်စစ်အားဖြင့် လူမှုကွန်ရက်သည် အလွှာပေါင်း များစွာကို ပေါင်းစည်းထားသည့်အတွက် မှန်ကန်စွာ အသုံးချနိုင်မည်ဆိုပါက အသိပညာများ မျှဝေပေးနိုင်ခြင်း၊ သိရှိလိုသည့် အချက်အလက်များအား အချိန်တိုအတွင်း ရှာဖွေသိရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာနိုင်ခြင်း၊ ပညာရေးအတွက် များစွာအထောက်အကူပြုခြင်းနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်း စသည့်အကျိုးအမြတ်များစွာရရှိနိုင်သည်။ သို့သော် တချို့သောသူများသည် လူမှုကွန်ရက် နှင့် ခေတ်မီနည်းပညာများကို နားလည်သဘောပေါက်မှုအားနည်းခြင်း၊ ကျွမ်းကျင်မှုနည်းပါးခြင်းတို့ကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်ပေါက်ကြားမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ထို့အပြင် လူမှုကွန်ရက်မှတစ်ဆင့် နှောင့်ယှက်ဖျက်ဆီးသူ Hacker များအတွက် ခိုးဝင်နှောင့်ယှက်နိုင်သည့် ဟာကွက်များလည်း ရှိနေဆဲဖြစ်သည်။ မျက်မှောက်ကာလတွင် ရာဇဝတ်မှုဖြစ်ပွားမှုနှုန်း မြင့်တက်လာရသည့် အဓိက အကြောင်းရင်းကို လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက လူမှုကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်မှုကြောင့် ဖြစ်သည်။ အထူးသဖြင့် ဖေ့စ်ဘွတ်အပါအဝင် လူမှုကွန်ရက်ကို အလွန်အကျွံသုံးစွဲခြင်းကြောင့် အိပ်စက်ချိန်လျော့နည်းလာပြီး စိတ်ကျရောဂါခံစားကြရသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာရှိလာသည့်အပြင် လုပ်ငန်းတာဝန်များနှင့် လေ့လာသင်ယူလိုသည့် စိတ်ဓာတ်ပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်လေ့ရှိသည်။

ဆိုရလျှင် မြန်မာနိုင်ငံအပါအဝင် အာရပ်နိုင်ငံများတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ တစ်လျှောက် လူမှုကွန်ရက်သည် ဆွေးနွေးဝေဖန်မှုပြုလုပ်နိုင်သည့် နေရာတစ်ခုအသွင်ပြောင်းလဲလာခဲ့သည်ကို တွေ့မြင်ရသည်။ ထို့ပြင် လူမှုကွန်ရက်ကို နည်းစနစ်မှန်မှန်အသုံးပြုခြင်းဖြင့် လူမှုဘဝအတွက် အဘက်ဘက်မှ အကျိုးအမြတ်များစွာ ရရှိနိုင်သကဲ့သို့ နည်းပညာပိုင်းဆိုင်ရာအားနည်းခြင်း၊ အသိအမြင်နှင့် ဗဟုသုတနည်းပါးခြင်းများကြောင့် လူမှုကွန်ရက်၏ အသုံးချခံလူသားများ ဖြစ်လာကြပြီး ရာဇဝတ်မှု ဖြစ်ပွားမှုနှုန်းလည်း မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် လူမှုကွန်ရက်အသုံးပြုသူများအနေဖြင့် တစ်ကိုယ်ရေအချက်အလက်များလုံခြုံမှုအတွက် နည်းပညာပိုင်းဆိုင်ရာ အသိပညာဗဟုသုတများရှာမှီးခြင်းအပြင် လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုများကိုလည်း လေ့လာဆန်းစစ်သွားရန် လိုအပ်ကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

■

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**



## ပုံပြင်

# အိမ်ရှင်နှင့် ဧည့်သည်

**မင်းယုဝေ**

(ယခင်အပတ်မှအဆက်)

သို့ဖြင့် နောက်တစ်နေ့ နံနက်တွင် သူဌေးကြီးသည် လုလင်သင်ပေးသည့်အတိုင်း ဘုရင်ကို လျှောက်ထားသည်။ ဘုရင်ကလည်း လုလင်ကို ချက်ချင်း ခေါ်စေကာ...

"အမောင်၊ မင်းတကာတို့လက်ထက်တွင် ဖြစ်ပေါ်ခဲ့သော မှတ်သားနာယူဖွယ်စကားကောင်း၊ စကားထူးတို့ကို ပြောပါလေ။ သင်ပြောမည့် စကားသည် ငါမကြားဖူးသေးသော စကားတို့ဖြစ်ပါစေ။ ပြောစွမ်းနိုင်ပါက သင့်အား ငါချီးမြှောက်မည်။ မပြောနိုင်လျှင်မူ သင့်အား ငါဒဏ်ခတ်ရလိမ့်မည်။ ပညာမဲ့သူကို ငါ အလိုမရှိ" ဟု ဆိုလေသည်။ လုလင်က...

"အရှင်မင်းမြတ်၊ မှတ်သားဖွယ်ဖြစ်သော စကားကောင်း၊ စကားထူးတို့မည်သည် ပညာပင်ဖြစ်ပါသည်။ ပညာဆိုသည်မှာ အဖိုးများစွာ ထိုက်လှပါသည်။ ထိုပညာအတွက် မည်မျှလောက် ပူဇော်နိုင်ပါမည်နည်း" ဟူ၍ ရဲဝံ့စွာ မေးလျှောက်သည်။ ဘုရင်က...

"အမောင်၊ ငါမကြားဖူးသေးသည့် နှစ်သက်စဖွယ်စကားထူးကို ဆိုနိုင်ပါက ထိုစကားတစ်ရပ်အတွက် ငွေအသပြာ တစ်ထောင်စီ ပူဇော်အံ့" ဟု ဆိုလေသည်။ လုလင်က...

"အရှင်၏ ချီးမြှောက်မှုကို ကျွန်တော်မျိုး နှစ်သက်ပါသည်။ စကားကောင်း၊ စကားထူးကို မဆိုင်းမတွယခုပင်ဆိုပါမည်။ အရှင်မင်းမြတ်၊ အရှင့်ဘေးလောင်းတော် မဟာသမ္မတမင်းလက်ထက်၌ ငါးကြင်းအမြီးတွင် တင်ကျီးအမြီး ကူးသတည်း ဟူသော စကားဖြစ်ပေါ်ခဲ့ပါသည်။ ထိုစကားကို အရှင်မင်းမြတ်ကြားဖူးတော်မူပါသလော" ဟူ၍ မေးလျှောက်လေသည်။ ဘုရင်က...

"အမောင်၊ ငါ မကြားဖူးပါ။ ထင်ရှားစွာ ပြောပြပါလော့" ဟု ဆိုလေသည်။ ဤတွင် လုလင်က ပြောပြသည်မှာ "အရှင်မင်းမြတ်၊ အရှင့်ဘေးလောင်းတော် မဟာ သမ္မတမင်းကြီးသည် တိုင်းသူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ ချစ်ကြင်ပါသည်။ တိုင်းသူ ပြည်သားတို့၏ အကျိုးစီးပွားကို ရွက်ဆောင်ပေးပါသည်။ မင်းကျင့်တရားတို့ကို ကောင်းစွာစောင့်ထိန်းလိုက်နာပါသည်။ ထို့ကြောင့် အလွန်ဘုန်းကြီး၍ ဩဇာအာဏာနှင့် ပြည့်စုံလှပါသည်။ အရှင့်ဘေးလောင်းတော်ကို လူ နတ်အပေါင်းတို့သာမက တိရစ္ဆာန်တို့ကပါ နှစ်လိုမြတ်နိုးကြပါသည်။ ကြည်း၊ ရေ၊ လေရှိတိရစ္ဆာန်အားလုံးသည် မကြာခဏပင် အရှင့်ဘေးလောင်းတော်ထံလာ၍ ခစားဦးခိုက်ကြပါသည်။

တစ်နေ့သ၌ အရှင့်ဘေးလောင်းတော်ထံသို့ ရေသတ္တဝါများဖြစ်သော ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးမြင်း၊ ငါးတန် စသော ငါးတို့သည် လာရောက်ခစားကြပါသည်။ ထိုသို့ ခစားစဉ် တင်ကျီး၊ ဥဗျိုင်း စသည့် ငှက်တို့သည်လည်း ခစားရန် ရောက်လာကြပါသည်။ ထိုအခါ ငါးကြင်းသည် တင်ကျီးငှက်ကို မြင်သဖြင့် ကြောက်လန့်လှသောကြောင့် မင်းကြီး၏ခြေတော်ပါးသို့ အတင်းတိုးဝင်ပါသည်။ မင်းကြီးလည်း ငါးကြင်း၏ အဖြစ်ကို မြင်တွေ့သောအခါ...

"သင် မည်သည်ကို စိုးရိမ်ကြောက်လန့်နေသနည်း" ဟု မေးပါသည်။ ငါးကြင်းကလည်း "အရှင်မင်းကြီး၊ အကျွန်ုပ်တို့ကို ထိုးယူစားတတ်သောတင်ကျီးကို မြင်သဖြင့် ကြောက်ရွံ့ခြင်း ဖြစ်ရပါသည်" ဟု ပြန်လည်လျှောက်ထားပါသည်။ ထိုအခါ မင်းကြီးက တင်ကျီးတို့ကို ခေါ်၍ "သင်တို့သည် အဘယ့်ကြောင့် သူတစ်ပါးကို ညှဉ်းဆဲကာ သူ့အသက်ကို သတ်ဖြတ် စားသောက်ရပါသနည်း။ ယနေ့မှစ၍ သူတစ်ပါးကို ညှဉ်းဆဲခြင်း မပြုရ။ သတ်ဖြတ်ခြင်း မပြုရ။ ပြုခဲ့သည်ရှိသော် သင်တို့ကို ငါမင်းဒဏ်ပေးရလိမ့်မည်။ ယနေ့မှစ၍ ငါးကြင်းတို့နှင့် မိတ်ဆွေပြုကြလော့။ ဘေးရန်မပြုဘဲ သင့်တင့်စွာ နေကြလော့" ဟူ၍ ဆိုပါသည်။

ထိုအခါမှ စ၍ ငါးကြင်းနှင့် တင်ကျီးတို့သည် မိတ်ဆွေ ဖြစ်ကြပါသည်။ ငါးကြင်းသည် တင်ကျီးအိမ်သို့ လည်းကောင်း၊ တင်ကျီးသည် ငါးကြင်းအိမ်သို့ လည်းကောင်း ကူးသန်းသွားလာကြပါသည်။ တစ်နေ့သ၌ ငါးကြင်းသည် တင်ကျီးအိမ်သို့ သွားရောက်လည်ပတ်ပါသည်။ ထိုအခါ တင်ကျီးက ငါးကြင်းအား အစားအစာတို့နှင့်တကွ သေအရက်ဖြင့်ပါ တိုက်ကျွေး ဧည့်ခံပါသည်။ ငါးကြင်းသည် သေအရက်ကို သောက်ရာ မူးယစ်သဖြင့် အိပ်ပျော်သွားပါသည်။ ဤသို့ အိပ်ပျော်စဉ်တင်ကျီးသည် ငါးကြင်းအမြီးကို ဖြတ်၍ သစ်ပင်ထက်တွင် ထားပါသည်။ ငါးကြင်းသည် အရက်မူးပြေ၍ နိုးသောအခါ မိမိအမြီးကို မမြင်သဖြင့် တင်ကျီးအား..

"ငါ့အမြီးကို သင် ယူသလော" ဟု မေးပါသည်။ တင်ကျီးက...

"ငါ မယူပါ" ဟု ပြန်ပြောပါသည်။ ငါးကြင်းက...

"သင့်ကို ယုံကြည်၍ သင်၏ အိမ်သို့ ငါလာသည်။ ငါ အိပ်ပျော်နေစဉ် ငါ့အမြီး ပျောက်ဆုံးရလေပြီ" ဟုဆိုကာ တင်ကျီးနှင့် ခိုက်ရန် ဖြစ်ပွားပါသည်။

နောက်ဆုံးတွင် အရှင့်ဘေးလောင်းတော် မဟာသမ္မတမင်းကြီးထံ ထိုအမှုရောက်လာပါသည်။ မင်းကြီးသည်ငါးကြင်းနှင့်တင်ကျီးတို့ကို စစ်ဆေးမေးမြန်းပါသည်။ အမှုသွားအမှုလာကို ကြားနာပြီးသောအခါ မင်းကြီးက...

"ဧည့်သည်ကို အိမ်ရှင်က နှစ်သက်၍ လက်ခံထားရာတွင် ဧည့်သည်၏ဥစ္စာ သူ့အိမ်မှာ ပျောက်ပျက်သော် ခိုးသူကို အပ်စေ၊ မအပ်နိုင်လျှင် အိမ်ရှင်က လျော်စေ ဟူ၍ ငါစီရင်ထုံး ရှိပေသည်။ ထို့ကြောင့် အိမ်ရှင် တင်ကျီး၏ အမြီးကိုဖြတ်၍ ငါးကြင်း၏ အမြီးပြတ်မှာ ဆက်စေ" ဟု စီရင်ချက် ချလိုက်ပါသည်။ ထိုစီရင်ချက်အတိုင်း တင်ကျီး အမြီးကို ငါးကြင်းမှာ ဆက်ရလေသောကြောင့် ယခုတိုင်အောင် ငါးကြင်းအမြီး၌ အနက်ကွက်ကျား ဖြစ်လျက်ရှိနေပါသည်။ ငါကြင်းအမြီးကို သစ်ပင်ထက်တွင် ထားသောကြောင့် "သစ်ခွ" ပေါ်လာလျှင် "ငါးကြင်း အမြီးခွ" ဟူ၍ လူတို့ခေါ်ဆိုကြပါသည်။ ထိုအဖြစ်ကို အကြောင်းပြု၍ "ငါးကြင်းအမြီးတွင် တင်ကျီးအမြီး ကူးသတည်း" ဟူသောစကား ဖြစ်ပေါ်ခဲ့ပါသည်။

ဤသို့ အရှင့်ဘေးလောင်းတော် ဖြတ်ထုံးပြုသောကြောင့် မင်းအဆက်ဆက် အရှင့်လက်ထက်တိုင်အောင် အိမ်ရှင်တို့သည် ဧည့်သည်ကို လက်ခံ၍ သောက်စားကြလျှင် ဖြစ်စေ၊ ငြင်းခုံခိုက်ရန်ဖြစ်ကြလျှင်ဖြစ်စေ ထိုသူတို့၏ နေရင်းအိမ်သို့ ရောက်အောင် ပို့ဆောင်ရပါသည်။ အကယ်၍ ဧည့်သည်သည် အိမ်ရှင့်အိမ်တွင် အိပ်၍ ဥစ္စာတို့ကို မေ့လျော့ကာ ကျန်ခဲ့လျှင်လည်း အိမ်ရှင်က မပျောက်မပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်းထားရပါသည်။ ပျောက်ပျက်ခဲ့သော် အိမ်ရှင်ပေးလျော်စေ ဟူ၍ တရားဖြတ်ထုံးရှိပါသည်။

ထို့ပြင် သေအရက်ကို သောက်သဖြင့် ထိုအမှုဖြစ်ပေါ်ရသောကြောင့် ထိုအမှုမျိုးမဖြစ်စေလိုသူတို့သည် သေအရက်ကို ရှောင်ကြဉ်ခဲ့ကြပါသည်။

ဤသို့လုလင်က လျှောက်ထားသောအခါ ဘေဒကမင်းကြီးသည် များစွာနှစ်ထောင်းအားရရှိလေသည်။

"အမောင်၊ အမောင်၏ စကားသည် မှတ်သားဖွယ်ကောင်း၍ အနှစ်သာရနှင့် ပြည့်စုံလှသည်။ ငွေအသပြာ တစ်ထောင်မက အဖိုးထိုက်တန်ပေသည်" ဟူ၍ မိန့်တော်မူသည်။ ထို့နောက် လုလင်အား ငွေအသပြာ တစ်ထောင်အပြင် ပုဆိုး၊ ဦးပေါင်း၊ နားတောင်း စသော အဆင်တန်ဆာတို့ကိုပါ ဆုလာဘ်အဖြစ် ချီးမြှင့်လေသည်။

လုလင်၏စကားကို ကြားသမျှသောလူအပေါင်းတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ ချီးကျူးကြလေသည်။

သူဌေးကြီးလည်း ကတိအတိုင်းပင် လုလင်အား မိမိ၏သမီးပျိုနှင့် လက်ထပ်ထိမ်းမြားပေး၍ ကောင်းစွာ ချီးမြှောက်ထားလေသည်။


■

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၅)၊ အမှတ်(၄)၊ (၂၇-၁-၇၃)



လူမှု ဘဝ

# ကမ္ဘာ့သမိုင်းတွင် ထူးခြားခဲ့သည့် လူငယ်များ(၂)

*(ယခင်အပတ်မှအဆက်)*

**နယ်လီဗလိုင်း**

စုံစမ်းထောက်လှမ်းမှုပြုသော သတင်းစာဆရာမတစ်ဦးပင်ဖြစ်ခဲ့သော နယ်လီဗလိုင်းသည် သူ၏ သတင်းထောက်လုပ်သက်ကို အသက် ၁၆ နှစ်အရွယ်မှပင် စတင်ခဲ့သည်။ သူ၏ နာမည်ရင်းမှာ အဲလိဇဘတ် ဂျိမ်း ကော့ခ်ရန်း ဖြစ်ပြီး ၁၈၈၀ ပြည့်နှစ်တွင် Pittsburgh Dispatch သတင်းစာတွင် ပါရှိခဲ့သော အမျိုးသမီးများကို တိုက်ခိုက်မှုပြုသော ဆောင်းပါးတစ်ခုကို ပြန်လည်ချေပရေးသားခဲ့သည်။ ထိုစာစောင်၏ စာတည်းသည် သူ၏ အရေးအသားကို သဘောကျ၍ သတင်းစာတိုက်တွင် အလုပ်လုပ်ရန် ဖိတ်ခေါ်လိုက်သည်။ သူက လက်ခံလိုက်ပြီး ထိုစဉ်ကာလတွင် နာမည်ကြီးနေခဲ့သော သီချင်းတစ်ပုဒ်၏ နာမည်ဖြစ်သော နယ်လီဗလိုင်းအမည်ကို ကလောင်နာမည်အဖြစ် ခံယူလိုက်သည်။ အသက် ၂၁ နှစ်အရွယ်တွင် သူသည် နိုင်ငံခြားသတင်းထောက်ဖြစ်လာခဲ့ပြီး ဒေသခံသတင်းထောက်တစ်ဦးကို မက္ကဆီကိုအစိုးရက ဖမ်းဆီးသည်ကို ဝေဖန်ရှုတ်ချခဲ့သောကြောင့် မက္ကဆီကိုနိုင်ငံမှ ထွက်ပြေးခဲ့ရသည်။ ပြဇာတ်နှင့် အနုပညာဆိုင်ရာ ဝေဖန်ရေးဆောင်းပါးသာ ရေးနေရသည်ကို ငြီးငွေ့လာသောကြောင့် သူသည် Pittsburgh Dispatch မှ နုတ်ထွက်ခဲ့ပြီး နယူးယောက်မြို့သို့ ခရီးနှင်ခဲ့သည်။ နယူးယောက်တွင် ဂျိုးဇက်ပူလစ်ဇာ၏ New York World သတင်းစာတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ပထမဦးဆုံးတာဝန်အဖြစ် သူသည် ရူးချင်ယောင်ဆောင်၍ စိတ်ရောဂါသည်အဖြစ် ဘလက်ဝဲလ်ကျွန်းရှိ အမျိုးသမီး အရူးထောင်ကို တက်ရောက်ခဲ့သည်။ သူသည် ထိုအရူးထောင်တွင် ၁၀ ရက်ကြာ ဒုက္ခခံပြီးနောက် ထိုအရူးထောင်တွင် လူနာများကို မတော်မတရားဆက်ဆံပုံ၊ ထားပုံ၊ ကုသပုံတို့ကို ဖော်ထုတ်ရေးသားနိုင်ခဲ့သည်။ ၁၈၈၉ ခုနှစ်တွင် သူသည် ကမ္ဘာတစ်ပတ်ခရီးကို တစ်ယောက်တည်း ထွက်ခြင်းဖြင့် ပို၍ကျော်ကြားလာခဲ့ပြန်သည်။ သူသည် ပြင်သစ်စာရေးဆရာကြီး ဂျူလ်ဗန်း၏ Around the World in 80 days ကမ္ဘာပတ်လည် ရက် ၈၀ ဝတ္ထုမှ ဇာတ်ကောင် ဖီလေ့စ်ဖော့ခ် ထက်သာအောင် ကြိုးစားမည်ဟု ရည်ရွယ်ချက်ဖြင့် ခရီးစခဲ့သည်။ သူသည် နယူးယောက်မှ နယူးယောက်သို့ ၇၂ ရက်နှင့် အရောက် ခရီးနှင်နိုင်ခဲ့သည်။

**လောရင့်ဘရက်ခ်**

ဩစတြေးလျနိုင်ငံသား ရူပဗေဒပညာရှင် လောရင့်ဘရက်ခ်သည် ပုံဆောင်ခဲများ၏ ဖွဲ့စည်းပုံကို ဓာတ်မှန်ဖြင့် ဆန်းစစ်သုတေသနပြုမှုအတွက် ၁၉၁၅ ခုနှစ်တွင် နိုဘယ်ဆုချီးမြှင့်ခံခဲ့ရသည်။ ထိုအချိန်တွင် သူသည် အသက် ၂၅ နှစ်သာ ရှိခဲ့သေးသည်။ သူသည် ၉၉ နှစ်ကြာမျှ အသက်အငယ်ဆုံး နိုဘယ်ဆုရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင်မူ သူ့နေရာကို မာလာလာယူဆွတ်ဖိုင် ဆက်ခံသွားခဲ့သည်။ နိုဘယ်ဆုရချိန်တွင် မာလာလာသည် အသက် ၁၇ နှစ်သာ ရှိခဲ့သည်။

**ဘော့ဝုဒ်ဝေ့ဒ် နှင့် ကားလ်ဘန်းစတိန်း**

၁၉၇၂ ခုနှစ်တွင် ဒီမိုကရက်ပါတီ၏ အမျိုးသားဌာနချုပ်ကို သူခိုးများ ဖောက်ထွင်းဝင်ရောက်ခဲ့သည့် သတင်းသည် အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင် အာဏာပြုတ်သွားသည်အထိ အစိုင်အခဲကြီးသော ကိစ္စတစ်ခုအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။ ထိုဖြစ်စဉ်တစ်ခုလုံးကို မောင်းဖြုတ်စတင်ပေးလိုက်သူများကား Washington Post သတင်းစာမှ သတင်းထောက်နှစ်ဦးသာဖြစ်သည်။ Watergate အရှုပ်ဇာတ်ဟုတွင်လာမည့် ထိုဖြစ်စဉ်ကို စုံစမ်းဖော်ထုတ်ရန် တာဝန်ပေးခံရချိန်တွင် ဘော့ဝုဒ်ဝေ့ဒ်သည် အသက် ၂၉ နှစ်ရှိပြီး ကားလ်ဘန်းစတိန်းမှာ အသက် ၂၈ နှစ်ရှိနေခဲ့သည်။ ထိုသတင်းအတွက် သူတို့ ပူလစ်ဇာဆုရရှိခဲ့ကြသည်။ ထိုအကြောင်းကို သူတို့ဇာတ်ကြောင်းပြန်ရေးသားချက်သည် ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားတစ်ခု ဖြစ်သွားခဲ့သည်။

**နာဒီယာ ကမ်နီချီ**

၁၉၇၆ ခုနှစ် ကနေဒါနိုင်ငံ မွန်ထရီရယ်လ်မြို့တွင် ကျင်းပသော နွေရာသီအိုလံပစ်ပွဲတော်တွင် ရွှေတံဆိပ်ဆု ဆွတ်ခူးချိန်တွင် ရိုမေးနီးယား ဂျွမ်းဘားမယ် နာဒီယာ ကမ်နီချီသည် အသက် ၁၄ နှစ်သာ ရှိခဲ့သေးသည်။ အိုလံပစ်ဂျွမ်းဘားပြိုင်ပွဲတွင် အမှတ်ပြည့်ဖြင့် နိုင်သူဆို၍ သူတစ်ဦးတည်းသာ ရှိခဲ့သည်။ ထိုနှစ်တွင် သူသည် ရွှေတံဆိပ်ဆုသုံးဆု ဆွတ်ခူးပြီး စံချိန်ခြောက်ခုတင်နိုင်ခဲ့သည်။ နောက်လေးနှစ်အကြာ မော်စကို နွေရာသီအိုလံပစ်တွင် သူသည် နောက်ထပ် ရွှေတံဆိပ်ဆု နှစ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

■

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

*[Ref: 17 people who accomplished incredible things at a young age, Business Insider]*


ကဗျာ

## လိုက်ခဲ့ပါလား

**သံသရာ မရှည်လျားစေဖို့**
**ဖန်ခါခါ ဓမ္မတရားတွေနဲ့**
**ဆွေတစ်ပါး မွေ့တော့မယ်။**
**လူမနီးအောင်ပ**
**ပုတီး အသာကိုင်လို့**
**ဝနာမြိုင် ချောင်ကူနန်းကို**
**မြန်းဖို့ကြံရွယ်။**
**ပင်ရိပ်ငုံ မြတ်ပင်နန်းမှာလ**
**ဆင်ပိတ်ဖြူဝတ်တင်လွှမ်းပါလို့**
**ကျွတ်ခွင်လမ်းကိုတဲ့ မှန်းရည်ရွယ်**
**သတိဆွယ်ပါလို့ သံဝေဟွား**
**ရည်စိတ်သန်**
**ပြည်နိဗ္ဗာန် အတူကူးနိုင်ဖို့**
**ချစ်ဦးမယ် ဆွေမကိုင်္ဂကယ်**
**လိုက်ခဲ့ပါလား။**

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၄၃ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍သတင်းထုတ်ပြန်ခြင်း
(၁၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၁၂-၂၀၂၁) ရက်နေ့ ည(၈:၀၀)နာရီမှ (၁၂-၁၂-၂၀၂၁)ရက်နေ့ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၅၃၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၀) တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၄၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၉၄,၀၂၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၂၆,၆၆၁) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၄၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၃,၁၀၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၈၃) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၁၂-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၈,၈၂၉,၂၅၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၃,၀၂၉,၇၇၇)ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၇၉၉,၄၈၂) ဦးရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၁-၁၂-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၃၁,၈၅၉,၀၃၆) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၁၂-၁၂-၂၀၂၁) ရက်နေ့နံနက် (၀၆:၀၀)နာရီအချိန်အထိ နိုင်ငံပေါင်း (၆၄) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်းသိရှိရပြီး အာဖရိက နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာ နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လဒိုက်နိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း ဖြစ်ပွားမှုအခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံ အတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်း မပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအခြေခံ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ် ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၈၄)ခု | (၇၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၄)ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၅)ခု | (၁)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၉၃)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၆)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၆၈၁)ခု | (၁၉၀)ဦး |
| **စုစုပေါင်း** | **(၁၁,၅၃၇)ခု** | **(၂၈၀)ဦး** |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၁-၁၂-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၇၉၉,၄၈၂) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၃,၀၂၉,၇၇၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၈,၈၂၉,၂၅၉) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၃၁,၈၅၉,၀၃၆) ကြိမ် |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၀၇၆၂၆၇၁ | ၃၉၉၈၆၄၈၃ | ၈၁၇၇၈၉ |
| ၂။ | အိန္ဒိယ | ၃၄၆၉၀၅၁၀ | ၃၄၁၂၂၇၉၅ | ၄၇၅၄၃၄ |
| ၃။ | ဘရာဇီး | ၂၂၁၈၈၁၇၉ | ၂၁၄၁၄၃၁၈ | ၆၁၆၈၅၉ |
| ၄။ | ဗြိတိန် | ၁၀၇၇၁၄၄၄ | ၉၄၅၃၄၂၉ | ၁၄၆၃၈၇ |
| ၅။ | ရုရှား | ၁၀၀၁၆၈၉၆ | ၈၇၄၁၃၅၅ | ၂၈၉၄၈၃ |
| ၆။ | တူရကီ | ၉၀၂၂၂၃ | ၈၅၉၂၀၉၄ | ၇၈၉၆၉ |
| ၇။ | ပြင်သစ် | ၈၂၁၄၈၄၄ | ၇၂၉၄၅၈၈ | ၁၂၀၃၈၃ |
| ၈။ | ဂျာမနီ | ၆၅၀၁၂၇၉ | ၅၃၉၅၃၀၀ | ၁၀၆၂၀၈ |
| ၉။ | အီရန် | ၆၁၅၄၈၁၃ | ၅၉၆၉၅၉၁ | ၁၃၀၇၂၂ |
| ၁၀။ | အာဂျင်တီးနား | ၅၃၅၆၈၈၅ | ၅၂၁၃၆၇၈ | ၁၁၆၇၆၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၉၁၄၃ | ၄၁၁၀၀၄၉ | ၁၄၃၉၃၆ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၆၅၉၂ | ၂၇၇၅၀၅၇ | ၅၀၂၈၀ |
| ၃။ | မလေးရှား | ၂၆၈၈၁၄၉ | ၂၅၉၆၅၀၉ | ၃၀၈၆၂ |
| ၄။ | ထိုင်း | ၂၁၆၈၆၄၆ | ၂၀၉၅၈၅၉ | ၂၁၁၆၉ |
| ၅။ | ဗီယက်နမ် | ၁၄၁၃၀၅၁ | ၁၀၅၄၇၂၀ | ၂၇၈၃၉ |
| ၆။ | မြန်မာ | ၅၂၆၆၆၁ | ၅၀၃၁၀၇ | ၁၉၁၈၃ |
| ၇။ | စင်ကာပူ | ၂၇၂၉၉၂ | ၂၆၆၁၉၈ | ၇၈၉ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၃၅၅ | ၁၁၆၇၀၈ | ၂၉၈၅ |
| ၉။ | လာအို | ၈၉၃၂၀ | ၇၆၈၄၂ | ၂၄၇ |
| ၁၀။ | ဘရူနိုင်း | ၁၅၃၄၈ | ၁၅၀၈၈ | ၉၈ |

**ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**




**၁၀-၁၂-၂၀၁၂ ရက်နေ့မှအဆက်**

တစ်စုံတစ်ယောက်၏ ပယောဂကြောင့် အိပ်ရာမှ လန့်နိုးလာချိန်တွင် မိုးစဲခဲ့ပြီ ဖြစ်သည်။ ဝန်းကျင်မှာ ပြန်လည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။ ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

အိမ်တံခါးကို တစ်စုံတစ်ယောက်က လာခေါက်သည်။ ခေါက်၍ မရသောအခါ တဝုန်းဝုန်းထုသည်။ ခင်သန်းနွဲ့၏အမည်ကိုလည်း ခပ်အုပ်အုပ်ခေါ်နေသည်။ သို့နှင့် မောင်မောင်ဦးတို့ နိုးလာသည်။

ခင်သန်းနွဲ့သည် ထိတ်လန့်တကြားဖြစ်နေသည်။ ဘယ့်နှယ်လုပ်ကြမလဲဟူသော အမူအရာဖြင့် မောင်မောင်ဦးကို ကြည့်သည်။ မောင်မောင်ဦးသည် အိပ်ရေးမဝဘဲ နိုးလာခြင်း ဖြစ်သည်။ အမူးကြောင့် ခေါင်းကလည်း ဝေနေသည်။ အိပ်ချင်မူးတူးဖြစ်နေသည်။

သူသည် စောစောကပင် အိမ်၏ပုဏ္ဏားကွယ်မှာ အဝတ်လျှော်ရာတွင် အသုံးပြုသော ရှားသားလက်ရိုက်တံတစ်ခုကို မြင်ရသည်။ အမှတ်ထင်ထင်ကြည့်ထားခဲ့သည်။ အိပ်ရာကထပြီးနောက် ယင်းလက်ရိုက်တံကို ဆုပ်ကိုင်လိုက်သည်။

မောင်မောင်ဦးသည် လက်ရိုက်တံကို ဆွဲယူလိုက်သောအခါ ခင်သန်းနွဲ့ ပြောသည်။

"လက်လွန် ခြေလွန်တော့ မဖြစ်ပါစေနဲ့ရှင်ရယ်"

တံခါးခေါက်လာသူသည် စိတ်မရှည်နိုင်တော့သလိုရှိသည်။ စိတ်ဆိုးမာန်ဆိုး ဖြစ်လာဟန်တူသည်။ ယခုအခါ တံခါးကို ဆွဲဖွင့်နိုင်ရန် ကြိုးစားနေသည်။

မောင်မောင်ဦးသည် တံခါးမင်းတုပ်ကို ဖြုတ်ပေးလိုက်သည်။ အပြင်ကဆွဲသောအရှိန်ဖြင့် တံခါးသည် ဝုန်းခနဲ ပွင့်ထွက်သွားသည်။ ယင်းအချိန်တွင်ပင် အိမ်အတွင်း တိုးဝင်လာသော လူတစ်ယောက်သဏ္ဌာန်ကို မြင်ရသည်။ မောင်မောင်ဦး ဘာမျှ တွေးမနေတော့၊ စဉ်းစားမနေတော့။ သူသည် ပုဏ္ဏားကွယ်မှ ပြူထွက်လာသော ခေါင်းကို လက်ရိုက်တံဖြင့် ခပ်ဆတ်ဆတ် ရိုက်ချလိုက်သည်။ အရိုက်ခံရသူသည် ရှေ့သို့ ဟပ်ထိုးကျလာသည်။ ကြမ်းပြင်ပေါ်သို့ စိုက်ကျသွားသည်။

အမျိုးသမီး၏ ထိတ်လန့်တကြား အော်ဟစ်သံ ကြားရသည်။ လဲကျသွားသူသည် ထလာလျက်ရန်မူလေဦးမည်လားအထင်ဖြင့် မောင်မောင်ဦးသည် လက်ရိုက်တံကို ဆုပ်ကိုင်ရင်း စောင့်နေသည်။ သို့ပေမဲ့ သူထမလာ။ လှုပ်လည်း မလှုပ်။ သည်တော့လည်း လက်လွန်ခြေလွန် ဖြစ်ရလေပြီလားအထင်ဖြင့် မောင်မောင်ဦးကိုယ်တိုင်ပင် စိုးရိမ်ကြောင့်ကြဖြစ်လာသည်။

အမျိုးသမီးသည် မောင်မောင်ဦး၏ကျောဘက်မှာ ရပ်လာသည်။

"သူ မလှုပ်တော့ဘူး။ နည်းနည်းတောင် မလှုပ်တော့ဘူး။ တစ်ခါတည်း သေပြီလားမသိဘူး"

မောင်မောင်ဦး ဘာမျှမပြော။ လဲကျနေသူကိုသာ စူးစိုက်ကြည့်နေသည်။ သူ့တွင် အိပ်ချင်မူးတူးရှိရမှုများ ပျောက်ကွယ်သွားသည်။ လုံးဝဥဿုံ အိပ်ရာမှနိုးလာခဲ့ပြီဟု ဆိုနိုင်သည်။ မူးဝေခြင်းသည်လည်း မရှိတော့။

လဲကျနေသူ၏ခေါင်းမှ သွေးထွက်လာသည်။ ကြမ်းပြင်ပေါ်သို့ စီးကျသည်။ သွေးကိုမြင်ရသောအခါ မောင်မောင်ဦး ချောက်ချားလာသည်။

ခင်သန်းနွဲ့က တစ်မှောင့်။

"ဟုတ်တယ်။ သူသေပြီထင်တယ်။ တစ်ခါတည်း ပွဲချင်းပြီး သေသွားပြီထင်တယ်။ တကယ်လို့ သူသာ သေရင် ရှင့်ကြောင့်ပဲ။ ရှင်သတ်လို့ သေရတာပဲ။ ကျွန်မနဲ့ ဘာမှ မပတ်သက်ဘူး။ ဘာမှမဆိုင်ဘူး"

မောင်မောင်ဦး၏ နားထဲမှာ ခင်သန်းနွဲ့၏အသံကို ပဲ့တင်သံသဖွယ် ကြားနေရသည်။ အထပ်ထပ်မြည်ဟည်းနေသည့်နှယ် ရှိသည်။ ချောက်ချားမှုဖြင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ချင်လာသည်။

သူ၏ ရင်မှာ ချက်ချင်းပင် မီးတောက်မီးလျှံထလာရသည့်နှယ် ဖြစ်သည်။ ပူလောင်ပြင်းပြလာသည်။

မောင်မောင်ဦးသည် လက်ရိုက်တံကို လွှတ်ချလိုက်သည်။ လဲကျသွားသူအနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ တဆတ်ဆတ်တုန်နေသော လက်ဖြင့် လဲကျနေသူ၏ ကိုယ်ကို ဆွဲလှန်လိုက်သည်။ တစ်ပြိုင်နက်မှာပင် အသံသည် သူ့လည်ချောင်းကို တိုးထွက်သွားသည်။

"ဟင် ဖေဖေ"

မောင်မောင်ဦးအဖို့ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားရသည့်အသွင်၊ ကတိမ်းကပါး ဖြစ်သွားသည့်အလား၊ ပေါက်ကွဲပျက်စီးသွားရသည့် ပမာပင်။

ယင်းသို့ဖြင့် ရောဝတီမြစ်ပြင်သည် သူ၏အပါးမှာပင် ချစ်ကြ၊ မုန်းကြ၊ ရယ်ကြ၊ ငိုကြ၊ ဝမ်းသာကြ၊ ဝမ်းနည်းကြ၊ ကြည်နူးကြ၊ ဆွတ်ပျံ့ကြ၊ နာကြည်းကြ ကြေကွဲကြ စသည့် အဖြစ်အပျက်များကို မသိကျိုးကျွန်ပြုလျက် အရှိန်အဟုန်မပျက် စီးဆင်းမြဲ စီးဆင်းသည်။ စင်စစ် သူ့အပါးတွင် ယင်းသို့သောအဖြစ်အပျက်တို့ ဒုနင့်ဒေး ဖြစ်ပျက်ခဲ့သည်။ ဖြစ်ပျက်ဆဲဖြစ်သည်။ ဖြစ်ပျက်လတ္တံ့သည်တို့ကိုလည်း အရေးမထား။ ဂရုမစိုက်။ ရောဝတီကား စိမ်းကားနိုင်လွန်းသူ ဥပေက္ခာပြုစွမ်းနိုင်လွန်းသူပေတကား။

x x x x x

လရောင်သည် အနောက်ဘက်သို့ တိမ်းစောင်းနိမ့်ဆင်းသွားချေပြီ။ စောစောကပင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အကျဉ်းခန်းအတွင်း လှစ်ခနဲ ချောင်းကြည့်သွားခဲ့သေးသည်။ အကျဉ်းခန်း ကြမ်းပြင်ပေါ်သို့ ခုန်ချလာခဲ့သေးသည်။ ယခုမူ လသည် သူ၏ ရောင်ခြည်ကို ဒေါ်ရေနံ့သာ ခင်ခင်ကြီးထံမှ နှမြောတွန့်တိုစွာ ပြန်လည်ရုပ်သိမ်းသွားလေပြီ။ မကြာမီ ကမ္ဘာပေါ်မှ ရောင်ခြည်အလုံးစုံကို ပြန်လည်ရုပ်သိမ်းသွားတော့မည်ဖြစ်သည်။

ထောင်ထုံးစံအတိုင်း အော်ဟစ် မေးမြန်းသံ၊ ပြန်လည် ဖြေကြားသံ၊ သံချောင်းခေါက်သံများကို ကြားနေရသည်။ ဤသည်ကလွဲလျှင်တော့ ကမ္ဘာလောကမှာ အိပ်မောကျနေဆဲပင် ဖြစ်ဟန်တူပေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သက်ပြင်းတစ်ချက်ကို ခပ်မှျင်းမှျင်း ရှိုက်လိုက်သည်။ သို့တိုင်အောင် သူ၏ ရင်ထဲမှ နာကျင်မှုများ လျော့ပါးသွားသည် မထင်ရ။ တင်းကျပ်ပြည့်သိပ်နေရမှုသည်လည်း ရှိမြဲအတိုင်းပင် ရှိနေသည်ဟု ထင်သည်။ သူသည် ကြာမြင့်စွာဖွင့်ထားရသဖြင့် ညောင်းညာနေပြီဖြစ်သည့် မျက်ခွံများကို အနားပေးလိုသော သဘောဖြင့် မျက်စိအစုံကို မှေးမှိတ်လိုက်သည်။ သို့ငြားလည်း အိပ်စက်ချင်သော စိတ်ဆန္ဒက ပေါ်ပေါက်မလာပေ။

မျက်စိများကို မှေးမှိတ်ထားလေတော့လည်း အာရုံသည် ပိုမိုစုစည်းမိသလိုရှိသည်။ အတွေးသည် ပို၍ နက်ရှိုင်းလာပြန်ပြီ။ သို့နှင့်အမျှ ရင်ထဲမှာ ပိုမိုလှိုက်လှဲ နာကျင်လာရသည်ဟု အထင်ရောက်မိသည်။

အမြင်အာရုံသည် ပြက်ပြက်ထင်ထင် မြင်တွေ့ရခြင်း မရှိ။ နီ၊ ပြာ၊ ဝါ၊ ရွှေ စသော ဆေးရောင်စုံတို့ ယှက်သန်းကွန့်မြူးနေသည်။ သရုပ်မပီ။ သဏ္ဌာန်မညီသော အရိပ်တို့တဖျပ်ဖျပ် လှုပ်ရှားနေသည်။

အကြားအာရုံတွင်လည်း အသံတို့သည် တိုးတိတ်ညင်သာလွန်းလှသည်။ မပီမသ၊ မကွဲမပြားနှင့်ပင် ချောက်ချားဖွယ် ကောင်းလောက်အောင် အသံမျိုးစုံတို့ မြည်နေသည်။ အချို့သည် အဝေးမှသည် အနီးသို့ ပျံ့လွင့်လာဟန်ရှိသည်။ အချို့သည်လည်း ပဲ့တင်သံနှယ် ထပ်တလဲလဲ ဖြစ်ပေါ်နေသည်။ သို့ပေမဲ့ အရိပ်သဏ္ဌာန်တို့သည်ကား သူ၏ လှိုက်မောတမ်းဆွတ်ဖွယ် ဖြစ်စဉ်တွင် အခန်းအသီးသီးမှ ပါဝင်ခဲ့ကြလေသူတို့၏ရုပ်သွင်၊ အသံတို့သည်လည်း သူတို့၏ ရွှင်ပျရယ်မောသံ၊ ငိုညည်းရှိုက်မက်သံ၊ အော်ဟစ်မြည်ကြွေးသံစသည်ဖြင့် ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏ အာရုံတွင် မှတ်ထင်သည်။

ခပ်လှမ်းလှမ်းမှ နာရီချိန်မှတ် သံချောင်းခေါက်သံသည် ရုတ်တရက်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အတွေးကို ကြားဝင်နှောင့်ယှက်သည်။ များမကြာမီ တစ်မိုးသောက်ရပြန်ပေဦးတော့မည်ဟု တွေးမိသည်။ တစ်မိုးသောက်လာဦးမည်ဆိုသော အသိကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စိတ်တွင် လှုပ်ရှားခြင်း ဖြစ်ပေါ်မလာပေ။ ဖြစ်နိုင်မည်ဆိုလျှင်တော့ သူ့အတွက် ညချည်းသာ ထာဝရဖြစ်စေချင်ဘိတော့သည်။ အမှောင်သည်သာလျှင် ထာဝရလွှမ်းခြုံနေစေချင်သည်။

စင်စစ်တွင်လည်း တစ်မိုးသောက်လျှင် အလင်းသို့ ရောက်ရှိလာသည် ထားဘိဦး၊ သူ၏ ဘဝမှာ မည်သို့မျှ ထူးခြားဆန်းကြယ်လာနိုင်ဖွယ်မမြင်။ အမှောင်မှ လှမ်းကြည့်လေသည့်တိုင် အလင်းကို မမြင်သာသည့်ဘဝ၊ သန်းခေါင်ထက် ညဉ့်နက်ရလေသော ကာလမျိုးတွင် တစ်မိုးချုပ်ခြင်း၊ တစ်မိုးသောက်ခြင်းတို့သည်ပင် ထူးခြားခြင်း မရှိနိုင်တော့ပါကလား။

သည်တော့လည်း ဒေါ်ရေနံ့သာ ခင်ခင်ကြီးသည် လှိုက်မောခြင်း အပြည့်အဝဖြင့် သက်ပြင်းကို လေးလေးပင်ပင်ကြီး ချလိုက်သည်။

မတွေးတော့ပါဘူးဟု စိတ်ကိုဆုံးဖြတ်ကြည့်သည်။ မရ။ မစဉ်းစားတော့ပါဘူးဟု အာရုံကို လှည့်စားမိသည်။ မဖြစ်။

သူ၏ နိုးတစ်ဝက် အိပ်မက်ရှည်ကား မဆုံးနိုင်သေး။ မြင်မက်နေရဆဲပါပင်။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

**ခပ်လှမ်းလှမ်းမှ နာရီချိန်မှတ် သံချောင်းခေါက်သံသည် ရုတ်တရက်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အတွေးကို ကြားဝင်နှောင့်ယှက်သည်။ များမကြာမီ တစ်မိုးသောက်ရပြန်ပေဦးတော့မည်ဟု တွေးမိသည်။ တစ်မိုးသောက်လာဦးမည်ဆိုသော အသိကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စိတ်တွင် လှုပ်ရှားခြင်း ဖြစ်ပေါ်မလာပေ။ ဖြစ်နိုင်မည်ဆိုလျှင်တော့ သူမအတွက် ညချည်းသာ ထာဝရဖြစ်စေချင်ဘိတော့သည်။ အမှောင်သည်သာလျှင် ထာဝရလွှမ်းခြုံနေစေချင်သည်။ စင်စစ်တွင်လည်း တစ်မိုးသောက်လျှင် အလင်းသို့ ရောက်ရှိလာသည် ထားဘိဦး၊ သူ၏ဘဝမှာ မည်သို့မျှ ထူးခြားဆန်းကြယ်လာနိုင်ဖွယ်မမြင်။ အမှောင်မှ လှမ်းကြည့်လေသည့်တိုင် အလင်းကို မမြင်သာသည့်ဘဝ . . .**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ဖန်းမော်၊ ပြည်ကြီးတံခွန်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



စိုးထက်အောင်၊ မပုတ်၊ ကျော်ဇင်ဦး၊ မအိအိမွန် တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၂
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ဖန်းမော်မြို့နယ် စီဟဲကျေးရွာတံတားအနီး ဖန်းမော်-ရွှေကူသွားကားလမ်းတွင် ကျော်ဇင်ဦး မောင်းနှင်ပြီး မအိအိမွန် လိုက်ပါလာသည့် ဆိုင်ကယ်ကိုစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် ဖန်းမော်မြို့နယ် စင့်ကင်ကျေးရွာအုပ်စု စင့်ကင်ကျေးရွာ တံတားအနီးတွင် စိုးထက်အောင်နှင့် မပုတ်တို့ကို မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

## သိမ်းဆည်းရမိ

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ၁၃၂ လမ်းနှင့် ၁၃၃ လမ်းကြား၊ ၆၂ လမ်းရှိ လက်ဖက်ရည်ဆိုင်ရှေ့တွင် ဖြိုးမင်းကို မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၇၀)ရပ်ကွက် လှော်ကားလမ်းတွင် မကြူကြူနိုင်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၂
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၂
တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ဆန်၊ မြေပဲဆီသန့်နှင့် နေကြာဆီသန့်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဒီဇင်ဘာ ၁၂
ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမ အရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်စေနိုင်ရန်နှင့် စားသုံးသူအသင်းသားပြည်သူများသို့ သက်သာချောင်ချိစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနက ကျောက်တန်းမြို့နယ် သမဝါယမ အသင်းစုမှ ပေါ်ဆန်း(ကြားပျံ) ၂၄ ပြည်ပါအိတ် ၁၆၀ ကိုလည်းကောင်း၊ ပခုက္ကူဒေသထွက် မြေပဲဆီသန့်နှင့် နေကြာဆီသန့် ပိဿာချိန် ၁၂၇၀ ကိုလည်းကောင်း မြို့နယ်သမဝါယမ အသင်းစုများမှ တစ်ဆင့်ရန်ကင်း၊ ကျောက်တံတား၊ ဒဂုံ၊ သန်လျင်၊ ပန်းဘဲတန်း၊ သာကေတ၊ ဒေါပုံ၊ ဗိုလ်တထောင်၊ လမ်းမတော်နှင့် စမ်းချောင်းမြို့နယ်များရှိ သမဝါယမအသင်းများက အသင်းသား ပြည်သူများသို့ ပြင်ပပေါက်စျေးထက် သက်သာသော နှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၁၂-၂၀၂၁ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရ္ဗဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကျိုက္ကမီရေလယ်ဘုရားနှင့် စက်ဝဲကမ်းခြေသို့အလည်တစ်ခေါက်
- ၀၉:၁၅ စိုက်ပျိုးရေးရာအဖြေရှာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၅ ကြွေလည်းဝေမြဲတမ်းတဆဲ
- ၁၃:၃၀ MRTV National News
- ၁၅:၀၅ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်'
- ၁၆:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- ၁၇:၃၀ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ ၂၀၁၃ ဆီးဂိမ်းအမှတ်တရအစီအစဉ် (ဖွင့်ပွဲအခမ်းအနား) (အပိုင်း-၃)
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာပျက်နှာဖုံး' (အပိုင်း-၃၀) (ဇာတ်သိမ်း)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁' ထုတ်လွှင့်မှုအစီအစဉ် (တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေခြင်း)
- ၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၂)

သောကြာနေ့ ညတိုင်းတွင် ဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

- 07:01 News
- 07:26 Global Partnership for Brighter Future: Colombia Pavilion at Expo 2020 Dubai
- 07:34 Myanmar Delicate Artistic Creations - Gem Stone Painting
- 07:53 Kid's Home
- 08:01 Myanmar Masterclass: Artist Tin Win (Beikthano)
- 08:12 Healthy Diet: Balanced Diet
- 08:18 Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
- 08:32 The Richly Blessed Gem Land
- 09:01 Rakhine Tourist Area
- 09:32 Styles of Mro & Thet
- 09:39 Well-trained Elephants
- 09:50 Crocodile Keeper

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တောင်အုန်းပူးတာလပေါ့

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဖားစည်မြေမှ ရောင်စုံအလှ(အပိုင်း-၂)

**ချင်း (လိုင်စိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနှာခေါင်းပလွေမှုတ်

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
အာဟာရပြည့်အေတွိချက်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ခွိုမားဆန်းပြုတ်ချက်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားပုံ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
သွေးချင်းတို့ရဲ့ပွဲတော်ဆီ(၂၀၂၁) (ဝုဏ်ပြုအစီအစဉ်)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကူးစက်ရောဂါပြန့်ပွားစေသည့် ပေါ့ဆလျှော့ရှု'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(သီရိလင်္ကာနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ဂျပန်ဈေးကွက်မှာ မျက်နှာပန်းလှစွာအရောင်းသွက်နေတဲ့ မြန်မာ့ကော်ဖီ

**မြတ်မြတ်စိုးမိုး (Myantrade)**

ကမ္ဘာ့အထူးတန်းဝင် အကောင်းဆုံးကော်ဖီတွေ ထုတ်လုပ်တဲ့နိုင်ငံများမှာ ဘရာဇီး၊ ကိုလံဘီယာ၊ ဒိုမီနီကမ်နဲ့ အီသီယိုးပီးယားနိုင်ငံတို့ဖြစ်ပါတယ်။ ထို့အတူ မြန်မာ့ကော်ဖီသမိုင်းကို လေ့လာကြည့်မယ်ဆိုရင် ဗြိတိသျှကိုလိုနီခေတ် ၁၈၈၅ ခုနှစ်ကစတင်ပြီး ရိုဗက်စတာကော်ဖီက မြန်မာနိုင်ငံ မြိတ်နဲ့ ထားဝယ်ဒေသတွေကို ရောက်ရှိလာခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွေမှာ ကတ်သလစ်သာသနာပြုအဖွဲ့မှ အာရေဗီကာကော်ဖီကို ပြင်ဦးလွင်တွင် စတင်စိုက်ပျိုးခဲ့ကြပါတယ်။

**မြန်မာ့ကော်ဖီအရည်အသွေးက အမှတ် ၈၉ ပွိုင့်**

ထို့ကြောင့် လက်ရှိမြန်မာနိုင်ငံမှာ ကော်ဖီစိုက်ဧက စုစုပေါင်း ၃၀၀၀၀ ကျော်ခန့်ရှိပြီး အာရေဗီကာကော်ဖီ ၈၀ ရာခိုင်နှုန်းခန့်နဲ့ ရိုဗက်စတာကော်ဖီ ၂၀ ရာခိုင်းနှုန်းခန့် စိုက်ပျိုးထုတ်လုပ်ကြပါတယ်။ အထူးသဖြင့် ပြင်ဦးလွင်၊ ရွာငံ၊ မိုးကုတ်၊ နောင်ချို၊ သံတောင်ကြီး၊ ဟိုပုံးနဲ့ ပင်လောင်းဒေသတွေဟာ ကော်ဖီအများဆုံးစိုက်ပျိုးထုတ်လုပ်တဲ့ ဒေသတွေဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံ ကော်ဖီအသင်းက ကြီးမှူးပြီး နိုင်ငံတကာကော်ဖီပညာရှင်တွေကို ဖိတ်ခေါ်ကာ ကော်ဖီအရည်အသွေးအကဲဖြတ်အမှတ်ပေးပြိုင်ပွဲကိုကျင်းပခဲ့ရာ မြန်မာ့ကော်ဖီအရည်အသွေးက အမှတ် ၈၉ ပွိုင့် ရရှိခဲ့ပါတယ်။ မိုးကုတ်ကော်ဖီက ၂၀၁၈ ခုနှစ် Coffee Cupping ပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ ဒုတိယဆုထပ်မံရရှိခဲ့ပါတယ်။

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွေကို လေ့လာကြည့်ပါက ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO –Food and Agriculture Organization) ရဲ့ ၂၀၁၆ ခုနှစ် စာရင်းဇယားတွေအရ မြန်မာနိုင်ငံရဲ့ကော်ဖီထုတ်လုပ်မှုက ၈၄၇၄ တန်နဲ့ ကမ္ဘာအဆင့် (၃၉) နေရာမှာရှိနေခဲ့ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံ ထုတ်လုပ်မှုရဲ့ လေးပုံတစ်ပုံခန့်သာရှိပါတယ်။




မြန်မာနိုင်ငံကော်ဖီအသင်းနဲ့ ကော်ဖီလုပ်ငန်းရှင်တွေ ပူးပေါင်းပြီး ပြည်တွင်းစိုက်ပျိုးမှုနဲ့ ပြည်ပတင်ပို့မှုတွေကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပကော်ဖီပြပွဲတွေကို တတ်စွမ်းသမျှပါဝင်ပြသခဲ့ကြပါတယ်။

**အာရှတိုက်ရဲ့ အကြီးဆုံးကော်ဖီပြပွဲ**

အထူးသဖြင့် ဂျပန်နိုင်ငံ Specialty Coffee Association of Japan (SCAJ) အဖွဲ့က ကြီးမှူးပြီး နှစ်စဉ်နိုဝင်ဘာလမှာ ကျင်းပမြဲဖြစ်တဲ့ အာရှတိုက်ရဲ့ အကြီးဆုံးကော်ဖီပြပွဲလို့ဆိုနိုင်တဲ့ SCAJ World Specialty Coffee Conference & Exhibition ကို မြန်မာနိုင်ငံကော်ဖီအသင်းနဲ့ ကော်ဖီကုမ္ပဏီတို့က ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်တွေမှာ သွားရောက်ပြသခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြပွဲကျင်းပနိုင်ခြင်းမရှိပေမယ့် ၂၀၂၁ ခုနှစ်မှာ မြန်မာ့ကော်ဖီတွေ ဝယ်ယူနေတဲ့ ဂျပန်ကုမ္ပဏီ သုံးခုဖြစ်တဲ့ Saka No Tochu Co.,Ltd.၊ Mandalay Coffee Group Co., Ltd. နဲ့ Aung Coffee Lab တို့က မြန်မာ့ကော်ဖီတွေနဲ့ မြန်မာနိုင်ငံကော်ဖီကိုယ်စားပြုပြီး SCAJ World Specialty Coffee Conference & Exhibition 2021 ပြပွဲမှာ ပါဝင်ပြသခဲ့ကြပါတယ်။

ဒီကော်ဖီပြပွဲကြီးကို ကမ္ဘာ့နိုင်ငံတွေက နာမည်ကြီးကော်ဖီအမျိုးအစားမျိုးစုံနဲ့ ကော်ဖီလုပ်ငန်းပေါင်း ၂၀၀ ကျော် လာရောက်ပြသကြတဲ့အပြင် ကော်ဖီဖျော်စက်မျိုးစုံ၊ ကော်ဖီနှင့် စပ်ဆက်ပစ္စည်းမျိုးစုံ၊ ကော်ဖီအသုံးပြုထုတ်လုပ်ထားတဲ့ အခြားသစ်သီးအရသာ၊ ဆေးဖက်ဝင်သစ်သီးသစ်ရွက်တွေနဲ့ ပေါင်းစပ်ထားတဲ့ သောက်သုံးစရာတွေနဲ့ ကော်ဖီအခွံကို အသုံးပြုပြီး အခြားဖြည့်စွက်အရသာတွေ ပေါင်းစပ်ထုတ်လုပ်ထားတဲ့ အချိုရည်တွေကို ပြသပြီး လက်တွေ့မြည်းစမ်းသောက်သုံးနိုင်အောင် စီစဉ်ပေးထားပါတယ်။

**ဂျပန်လူမျိုးတွေက မြန်မာ့ကော်ဖီကို ကြိုက်နှစ်သက်**

ဒီနှစ် SCAJ World Specialty Coffee Conference & Exhibition 2021 ပြပွဲမှာ ဝင်ရောက်ပြသခဲ့တဲ့ Aung Coffee ကို ဂျပန်လူမျိုး Mr. Okutomi Taketo က တည်ထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစတင်ကာ ရှမ်းပြည်နယ် (ရွာငံ၊ ဟိုပုံးနဲ့ ပင်လောင်း)နဲ့ မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်နဲ့ မိုးကုတ်) တို့ကထွက်တဲ့ ကော်ဖီတွေကို အစေ့အစိမ်းဝယ်ယူတင်သွင်းပြီး အိမ်လှော် မြန်မာ့အထူးတန်းဝင်ကော်ဖီအဖြစ် ဂျပန်နိုင်ငံမှာ ကော်ဖီဆိုင်နဲ့ အင်တာနက်တို့ကနေတစ်ဆင့် ပြန်လည်ရောင်းချခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်ကစပြီး တိုကျိုမြို့ Ushigome Yanagimachi ဘူတာရုံအနီးမှာ Aung Coffee (Myanmar Coffee Lab Cafe' & Roastery) နာမည်နဲ့ မြန်မာ့အထူးတန်းဝင်ကော်ဖီတွေကို မြန်မာမုန့်တွေဖြစ်တဲ့ ဆနွင်းမကင်း၊ ကောက်ညှင်းရွှေချီ၊ စနိုးပူတင်းတို့နဲ့ တွဲဖက်ရောင်းချပါတယ်။ အခုဆိုရင် မြန်မာ့ကော်ဖီကို ကြိုက်နှစ်သက်သူဂျပန်လူမျိုးတွေ တိုးပွားလာနေပြီး ကော်ဖီဈေးနှုန်းက ကမ္ဘာ့နာမည်ကျော် Starbuck Coffee ဈေးနှုန်းနဲ့အတူတူပဲဖြစ်ပါတယ်။

ဒီလို ဂျပန်ဈေးကွက်မှာ မျက်နှာပန်းလှစွာ အရောင်းသွက်နေတဲ့ မြန်မာ့ကော်ဖီရဲ့ တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်ပေးနိုင်ဖို့ အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ထို့အတူ အခြားကော်ဖီသောက်သုံးမှုမြင့်မားတဲ့ နိုင်ငံတွေမှာလည်း (ဥပမာ-ကိုရီးယား) အလားတူ မြန်မာ့ကော်ဖီသီးသန့်ဆိုင်တွေ ပေါ်ထွန်းလာစေဖို့ အားလုံးတစ်တပ်တစ်အားပါဝင်ပြီး ကြိုးစားကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

**ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွေကို လေ့လာကြည့်ပါက ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO -Food and Agriculture Organization) ရဲ့ ၂၀၁၆ ခုနှစ် စာရင်းဇယားတွေအရ မြန်မာနိုင်ငံရဲ့ကော်ဖီထုတ်လုပ်မှုက ၈၄၇၄ တန်နဲ့ ကမ္ဘာအဆင့် (၃၉) နေရာမှာရှိနေခဲ့ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံ ထုတ်လုပ်မှုရဲ့ လေးပုံတစ်ပုံခန့်သာရှိပါတယ်။ မြန်မာနိုင်ငံကော်ဖီအသင်းနဲ့ ကော်ဖီလုပ်ငန်းရှင်တွေ ပူးပေါင်းပြီး ပြည်တွင်းစိုက်ပျိုးမှုနဲ့ ပြည်ပတင်ပို့မှုတွေကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပကော်ဖီပြပွဲတွေကို တတ်စွမ်းသမျှပါဝင်ပြသခဲ့ကြ**




# ထန်းတပင်မြို့နယ်၌ ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေး

**ထန်းတပင် ဒီဇင်ဘာ ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက ကလိန်ကျေးရွာအုပ်စုနှင့် ညွှန့်ပေါင်းကျေးရွာအုပ်စုတို့ရှိ ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးရာတွင် ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေ၊ လဝကမှူး ဦးမင်းဆွေ၊ ဒုလဝကမှူး ဒေါ်သက်သက်နှင့် ဝန်ထမ်းများက ကလိန်ကျေးရွာအုပ်စုတွင် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ငါးဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၅၂ ဦးနှင့် ညွှန့်ပေါင်းကျေးရွာအုပ်စုတွင် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ၁၂ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ၄၅ ဦး စုစုပေါင်း ကျေးရွာနေပြည်သူ ၁၁၄ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပန်းခင်းစီမံချက်ဖြင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ထန်းတပင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးခြင်းကို မေ ၃ ရက်မှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ၇၁၃ ဦးနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ၄၉၅၉ ဦး စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ



၅၆၇၂ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရပြီး ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကိုလည်း ရပ်ကွက် /ကျေးရွာနေ ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**




## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ကြားတောရ(၁)လမ်း၊ အရှေ့ဘက်-ကြားတောရ(၁)လမ်း၊ အနောက်ဘက်-အုတ်ဖိုတိုးချဲ့ခြံမြေကွက်လပ်၊ တောင်ဘက်-ပယ်လမ်းကြားမြေ၊ မြောက်ဘက်-ဒေါ်ရီရီလွင်၏ ခြံမြေကွက်စသော အလားလေးရပ်အတွင်းရှိ(၁၉x၈၅)ပေ ကျယ်ဝန်းသောခြံမြေကွက် အပါအဝင် ယင်းခြံမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန်းစန်းဝင်း [၇/ညလပ(နိုင်)၀၁၃၂၆၀]နှင့် မောင်သားထက်အောင် [၇/ညလပ(နိုင်)၂၁၂၇၆၂]တို့၏ထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ အဆိုပါခြံမြေကွက် အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်လိုသူရှိပါက (၂၅-၁၂-၂၀၁၂)ရက်နေ့ နောက်ဆုံးထား၍ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အဆိုပါခြံမြေကွက် အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးမင်း (ဘ) ဦးဘိုလေး — ၁၂/ကမတ(နိုင်)၀၅၅၇၄၆**

**ဦးအောင်မင်းသိမ်း (ဘ) ဦးမျိုးမင်း — ၁၂/ကမတ(နိုင်)၀၈၀၉၂၆**

**အမှတ်-(၃၄) ရန်ကုန် - မန္တလေးလမ်း၊ မြို့မ(၃) ရွာသစ်ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ဖုန်း ၀၉-၄၂၈၂၀၈၆၆၈ ၊ ၀၉-၄၅၇၈၀၀၅၈၃**

## အမှတ်(၈၀/က)၊ ပေ(၂၀x၆၀)၊ ခတ္တာလမ်း၊ (၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၏ နှစ်(၆၀)ဂရန်မူရင်းနှင့် ဦးမောင်မောင်ကျော်(ကွယ်လွန်)မှ ဝယ်ယူထားသော အိမ်၊ မြေ အရောင်းအဝယ်စာချုပ်မူရင်းတို့ ပျောက်ဆုံးကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေ ဦးဟိန်းသူအောင်၏ဖခင် ဦးမောင်မောင်ကျော်(ကွယ်လွန်) ဝယ်ယူပိုင်ဆိုင်ခဲ့သော အမှတ်(၈၀/က)၊ ခတ္တာလမ်း၊ (၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ရှိ ပေ(၂၀x၆၀)မြေနှင့် အိမ်တို့၏ စာချုပ်စာတမ်းမူရင်းများနှင့် မူလဒေါ်ပြုံးအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်စာချုပ်မူရင်းတို့ပါ ပျောက်ဆုံးနေသဖြင့် အထက်ဖော်ပြပါ စာရွက်၊ စာတမ်းမူရင်းများအား ဦးဟိန်းသူအောင်ထံ အမြန်ပြန်လည်ပေးအပ်ပါရန်နှင့် အကယ်၍ လက်ဝယ်ထားရှိ အလွဲသုံး၊ ပေါင်နှံ ပြုလုပ်ထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းသူအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြင်သန်း**
**B.A(Eco), H.G.P, R.L.1**
**အထက်တန်းရှေ့နေ(စဉ်-၂၂၈၆၂)**
**အမှတ်(၂၈၀)၊ မြေညီထပ်၊ နွယ်သာကီ(၈)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၉၇၆၉၉၄၀၂၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ ဓမ္မပီယလမ်း၊ အမှတ်(၄/၆၆)၊ (အလျားပေ ၄၂xအနံပေ ၉၅)၊ အကျယ်အဝန်းရှိ အိမ်ခြံမြေကွက်သည် မူလပိုင်ရှင် ဦးဆန်းသိန်းထံမှ ဦးတင်နွဲ့(ခ)ဦးကျော်မင်း[၁၂/မဂဒ(နိုင်)၀၉၃၂၃၀] က ဝယ်ယူခဲ့ပြီး ဦးတင်နွဲ့(ခ)ဦးကျော်မင်းထံမှ ဦးခန့်ဇော်[၁၂/မရက(နိုင်)၀၅၄၆၂၆]+ဒေါ်မြမွန်မွန်ကျော်ထင်[၁၂/ဒဂန (နိုင်)၀၀၂၀၃၈]တို့က (၉-၂-၂၀၁၄)ရက်တွင် တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အိမ်ခြံမြေကွက်ကို လက်ရှိပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ဦးခန့်ဇော်နှင့် ဒေါ်မြမွန်မွန်ကျော်ထင်တို့ထံမှ ဦးမင်းမင်းဇင်[၁၂/မရက(နိုင်)၀၀၀၅၉၄]က အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ယင်း အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား မူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းမင်းဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**(KHIN MAR LAR LAW FIRM)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၆၉၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃-ဘီ)၊ ဦးထွန်းမြတ်လမ်း၊ မြေကွက်အမှတ်(၃- ဘီ/၄)၊ မြေအမျိုးအစား (ဘိုးဘွားပိုင်) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ်(၃၇-ဘီ)၊ Royal Garden View Condo၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်ရှိ (၁၂)ထပ်တိုက်၊ (၄၈)ခန်းပါ (I,J,K L)အဆောက်အဦရှိ အခန်းနံပါတ် (2K)၊ အကျယ်အဝန်းမှာ (၁၉၀၀စတုရန်းပေ)ခန့်ရှိသောတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာ၊ ကားရပ်နားရန်(ကားပါကင်)တစ်နေရာစာ၊ အများသုံးရေကူးကန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းအတွက် ဂျင်ကစားခွင့်အပါအဝင် တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေက တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး မြေပိုင်ရှင်များဖြစ်သော အပိုင်ရောင်းချသူ ၁။ ဒေါ်ခင်စန်းဝင်း(ဘ) ဦးအဟီး၊ အမျိုးသားမှတ်ပုံတင်အမှတ် (CJ-001431)၊ ၂။ ဦးမောင်မောင်မြတ်ကျော် (ဘ) ဦးမောင်မောင်ကျော် အမျိုးသားမှတ်ပုံတင်အမှတ် [၁၂/တမန(နိုင်)၀၀၁၂၅၂]၊ ၃။ ဒေါ်နှင်းစုမွန်(ခ) ဒေါ်ခင်သီသီဦး (ဘ) ဦးခင်မောင် အမျိုးသားမှတ်ပုံတင်အမှတ်[၁၂/တမန(နိုင်)၀၀၁၀၃၆]ကိုင်ဆောင်သူတို့ထံမှ တိုက်ခန်းတန်ဖိုးငွေများ အပြေအကျေ ပေးချေဝယ်ယူကာ တိုက်ခန်းလက်ရောက်ရယူပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာ ပြောကြားကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်မကျော်လွန်မီ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်ကျော်ရောက်ကျော်လွန်ပြီးနောက်မှ ပြောကြားလာမှု အဝဝကို ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေက လက်ခံစဉ်းစားဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ကိုကို(ရွှေစာရေး)**
**LL.B,WIPO -101 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၄)**
**အမှတ်(၁၆၂)၊ (၆)လွှာ/အေ၊ လမ်း(၃၀)၊**
**(၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၁၀၂၁၆၃၇**
**၀၉-၄၅၀၁၇၀၀၀၁၊ ၀၉-၄၅၀၁၇၀၀၀၂၊ ၀၉- ၄၅၀၁၇၀၀၀၃**

အား
က
စား
မြင့်
တင်
စိတ်
လန်း
ရွှင်
ဆန့်
ကျင်
မူး
ယစ်
ဆေး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၁၂-ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

| | | |
|---|---|---|
| ဦးကြင်သန်း | နှင့် | ၁။ မမိမိခိုင် |
| | | ၂။ မောင်ထွန်းအောင်ကျော် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၇)နေ မောင်ထွန်းအောင်ကျော်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဦးကြင်သန်းက မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၇)၊ ပေ(၄၀x၆၀)မြေနှင့်အိမ်အား ၎င်းတို့မှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းတို့ လုံးဝမပြုလုပ်ကြရန် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၅၄အရ အမြဲတမ်းတားဝရမ်းရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက် (၁၃၇၄-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၄)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၆၅)၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇ စီ၊ မြေကွက်အမှတ် (၄၁)နှင့် (၄၂)၊ ဧရိယာ(၀.၀၂၉)ဧကရှိသော နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ်(၃/၅)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအား ဖခင် ဦးပါငယ်နှင့် မိခင် ဒေါ်တင်အေးတို့ ကွယ်လွန်ပြီးနောက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၁၂၆၁/၉၇အရ သားသမီးများဖြစ်ကြသော ဦးတင်ထွဏ်း၊ ဒေါ်အုန်းမြင့်၊ ဦးမြင့်သိန်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်သန်းသန်းမြင့်၊ ဦးအေးသိန်းတို့မှ အမွေဆက်ခံ ပိုင်ဆိုင်လာခဲ့ကြပါသည်။

အထက်ပါကဲ့သို့ ပိုင်ဆိုင်လာခဲ့သောမြေကွက်ပေါ်တွင် (၃)ခန်း၊ (၈)ထပ်၊ ကန်ထရိုက်တိုက်အဆောက်အဦအား ဆောက်လုပ်ခဲ့ပြီးနောက် ယခုအခါ ဦးတင်ထွဏ်း၊ ဦးမြင့်သိန်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်သန်းသန်းမြင့်နှင့် ဦးအေးသိန်းတို့ မောင်နှမ (၅)ဦးတို့မှာ ကွယ်လွန်အနိစ္စရောက်ရှိခဲ့ကြပြီးဖြစ်ပြီး ဒေါ်အုန်းမြင့် တစ်ဦးတည်းသာ သက်ရှိထင်ရှားရှိနေပါသည်။

ယခုအခါ အထက်ဖော်ပြပါ (၃)ခန်းတွဲ (၈)ထပ်တိုက်ခန်းများအနက်မှ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပဏ္ဍိတလမ်း၊ တိုက်အမှတ်(၃/၅)၊ အခန်းအမှတ်(၃စီ)ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များအား ဒေါ်အုန်းမြင့်[၁၂/စခန(နိုင်)၀၀၇၆၀၂]မှ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိပါသဖြင့် အဆိုပါတိုက်ခန်းအား ဒေါ်အုန်းမြင့်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ ငှားရမ်းခွင့်တစ်စုံတစ်ရာရှိမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အုန်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း(စဉ်-၆၀၈၂) B.A,H.G.P,C.B.L,D.B.L,D.M.L**
**အထက်တန်းရှေ့နေ**
**တိုက်အမှတ်(၃/အေ)၊ (၃-လွှာ)(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၈၇၉၂၇၁၉၉**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဇန်နဝါရီတွင် နိုင်ငံတကာခြေစမ်းပွဲများကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၁၂ အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်မတိုင်မီ ဇန်နဝါရီလ၌ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပဏာမကစားသမားများ ထပ်တိုးရွေးချယ်ထားသဖြင့် ကစားသမားစုစုပေါင်း ၃၀ ကျော်ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာလဆန်းပိုင်းမှ လလယ်ပိုင်းအထိ မန္တလေးမြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲမတိုင်မီ ဇန်နဝါရီလဆန်းပိုင်းတွင် ပြည်ပခရီးစဉ်သွားရောက်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၁၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲနောက်ဆုံးအဆင့်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ဂ)တွင် လက်ရှိချန်ပီယံ ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲနောက်ဆုံးအဆင့်တွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး တစ်ကျော့ပြန် ခြေစစ်ပွဲအောင်မြင်ထားခြင်းဖြစ်သည်။

**ကိုညီလေး**

✻ **အာဖရိကဘောလုံးလောကမှ** ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

အီတူးကို ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့တဲ့ ကင်မရွန်းနိုင်ငံဟာ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလတို့မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၄၀ အရွယ်ရှိ အီတူးဟာ ကင်မရွန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီးချိန်မှာ ကင်မရွန်းနိုင်ငံရဲ့ အားကစားကဏ္ဍ တိုးတက်အောင်မြင်စေရေးအတွက် ပြုပြင်ပြောင်းလဲမှု အများအပြားလုပ်ဆောင်သွားမှာ ဖြစ်တယ်လို့လည်း ကတိပြုခဲ့ပါတယ်။

အီတူးဟာ ဘာစီလိုနာအသင်း၊ အင်တာမီလန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး သူ့ရဲ့ ကင်မရွန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရာထူးတာဝန်ထမ်းဆောင်စဉ် ကာလအတွင်းမှာ အနည်းဆုံး အားကစားကွင်း ၁၀ ကွင်းအထိ ဆောက်လုပ်သွားမှာ ဖြစ်တယ်လို့လည်း ကတိပြုခဲ့ပါတယ်။

အီတူးဟာ ကင်မရွန်းနိုင်ငံရဲ့ ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးဖြစ်ပြီး အသက် ၁၆ နှစ်အရွယ်ဖြစ်တဲ့ ၁၉၉၆ ခုနှစ်မှာ စပိန်လာလီဂါ ထိပ်တန်းကလပ်ရီးယဲလ်မက်ဒရစ်အသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး အဲဒီနောက် လီဂါနက်စ်၊ အက်စ်ပန်ညို၊ မာယော့ကာစတဲ့အသင်းတွေမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာတော့ တိုက်စစ်မှူး အီတူးဟာ မာယော့ကာအသင်းနဲ့ အမြဲတမ်းစာချုပ်ချုပ်ဆိုခဲ့ပြီး မာယော့ကာအသင်းအတွက် ၁၃၃ ပွဲမှာ ၅၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး အီတူးဟာ ၂၀၀၄ ခုနှစ်မှာ မာယော့ကာအသင်းကနေ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ခဲ့ပြီး ဘာစီလိုနာအသင်းနဲ့အတူ စပိန်လာလီဂါဖလား သုံးကြိမ်၊ ၂၀၀၆ ခုနှစ်နဲ့ ၂၀၀၉ ခုနှစ်တို့မှာ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့ပါတယ်။

ဘာစီလိုနာအသင်း ချန်ပီယံလိဂ်ဖလား ရရှိခဲ့တဲ့ နှစ်ကြိမ်စလုံး နောက်ဆုံးဗိုလ်လုပွဲမှာ အီတူး ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်က ၃၄ ပွဲမှာ ၂၆ ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် စပိန်လာလီဂါပြိုင်ပွဲရဲ့ ရွှေဖိနပ်ဆုကို ရရှိခဲ့တဲ့ ပထမဆုံးသော အာဖရိကနိုင်ငံသားဘောလုံးသမားလည်း ဖြစ်လာခဲ့ပါတယ်။

တိုက်စစ်မှူး အီတူးဟာ အီတလီစီးရီးအေ ကလပ် အင်တာမီလန်အသင်းသို့ မပြောင်းရွှေ့မီကာလအတွင်း ဘာစီလိုနာအသင်းနဲ့အတူ ၁၄၄ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးစုစုပေါင်း ၁၀၈ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်အတွင်းမှာတော့ တိုက်စစ်မှူး အီတူးဟာ အင်တာမီလန်အသင်းနဲ့အတူ အီတလီစီးရီးအေဖလား တစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်နဲ့ ကမ္ဘာ့ကလပ်အသင်းများဖလားတစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဆန်မျူရယ်အီတူးဟာ ကလပ်အသင်းတွေမှာ ခြေစွမ်းပြကစားနိုင်ခဲ့သလို နိုင်ငံအသင်းအတွက်လည်း ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၂ ခုနှစ်တို့မှာ အာဖရိကနိုင်ငံများဖလားကို နှစ်ကြိမ်ဆက်တိုက်ရယူပေးနိုင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာ ကင်မရွန်းလက်ရွေးစင်အသင်းအတွက် အိုလံပစ်ရွှေတံဆိပ်ဆုကိုလည်း ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၂ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ (၁၈)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)အထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net. mm/ nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၈-၁၂-၂၀၂၁ ရက်နေ့မှ ၃၁-၁၂-၂၀၂၁ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ၂၅-၁-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရန် ပဏာမရွေးချယ်ထားသူများသည် ၂၅-၁-၂၀၂၂ ရက်နေ့မှ ၃၀-၁-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့၌ ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအောင်မြင်သူများကို စိတ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင်လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင်မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)**နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၂ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ၊

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန် အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန် တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/ nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၈-၁၂-၂၀၂၁ ရက်နေ့မှ ၃၁-၁၂-၂၀၂၁ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ၂၅-၁-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရန် ပဏာမရွေးချယ်ထားသူများသည် ၂၅-၁-၂၀၂၂ ရက်နေ့မှ ၃၀-၁-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့၌ ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ)

B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)

B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ** အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)**နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (အထက်တန်း သူနာပြု/ ကျွမ်းကျင်သူ (ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါကမိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၂) ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊သတ္တုတွင်းဦးစီးဌာနမှ အောက်ဖော်ပြပါအတိုင်း ကတ်သုတ်ကြေးနီ (၁၆၀၈.၅၇၄)မက်ထရစ်တန်၊ (11) Lotsအားအမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) ကတ်သုတ်ကြေးနီ(၁၀၈.၅၇၄)မက်ထရစ်တန်ဖြင့် (1)Lot ရန်ကုန်၊ အီဒင်ဂိုဒေါင်

(ခ ကတ်သုတ်ကြေးနီ (၁၀၀) မက်ထရစ်တန်ဖြင့် (5)Lots ရန်ကုန်၊ အီဒင်ဂိုဒေါင်

(ဂ) ကတ်သုတ်ကြေးနီ (၂၀၀) မက်ထရစ်တန်ဖြင့် (5)Lots ရန်ကုန်၊ အီဒင်ဂိုဒေါင်

၂။ ကတ်သုတ်ကြေးနီများ၏ကြမ်းခင်းဈေးကိုတင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange) ပါ ကတ်သုတ်ကြေးနီ တစ်မက်ထရစ်တန်ဈေးနှုန်း (Unknown Price) အပေါ်တွင်အခြေခံ၍သတ်မှတ်မည်ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား(LME+Premium)ဖြင့် တင်သွင်းရမည်ဖြစ်ပြီးPremium ကြေးအများဆုံး ပေးသွင်းနိုင်သည့် တင်သွင်းသူကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်မှာ ၁၁.၁.၂၀၂၂ ရက်နေ့၊မွန်းလွဲ(၁၄:၀၀)နာရီဖြစ်ပြီးယင်းနေ့ ညနေ(၁၅:၀၀) နာရီတွင် အိတ်ဖွင့်တင်ဒါများဖွင့်ဖောက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသောအချက်အလက်များရှိပါကဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၀၆၇- ၃၄၀၉၃၇၈ နှင့် ၀၆၇- ၃၄၀၉၃၇၂ တို့သို့ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂(အောက်တိုဘာလမှ မတ်လအထိ) (၆)လ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာနလက်အောက်ရှိ သာကေတစက်ရုံနှင့် သီလဝါစက်ရုံတို့တွင် အသုံးပြုရန် ဒီဇယ်ဆီ ဂါလန်(၁.၈)သန်းအား (မြန်မာကျပ်ငွေ)ဖြင့် **(DDP At Site)**ဝယ်ယူရန် **အိတ်ဖွင့်တင်ဒါ** ခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.12/ EPGE/2021-2022 | သာကေတစက်ရုံအတွက် ဒီဇယ်ဆီ (၅၄၇,၂၀၀)ဂါလန်နှင့် သီလဝါစက်ရုံအတွက် ဒီဇယ်ဆီ (၁,၂၅၂,၈၀၀)ဂါလန်များ ဝယ်ယူခြင်း။ |

၂။ ဝယ်ယူမည့် ဒီဇယ်ဆီ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ **(လူကိုယ်တိုင်)**လာရောက်တင်သွင်းရမည်။

၃။ တင်ဒါပိတ်ရက် ၁၂-၁-၂၀၂၂ ရက်၊ (၁၃:၀၀)နာရီ

၄။ တင်ဒါပုံစံအား ၁၄-၁၂-၂၀၂၁ ရက်မှ စတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ(ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ စီမံကိန်းနှင့်လွတ်ကင်းမှုမရှိသည့် ရွှေတိဂုံဘုရားလမ်းဘက်ရှိ အဝတ်လျှော်ရုံ အဆောက်အဦဟောင်း၊ အမှိုက်ကန်၊ အနော်ရထာလမ်းဘက်ရှိ ဝန်ထမ်းအိမ်ရာ အမှတ်(၁)နှင့် အမှတ်(၂)မှ မီးဖိုဆောင်တို့အား ဖျက်သိမ်းရန်(ဖြိုဖျက်ရောင်းချရန်)ရှိပါသဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ အိတ်ဖွင့်လေလံခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်လေလံလျှောက်လွှာ ရောင်းချမည့်နေ့ - ၁၀-၁၂-၂၀၂၁ (သောကြာနေ့)

လျှောက်လွှာပိတ်မည့်နေ့ - ၂၃-၁၂-၂၀၂၁ (ကြာသပတေးနေ့) ၁၆:၀၀ နာရီ

၃။ အိတ်ဖွင့်လေလံခေါ်ယူခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**ကိုမင်းသူ** အိမ်/ခြံ/မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်း မြေကွက်များ ရောင်း/ဝယ်လိုပါသည်။**Ph:0943025530**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ ယုဝတီလမ်း၊ မြေကွက်အမှတ်(၄၀၀)၊ ဒေါ်မြရွှေ အမည်ပေါက်မြေချပါမစ်၊ မြေအကျယ်အဝန်း (အလျားပေ ၄၀xအနံပေ ၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း မြေအကျယ်အဝန်း ပေ(၁၀x၆၀)နှင့် ခြေရင်းခြမ်းမြေ ပေ(၁၀x၆၀)မပါဝင်ဘဲ အလယ်ခြမ်း မြေအကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်နိုင်[၁၂/ဒဂရ(နိုင်)၀၃၄၉၆၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းသူ[၁၂/ဒဂမ(နိုင်)၀၁၅၅၄၇] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးပြည့်ဖြိုးသူ(LL.B)** — **ဒေါ်ရည်မွန်ထူး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၁၄၀)** — **အထက်တန်းရှေ့နေ(စဉ်-၄၆၁၆၅)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၄၄၉၈၆၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊လူနေရပ်ကွက်အမှတ်-သုဝဏ္ဏ၊မြေတိုင်းရပ်ကွက်အမှတ်-၂၉သုဝဏ္ဏ(လုံးချင်း)၊ခွန်နီ(၃)လမ်း၊မြေကွက်အမှတ်(၁၀၅)၊ဧရိယာ(၀.၀ရ၈)ဧက၊မြေအကျယ်အဝန်း(၃၄၃၃.၅)စတုရန်းပေရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင်ဒုတိယမိုလ်မှူးကြီးသန်းတင်(CG-081347) (၁၃/လရန(နိုင်)၀၀၄၄ရ၀)အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီးအမည်ပေါက်ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏အမွေဆက်ခံပိုင်ခွင့်ရှိသူသားသမီးများဖြစ်ကြသော(၁)ဒေါ်သီသီတင်(ခ)သူသူသန်းတင်(၁၂/သဃက(နိုင်)၀၀၈၉၀၂)၊(၂)ဒေါ်နီနီတင်(၁၂/သဃက(နိုင်)၀၀၈၈၂၅)၊(၃)ဒေါ်အိအိတင် (၁၂/သဃက(နိုင်)၀၀၈၉၃၆)၊(၄)ဦးဇော်မိုးတင်(၁၂/သဃက(နိုင်)၀၀ရ၉၈၂)တို့မှ အမွေဆက်ခံပိုင်ဆိုင် ကြောင်းကြေညာစာချုပ်အမှတ်(၅၀၈၇/၂၀၁၉)ဖြင့်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပြီးမိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြု၍ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန်စကားကမ်းလှမ်းလာရာကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည် အထိဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စုမြတ်မောင် (LL.B) ၊ (စဉ်-၁၆၅၅၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၈၁)၊(၃)ရပ်ကွက်၊သဇင်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၄၂၈၀၂၂၃၈၄ ၊ ၀၉ ၆၅၀၂၂၂၅၅၇**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ရပ်ကွက်၊ ဝေဠုဝန်(၇)လမ်း၊ အမှတ်-၁၃၊ ပထမထပ်(ဘယ်+ညာ)(2B+2C)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၈'x၃၅')ရှိ တိုက်ခန်း၂ ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

၁။ အထက်ရည်ညွှန်းလိပ်စာ ဖော်ပြပါတိုက်ခန်းကို အပိုင်ရောင်းချသူ ကိုမျိုးသီဟကျော်[၁၂/ကမရ(နိုင်)၀၆၀၃၂၇]က တရားဝင်ရောင်းချလွှဲပြောင်းခွင့်ရှိကြောင်း ကိုယ်တိုင်ဝန်ခံကတိပြု၍ ရောင်းချမည်ဟု ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူပြီး တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

၂။ ထိုတိုက်ခန်းရောင်းချလွှဲပြောင်းခြင်းကို မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာထည့်သွင်းပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးချစ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၄၅)**
**ရွှေစံမြတ် Law Firm General Service**
**အမှတ်-၃၁(မြေညီထပ်)၊ ၉-လမ်း၊ ၄-ရပ်ကွက်၊ လမ်းမတော်။**
**ဖုန်း-၀၉-၇၇၂၆၅၂၄၁၄**

## ဦးသောင်းထွန်း[၁၂/စခန(နိုင်)၀၄၄၅၄၁]မှ (၁၇-၁၁-၂၀၂၁ )ရက်စွဲ (ကြေးမုံသတင်းစာ)ပါ ဒေါ်သီတာအောင်နှင့် အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

(၁၇-၁၁-၂၀၂၁)ရက်ကြေးမုံသတင်းစာ၌ ဦးသောင်းထွန်းမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာအောင်နှင့်ပတ်သက်၍ မမှန်မကန်ရေးသားဖော်ပြကာ တစ်ဖက်သတ်ကြေညာခဲ့ခြင်းဖြစ်၍ ဦးသောင်းထွန်းတွင် တာဝန်ရှိမည်ဖြစ်ကြောင်းနှင့် အမှတ်(၁၁)၊ ၅ လွှာ၊ ခေါင်းရင်းခန်း၊ ပုညဝဓုနလမ်း၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်ရှိ တိုက်ခန်းအား (၉-၁-၁၉၉၉) ရက်နေ့တွင် ဝယ်ယူခဲ့သည့် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းအပေါ် ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာအောင်တွင်လည်း စီမံခန့်ခွဲပိုင်ခွင့်ရှိပါသည်။ ဦးသောင်းထွန်းသည် ဇနီးဖြစ်သူနှင့် သားသမီး(၂)ဦးပေါ်တွင်လည်း အမြဲပြဿနာရှာပြီး နှစ်ပေါင်းများစွာ အိမ်ထောင်ဦးစီးတာဝန် မကျေပွန်ပျက်ကွက်သည့်အပြင် မိသားစုအား စွန့်ပစ်၍ ထွက်ခွာသွားသည့် (၁)နှစ်ကျော်ကာလအတွင်းတစ်ပြားတစ်ချပ်မျှ မိသားစုအား ထောက်ပံ့ခြင်းမရှိခဲ့ပါ။ ဖော်ပြပါ လက်ထက်ပွား လင်မယားနှစ်ဦးပိုင် တိုက်ခန်းအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိသားစု ဂုဏ်သိက္ခာကျဆင်းမည့် မည်သည့်ကြေညာမှုမျိုးမှ ထပ်မံလုပ်ဆောင်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဦးသောင်းထွန်းတွင် တာဝန်အပြည့်အဝရှိမည်ဖြစ်ကြောင်း ဦးသောင်းထွန်းနှင့် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်သီတာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိဖြိုး (LL.B)** — **ဒေါ်ဖြိုးသန္တာသော်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၂၈၅/၂၀၁၈)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၄၅/၂၀၁၇)**
**တိုက်-၁/A၊ ပုညဝဓုနလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-09-452222309၊ 09-420044275**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၃၅) ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦမှ ပေ(၁၂½x၅၀) အကျယ်အဝန်းရှိ မြေညီထပ်(ခြေရင်း)တိုက်ခန်းအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်မောင်(LL.B,D.B.L)** — **ဒေါ်အိဖြိုးပိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈)** — **အထက်တန်းရှေ့နေ(စဉ်-၅၃၅၉၃)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၅၀၃၉၈၄၁၁၊ ၀၉-၇၉၅၅၈၅၈၅၉**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အ.ထ.က(၃)သန်လျင်၊ န၀မတန်း(B)မှ မခိုင်နွေဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထွဋ်[၁၂/တတန(နိုင်)၁၃၀၀၂၆]ဖြစ်ပါကြောင်း။

**ဦးမင်းမင်းထွဋ်**

## ဖခင်အမည်မှန်

ချင်းရွှေဟော်မြို့၊ အထကကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသည့် မချင်းချင်း၏ ဖခင်အမည်မှန်မှာ ဦးရှောက်တီး ဖြစ်ပါကြောင်း။

**ဦးရှောက်တီး**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အထက(ခွဲ)၊ ကလော့ကြီး၊ Grade(9)မှ ကျောင်းဝင်အမှတ် (၄၄၇၁)၊ မထွေးငယ်လေး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ပန်း[၁၀/ရမန(နိုင်)၁၃၈၉၅၂]ဖြစ်ပါကြောင်း။

**ဒေါ်ခင်ပန်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အထက (အာယုတောင်)၊ Grade-10 (စနစ်သစ်)မှ မကေဇင်သွယ်၏ဖခင်အမည်မှန်မှာ ဦးဝင်းလှ [၁၀/ကထန(နိုင်)၀၉၅၁၆၄] ဖြစ်ပါကြောင်း။

**ဦးဝင်းလှ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အလက (ကော့လှိုင်)၊ Grade(8)မှ မောင်သန်းဝင်းဦးနှင့် Grade(4)မှ မဝါဦးတို့၏ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်ဦး[၁၀/ရမန(နိုင်)၀၁၈၃၇၄] ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင်ဦး**

## ကွန်ဒိုတိုက်ခန်း အမြန်ငှားမည်

ရန်ကင်း၊ မိုးကောင်းလမ်းမပေါ်ရှိ (1600 sqft)အကျယ်ရှိ(၄)လွှာ တိုက်ခန်း

**ဖုန်း-09-974585754**
**09- 253288974**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၆/အင်းဝအိမ်ရာ၊ မြေကွက်အမှတ်C.၄၈၊ မြေကွက်တည်နေရာအမှတ်(C.၄၈) TOSTA အိမ်ရာ (၆၆) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းဦးဇော်မင်း[၁၂/ကမရ(နိုင်)၀၃၉၄၃၅]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးဇော်မင်း(ခင်ပွန်း)ဖြစ်သူ ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်စမ်းစမ်းဦး [၁၂/မဂတ(နိုင်)၀၀၅၂၁၆]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၄၉၇(၂၈-၉-၂၀၂၁) အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ခင်ပွန်းဖြစ်သူ၏ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၃)ထပ်တိုက်ရှိပြီး လူမနေသော့ဖွင့်ပြ၍ ပိုင်ဆိုင်/အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ အင်းဝအိမ်ရာ၊ မြေကွက်အမှတ်(A-၈၃)၊ မြေကွက်တည်နေရာအမှတ်(A-၈၃)၊ အင်းဝအိမ်ရာ၊ TOSTA (၆၆)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးဇော်မင်း[၁၂/ကမရ(နိုင်)၀၃၉၄၃၅] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်မြေအား ဂရန်မြေအမည်ပေါက် ဦးဇော်မင်း(ခင်ပွန်း)ဖြစ်သူ ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်စမ်းစမ်းဦး[၁၂/မဂတ(နိုင်)၀၀၅၂၁၆]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ် - ၂၅၀၀(၂၈-၉-၂၀၂၁)၊ အသိသက်သေ (၂)ဦး၏ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ခင်ပွန်းဖြစ်သူ၏ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ကြောင်း တင်ပြ၍ ပိုင်ဆိုင်၊ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ဧရာဝတီလမ်း၊ မြေကွက်အမှတ်(၂၅)၊ (၉၆x ၃၄၀)ပေအကျယ်ရှိ (ဦးလှအောင်- ဒေါ်ငွေကြည်) တို့ပိုင်ဆိုင်သော ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဟန်မင်းအေး[၁၂/မဂဒ(နိုင်) ၀၈၈၂၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်ဦး[၁၂/မဂဒ(ပြု)၀၀၀၇၅၁]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်မွန်** — **ဦးသုထက်ကျော်လွင်** — **ဒေါ်ကြည်လပြည့်ဝန်း**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ** — **အထက်တန်းရှေ့နေ**
**(စဉ်-၁၀၆၀၅/၂၀၁၅)** — **(စဉ်-၄၉၅၀၂/၂၀၁၈)** — **(စဉ်-၅၁၉၂၄/၂၀၁၉)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**
**(၆)ရပ်ကွက်၊ (၈)မိုင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၆၁၅၊ မြေကွက်တည်နေရာအမှတ်-၆၁၅-အင်ကြင်းလမ်း၊ ၃၄ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဖားခွေးနက်(HBE-၀၄၂၅၀၄)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးဖားခွေးနက် ပိုင်ဆိုင်သော ၄၁'.၆"x၆၀'မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း ၂၄'.၆"x၆၀'အား ဦးဖားခွေးနက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၄၆၁/၂၀၁၂(၂၇-၁-၂၀၁၂)ဖြင့် ဝယ်ယူသူ ဦးလှဝင်း[၁၂/မဂတ(နိုင်)၀၇၆၀၅၁]မှ ဝယ်ယူခဲ့ပါသည်။ ထို့နောက် ဂရန်အမည်ပေါက် ဦးဖားခွေးနက် ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သင်း[၁၂/လမန(နိုင်)၀၇၂၂၄၆]မှ တရားဝင်ရောင်းချပြီး ကျန်ရှိမြေနှင့် အကျိုးခံစားခွင့်တို့အား မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်းနှင့် ဦးဖားခွေးနက်နှင့် ဦးစောဖားခွေးနက်မှာ လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတည်းသာဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးစောဖားခွေးနက်သည် လှိုင်းဘွဲ့မြို့နယ်၊ အင်းနို့သိပ္ပံကျေးရွာအုပ်စု၊ စိန္တာကျေးရွာတွင် သေဆုံးသည်မှာ မှန်ကန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၏ထောက်ခံချက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၏သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ အမည်ပေါက် ဦးဖားခွေးနက်၏ ဇနီးဒေါ်သင်း [၁၂/လမန(နိုင်)၀၇၂၂၄၆] မှ ပူးတွဲပိုင်ရှင် ဦးလှဝင်း(ကိုယ်စား) GP အမှတ်-၁၂၄၉၆/၂၀၁၁(၇-၇-၂၀၁၁)ရသူ ဒေါ်သီတာဝင်း[၁၂/မဂတ(နိုင်)၀၆၉၁၃၃]နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံမြေရာဇဝင်(၁)စုံ၊ အရောင်းအဝယ်စာချုပ်ရန် မြေပုံမြေရာဇဝင်(၂)စုံ၊ မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ တိုက်အမှတ် (၄၉)၊ လေးလွှာ(A)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ယနေ့အပိုင်ရောင်းချသူ ဒေါ်ဌေးဌေးရီ[၁၂/သဃက(နိုင်)၀၅၁၀၅၁]မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဝန်ခံကတိပြုပြီး အထက်ဖော်ပြပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မိမိသာလျှင် ရောင်းချခွင့်ရှိကြောင်း ထပ်လောင်းဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မယဉ်ယဉ်နုရွှေမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးပိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများ ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စအဝဝအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မယဉ်ယဉ်နုရွှေ**
**အမှတ်(၁၇)၊ ဇမ္ဗူသီရိလမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**Ph:09-43209492**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ ရတနာလမ်းပေါ်တွင် တည်ဆောက်ထားသော MaLikha Condominium Tower-A, Level-6, Unit Type (A5)၊ အခန်းအမှတ်(605)၊ ဧရိယာ(၁၂၆၂) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းအတွင်းရှိ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်တကွ ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသည့် ဦးကျော်အောင်[၁၂/မရက(နိုင်)၀၈၁၀၁၄]နှင့် ဒေါ်ကေသီမမ[၁၂/ဥကတ(နိုင်)၀၄၈၃၃၄]တို့မှ ပူးတွဲပိုင်ဆိုင်၍ အရှုပ်အထွေးကင်းရှင်းကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ယုံကြည်စွာဖြင့် ဝယ်ယူရန်သဘောတူညီခဲ့သည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူများထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**၁၂၉၇(အေ)၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မိမိကြီး
(ကထိက-ငြိမ်း၊ စီးပွားရေးတက္ကသိုလ်)
ပညာရေးစီမံကိန်းမှူး(ငြိမ်း)
မြန်မာနိုင်ငံပညာရေးသုတေသနဌာန
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၅/စီ)နေ (ဦးငွေဒု-ဒေါ်ခင်ဦး)တို့၏သမီး၊ ဒုတိယဝန်ကြီးချုပ်(ငြိမ်း) (ဦးရဲခေါင်)၏ဇနီး၊ ဦးရဲမြတ်စိုး(A bank)-ဒေါ်ဥမ္မာအောင် တို့၏မိခင်၊ (မောင်အောင်ရဲမြတ်)၊ မောင်ထက်ဘုန်းမြတ်(ဒါရိုက်တာ၊ ရောဟသံာဟိုလ်ဒင်းစ်ကုမ္ပဏီလီမိတက်)၊ မခြူးခင်ခင်(သတင်းအချက်အလက်နည်းပညာတက္ကသိုလ်) တို့၏ ချစ်လှစွာသော အဘွားသည် ၁၂-၁၂-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၂၁ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မိမိကြီး
(ကထိက-ငြိမ်း၊ စီးပွားရေးတက္ကသိုလ်)
ပညာရေးစီမံကိန်းမှူး(ငြိမ်း)၊
မြန်မာနိုင်ငံပညာရေးသုတေသနဌာန
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၅/စီ) နေ (ဦးငွေဒု-ဒေါ်ခင်ဦး)တို့၏သမီး၊ [ဦးသန့်ညွန့် (အင်ဂျင်နီယာ-ဆည်/မြောင်း)]-ဒေါ်အဝင်းတို့၏ ညီမ၊ ဦးရဲတင့် (လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)-[ဒေါ်သန်းတန်(ဦးစီးမှူး-ငြိမ်း၊ပျားမွေးမြူရေး]၊ ဦးသန်းထွန်း(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်အေးအေးမြင့်(ဒု/ညွှန်-ငြိမ်း၊ စီမံကိန်းဝန်ကြီးဌာန)၊ [ဦးအောင်ခင်(စက်မှုလယ်ယာဦးစီးဌာန)- ဒေါ်အေးအေးတင့်(ဆည်/မြောင်း)]၊ ဦးလှမော်(အင်ဂျင်နီယာ-ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးမြဇော်(စာချုပ်စာတမ်းမှတ်ပုံတင်ဌာန)- ဒေါ်ခင်စိုးမူ၊ ဦးကြည်လင်(New Asia Shipping)-ဒေါ်တင်တင်ထွေး(လ/ထ မန်နေဂျာ-ငြိမ်း၊ မြန်မာ့ပုလဲ)၊ ဗိုလ်မှူးမြင့်ဆွေ(ငြိမ်း)- ဒေါက်တာကြည်ကြည်ခင်(ပါမောက္ခ-ငြိမ်း၊ သတ္တဗေဒဌာန)တို့၏ ချစ်လှစွာသော အစ်မကြီးသည် ၁၂-၁၂-၂၀၂၁ (တနင်္ဂနွေနေ့) နံနက်၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၂၁ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဝမ်းနည်းစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မိမိကြီး
(ကထိက-ငြိမ်း၊ စီးပွားရေးတက္ကသိုလ်)
ပညာရေးစီမံကိန်းမှူး(ငြိမ်း)၊
မြန်မာနိုင်ငံပညာရေးသုတေသနဌာန
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၅/စီ)နေ ဦးရဲမြတ်စိုး(A bank)-ဒေါ်ဥမ္မာအောင်တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၂-၁၂-၂၀၂၁(တနင်္ဂနွေနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် အတူဝမ်းနည်းကြေကွဲရပါသည်။ မိခင်ကြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် BOD အဖွဲ့ဝင်များ
A bank

အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း(MASK) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းအောင်
(အငြိမ်းစား လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် အထွေထွေမန်နေဂျာ၊ ကမ္ဘောဇဘဏ်လီမိတက်)
အသက်(၈၇)နှစ်
ရန်ကုန်မြို့

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(ရုပ်မြင်) ဒေါ်မိုးသူဇာအောင်၏ ချစ်လှစွာသောဖခင် ဦးသိန်းအောင်(အငြိမ်းစား လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် အထွေထွေမန်နေဂျာ၊ ကမ္ဘောဇဘဏ်လီမိတက်)သည် (၁၂-၁၂-၂၀၂၁)ရက်နေ့၊ ည (၂၁:၀၅)အချိန်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှလှရီ
အသက်(၆၉)နှစ်

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာ မို့မို့ရီ၏ချစ်လှစွာသောအစ်မ ဒေါ်လှလှရီ (လက်ထောက်ညွှန်ကြားရေးမှူး၊ ဗဟိုဘဏ်၊ ငြိမ်း)နှင့် ဒုအထွေထွေမန်နေဂျာ(A. Bank ) (ငြိမ်း)သည် ၁၂-၁၂-၂၀၂၁ရက် နံနက် ၄:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်
ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ
သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

သွေးသည်အသက်

ဒေါက်တာ ဦးညီညီ
UNICEF-ညွှန်ကြားရေးမှူး(ငြိမ်း)
အသက်(၉၁)နှစ်

ဝါးခယ်မမြို့နေ(ဦးကျင်-ဒေါ်ညွန့်ရီ)တို့၏သား၊ အမရပူရမြို့နေ (ဦးသက်ဝေ-ဒေါ်ရင်မြ)တို့၏ သားသမက်၊ (ဒေါ်စိန်ရီ)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုပေါ်ထင်၊ Prof. ဒေါက်တာနှင်းခိုင်-Prof. Dr.David Goldman၊ Prof. ဒေါက်တာငြိမ်းငြိမ်း-Prof.Dr. Tim Spicer ၊ ကိုသန်းကျော်တို့၏ ချစ်လှစွာသောဖွေးသဖခင်ကြီး၊ Samuel Goldman, Benjamin Goldman, Joshua Goldman, Dominic Spicer, Clare Spicer တို့၏ ချစ်လှစွာသောအဘိုးသည် ၉-၁၂-၂၀၂၁ရက်တွင် နယူးယောက်မြို့၌ လူကြီးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါ၍ ၁၄-၁၂-၂၀၂၁ ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာဦးညီညီ
UNICEF-ညွှန်ကြားရေးမှူး(ငြိမ်း)
သတ္တုတွင်းဝန်ကြီး၊ ပညာရေးဒုဝန်ကြီး(ငြိမ်း)
အသက်(၉၁)နှစ်

ဝါးခယ်မမြို့နေ (ဦးကျင်-ဒေါ်ညွန့်ရီ)တို့၏သား၊ အမရပူရမြို့နေ (ဦးသက်ဝေ-ဒေါ်ရင်မြ)တို့၏ သားသမက်၊ (ဒေါ်စိန်ရီ)(ကထိက၊ ပထဝီဌာန-ငြိမ်း)၏ခင်ပွန်း၊ (ဦးရင်ဖေ)(မြို့နယ် ပို့/ဆက်-ငြိမ်း)၊ (ဦးလေးလွင်)(လက်ထောက်ညွှန်ချုပ်-ငြိမ်း၊ ရေအားလျှပ်စစ်)၊ Dr.ကြည်ဖေ(အရိုးကုဆရာဝန်ကြီး-ငြိမ်း)၊ Dr.ဦးဘိုးဖေ(သမားတော်ကြီး-ငြိမ်း)၊ Dr.ဦးထွန်းဖေ(ညွှန်မှူး-ငြိမ်း၊ ဆေးသုတေသန)၊ ဦးကွန်းဖေ (စာရင်းကိုင်ချုပ်-ငြိမ်း၊ သတ္တုတွင်း)၊ ဦးသန်းဖေ(ဒါရိုက်တာ-ငြိမ်း၊ လွယ်ဟိန်း)၊ ဦးဝင်းဖေ(အင်ဂျင်နီယာ-ငြိမ်း၊ ရေနံ)၊ ဒေါ်တင်တင်ဌေး(အထပြ-ငြိမ်း)တို့၏အစ်ကိုကြီး ဒေါက်တာဦးညီညီသည် ၉-၁၂-၂၀၂၁ ရက်တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၄-၁၂-၂၀၂၁ ရက်တွင် စကားဒေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၂-၂၀၂၁ ရက်တွင် ကျန်ရစ်သူမိသားစုမှ နယူးယောက်မြို့ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကမ္ဘာ့
အပူချိန်
လျှော့ချဖို့
အိုဇုန်းလွှာ
ကာကွယ်မှု
နဲ့အတူ
ဆက်လက်
ဆောင်ရွက်
စို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ဌေး(ရန်ကင်း)
B.Sc.(Forestry)(1982-batch)
M.A.(Social Science);Chiang Mai University (Thailand);[CDD Project(Consultant); Former UNDP,FAO]
အသက်(၆၂)နှစ်

သူငယ်ချင်း ဦးခင်မောင်ဌေးသည် ၁၁-၁၂-၂၀၂၁ (စနေနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများ နှင့်ထပ်တူ၊ ထပ်မျှ အထူးဝမ်းနည်း ကြေကွဲခြင်းဖြစ်ရပါသည်။

၁၉၈၂-ခုနှစ်၊ B.Sc.(Forestry)ဘွဲ့ရသူငယ်ချင်းများ

ဒေါ်လှလှရီ
BA.(Eco),DA
လက်ထောက်ညွှန်ကြားရေးမှူး၊ ဗဟိုဘဏ်(ငြိမ်း)
ဒုတိယအထွေထွေမန်နေဂျာ(A-Bank)(ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ (၈၂)ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်နေ [ဦးကိုကိုကြီး (အငြိမ်းစား၊ စာရင်းကိုင်အရာရှိ)]-ဒေါ်တင်ကြည်တို့၏သမီးလတ်၊ [ဦးဝင်းထွဋ်(ကြီးကြပ်ရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း)]-ဒေါ်ကြည်ကြည်ညွန့်(အလုပ်ရုံခွဲမှူး၊ စက်မှု-၁)၊ (ဦးအောင်သန့်)-ဒေါ်အေးအေးကြည်(စာရင်းစစ်မှူး-စာရင်းစစ်ချုပ်ရုံး) တို့၏ညီမ၊ (ဒေါ်စန်းစန်းရီ)၊ ဦးဌေးလှိုင်(အငယ်တန်းလက်ထောက်၊ သစ်အခြေခံစက်မှုလုပ်ငန်း-ငြိမ်း)၊ ဒေါက်တာ မင်းထွဋ်(တိ/မွေးကု)-ဒေါ်ခင်တင့်၊ ဒေါက်တာမို့မို့ရီ (ပါမောက္ခချုပ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်-စစ်ကိုင်း)၊ ဦးကျော်ကျော်ထွဋ်၊ ဦးစိုးနိုင်-ဒေါ်ဆွေမာဝင်း (ဗဟိုဘဏ်)တို့၏ချစ်လှစွာသော အစ်မ၊ ဦးသက်အောင်သန့် (ဦးစီးအရာရှိ-မြို့ပြ) (ကျေးလက်/လမ်း)-ဒေါ်တင့်ယဉ်ဖုန်း၊ ဦးရဲအောင်သန့် (ကြီးကြပ်ရေးမှူး၊ AYA Bank)-ဒေါ်ချောသိင်္ဂီနွယ်(လက်ထောက်မန်နေဂျာ၊ Amarapura Maritime Services Co.,Ltd.)၊ မောင်ဉာဏ်မင်းထွဋ်၊ မောင်စိုးလင်းထွဋ်တို့၏ချစ်လှစွာသော အဒေါ်သည် ၁၂-၁၂-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၄:၁၅နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၂၁ရက် နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး၊ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် ဓီတာမျေားများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။




သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒိုက်ဦးမြို့နယ်၊ ဖော်တော်သီကျေးရွာ၊ ရွာမခြောက်အိမ်စုဝိုင်းနေ မိဘများဖြစ်ကြသော ဦးအောင်ကျော်မိုး[၇/ဒဥန(နိုင်)၀၂၅၀၈၃]၊ ဒေါ်သီတာဝင်း[၇/ဒဥန(နိုင်) ၁၁၁၆၁၅]တို့၏သားကြီး မောင်ဖြိုးသူနှင့် သားလတ် မောင်ပြည့်ဘုန်းကျော်[၇/ဒဥန(နိုင်) ၁၆၆၄၀၈]တို့သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မခံယူ၊ မိဘတို့မကြိုက်သော ကိစ္စရပ်များကို ပြုမူ၊ မိဘတို့ကို ပြုစုစောင့်ရှောက်ခြင်း လုံးဝမရှိသည့်အပြင် နေ့စဉ် ကိုယ်စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်ခြင်းဖြစ်၍ ယနေ့မှစ၍ ၎င်းတို့နှစ်ဦးအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းတို့နှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူကြောင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်မိုး-ဒေါ်သီတာဝင်း

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြေးမုံ ယနေ့ ဖတ်စရာ


**ခေတ်မီလာသော လောင်းကစားခြင်းကို ဘယ်လိုထိန်းချုပ်ကြမလဲ**

စာမျက်နှာ » ၁၀

**အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း သူနာပြုဆရာမ တစ်ဦးအပါအဝင် အပြစ်မဲ့ ပြည်သူအချို့ သေဆုံး/ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၄

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၄၃ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၂

**ဂျပန်ဈေးကွက်မှာ မျက်နှာပန်းလှစွာ အရောင်းသွက်နေတဲ့ မြန်မာ့ကော်ဖီ**

စာမျက်နှာ » ၂၅


# မိုးကုတ်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော PDF အကြမ်းဖက်အဖွဲ့များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ





၃-၁၂-၂၀၂၁ ရက်တွင် ကျောက်လုပ်ကွက်ဟောင်းအနီး တောင်ယာတဲတွင် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများအား နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိရာ အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူများ၏သတင်းပေးချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် မိုးကုတ်မြို့ လယ်ဦးရပ်ရှိ **မိညောင်(ခ)ညီညီအောင်**၏ နေအိမ် တွင် မိုးကုတ် PDF အကြမ်းဖက်အဖွဲ့ဝင်များရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ တရားခံ **အောင်ကိုဝင်း** (၂၀)နှစ်အား KA-25 သေနတ် ခြောက်လက်၊ ကျည်အိမ် ခုနစ်ခု၊ ကျည်တောင့် ၂၅၀၊ ကြိုးဆွဲလက်ပစ်ဗုံး နှစ်လုံး၊ စစ်ချပ်ဝတ် ခြောက်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံ **အောင်ကိုဝင်း**၏ ထွက်ဆိုချက်အရ မိုးကုတ်မြို့ လယ်ဦးကျေးရွာ သံလွင်တောင်ရပ်ရှိ တောင်ယာတဲ၌ KA-25 သေနတ် နှစ်လက်အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○**

## အာဖရိကဘောလုံးလောကရဲ့ ဂန္ထဝင်တိုက်စစ်မှူးဟောင်း ဆန်မျူရယ်အီတူး ကင်မရွန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ




ကင်မရွန်းနိုင်ငံ လက်ရွေးစင်အသင်းရဲ့ ကစားသမားဟောင်း တစ်ဦးဖြစ်တဲ့ ဆန်မျူရယ်အီတူးဟာ ဒီဇင်ဘာ ၁၁ ရက်မှာ ကင်မရွန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရပြီဖြစ်ပါတယ်။

အာဖရိကတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို လေးကြိမ်အထိရရှိခဲ့ဖူးတဲ့ တိုက်စစ်မှူး ဆန်မျူရယ်အီတူးဟာ ကင်မရွန်းဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ အာဖရိကဘောလုံးအဖွဲ့ချုပ်ရဲ့ လေးဦးမြောက် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေတဲ့ အမ်ဘွန်ဘို အင်န်ဂျီယာကို အနိုင်ရရှိကာ ကင်မရွန်း

**စာမျက်နှာ ၂၆ ကော်လံ ၄ သို့ ✻**

## ကျောက်မဲမြို့ရှိ မြို့နယ်ပညာရေးမှူးရုံးအား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားသူများကို ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၂

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ဆည်းကပ်ရာ ရဟန်းသံဃာတော်များ၊ အနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ အေးချမ်းစွာနေထိုင်သော ပြည်သူများကို ရက်စက်ယုတ်မာစွာ အကြမ်းဖက်သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခြေခံအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အစိုးရရုံးဌာနများ၊ အများပြည်သူနှင့်သက်ဆိုင်သော စီးပွားရေးအဆောက်အအုံများ၊ နေအိမ်အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

**ပစ်ပေါက်၍ ထွက်ပြေးသွား**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မြို့နယ်ပညာရေးမှူးရုံးအား အကြမ်းဖက်သမား လေးဦးသည် မော်တော်ဆိုင်ကယ် နှစ်စီးဖြင့် ရပ်ကွက်(၈)ဘက်မှ ရောက်ရှိလာပြီး လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်၍

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ●**